စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# ဒဂုန်တာရာ

ဒဂုန်တာရာ၊ မောင်လင်းထက်၊ မောင်သစ္စာ၊ ဗညားနွဲ့၊ မောင်စိမ်းမြ ကလောင်များ

## စစ်နှင့်ငြိမ်းချမ်းရေး မျက်နှာစာများ



mgyoe.com

ဒဂုန်တာရာ၊ မောင်လင်းထက်၊ မောင်သစ္စာ၊ ဗညားနွဲ့၊ မောင်စိမ်းမြကလောင်များ



ISBN 9789997115034
DGT18
9 789997 115034
4,000.00KS

mgyoe.com

စစ်နှင့်ငြိမ်းချမ်းရေးမျက်နှာစာများ၊ ဒဂုန်တာရာ
မျက်နှာဖုံးပန်းချီ - လင်းဝဏ္ဏ
စာမျက်နှာ ၃၁၁ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၄၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# စစ်နှင့်ငြိမ်းချမ်းရေး မျက်နှာစာများ

## ဒဂုန်တာရာ

(ဒဂုန်တာရာ၊ မောင်စိမ်းမြ၊ မောင်လင်းထက်၊ မောင်သစ္စာ၊ ဗညားနွဲ့ ကလောင်များဖြင့် ရေးခဲ့သောစာများ)

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

## စစ်နှင့်ငြိမ်းချမ်းရေး မျက်နှာစာများ

[ ဒဂုန်တာရာ ]


၁။ စစ်နှင့်တော်လှန်ရေး ၂
၂။ ငြိမ်းချမ်းရေးခံစားမှုအစ ၉
၃။ ငြိမ်းချမ်းရေးအမြင် ၁၅
၄။ စည်းရုံးရေးပုံသဏ္ဍာန်နှင့် လူထုဆန္ဒ ၂၁
၅။ နှစ်ခြမ်းကွဲနေသောကမ္ဘာ ၂၈
၆။ ပညာရှင်နှင့် ငြိမ်းချမ်းရေးစိတ်ဓာတ် ၃၃
၇။ လူထုလှုပ်ရှားမှုနှင့် ငြိမ်းချမ်းရေး ၄၁
၈။ ပြည်တွင်းအမျိုးသားဝါဒနှင့် ပြည်ပနိုင်ငံတကာရေးရာဝါဒ ဆက်စပ်သလော ၄၇
၉။ ကမ္ဘာ့ငြိမ်းချမ်းရေး စည်းရုံးရေးသစ်သို့ ၅၁
၁၀။ လက်နက်ဖျက်သိမ်းရေးလော–အမျိုးသားလွတ်လပ်ရေးလော ၅၄
၁၁။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် အမျိုးသားလွတ်လပ်ရေး ၅၉
၁၂။ ညီညွတ်ရေး ငြိမ်းချမ်းရေး ၆၂
၁၃။ စစ်မဲ့ကမ္ဘာ ၆၆
၁၄။ ၂၁ ရာစုကို ဘယ်လိုကြိုကြမည်လဲ (၁+၂+၃+၄+၅+၆+၇) ၇၂
၁၅။ လူထုထံမှ ပညာယူရေး ၈၉
၁၆။ ဒီမိုကရေစီရေး၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဆိုရှယ်လစ်ရေး ထာဝစဉ်ငြိမ်းချမ်းရေး ၉၃


mgyoe.com

mgyoe.com


၁၇။ ဒီမိုကရေစီနဲ့ဆိုရှယ်လစ် ဘယ်လိုဆက်လဲ ၉၇

၁၈။ ဒီမိုကရေစီအစဉ်အလာနှင့် ပြည်သူ ၁၀၁

၁၉။ နယ်ချဲ့ဆန့်ကျင်ရေး၏ အဓိပ္ပာယ် ၁၀၅

၂၀။ ဒီမိုကရေစီဆိုရှယ်လစ်နဲ့ ဆိုရှယ်လစ်ဒီမိုကရေစီ
ဘာခြားသလဲ ၁၀၈

၂၁။ ကျွန်တော်နားလည်သော လုပ်အားတန်ဖိုး၏အဓိပ္ပာယ် ၁၁၂

၂၂။ ပြည်သူ့လွတ်လပ်ရေးနှင့် တိုင်းပြည်တိုးတက်ရေး
၉၄ နှစ်ပြည့် မွေးနေ့အကြို ၁၁၆

၂၃။ လွတ်လပ်ရေးနှင့် စာပေ ၁၁၈

၂၄။ လှိုင်းဂယက်၏အရှိန် ၁၂၂

၂၅။ မတ်လတော်လှန်ရေး ၁၂၈

၂၆။ ကိုမြို့မှာ နှစ်သစ်ကူး ၁၃၅

၂၇။ နဂါးတွင်းပလောင်မြေ ၁၄၀

၂၈။ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ)
ဟီရိုရှီးမားနေ့ ကြေညာချက် ၁၄၅

၂၉။ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) ရန်ကုန်မြို့။
ဗီယက်နမ်၊ လော၊ ကမ္ဘောဒီးယားအရေးနှင့်ပတ်သက်၍
ကြေညာချက် ၁၄၇


## ပင်လယ်ဖြတ်သန်း တောင်တန်းကိုကျော်၍

[ မောင်စိမ်းမြ ]


၁။ နွေဦးအကြို ၁၅၀

၂။ အတိတ်မှအရိပ် ၁၅၅

၃။ ညင်းလေသွေးတော့ ၁၆၀

၄။ ငြိမ်းချမ်းရေးနှင့် ဤကမ္ဘာ ၁၆၇

၅။ ကမ္ဘာ့ငြိမ်းချမ်းရေးထိန်းသိမ်းသော လောကပါလမှုကြီးများ ၁၇၁

၆။ ကုလသမဂ္ဂတွင် ပြည်သူ့တရုတ်ပြည်၏ ခေါင်းဆောင်မှုအခန်း ၁၇၄


mgyoe.com

mgyoe.com

၇။ အာရှရှိ နယ်ချဲ့ကျူးကျော်ရေးသမားတို့ တိုးဝင်ရာ မလွယ်ပေါက်များ ၁၇၇

## နိုင်ငံတကာစစ်တမ်း

[ မောင်လင်းထက် ]


၁။ ကွန်မြူနစ်လွန်ခေတ် ရောက်ပြီလော ၁၈၂

၂။ ခြောက်သွေ့နေသော သစ်ကိုင်းများ ၁၈၇

၃။ အရှေ့နှင့်အနောက် ၁၉၃

၄။ သမိုင်းခေတ်ကြီးနှင့် သမိုင်းခေတ်လွန် ၁၉၈

၅။ စစ်အေးလွန်ခေတ်၏ ကြေး(ဂျီး)ညှော်အနံ့များ ၂၀၄

၆။ ကုလသမဂ္ဂနှင့် ငြိမ်းချမ်းရေး ၂၀၉

၇။ အတိတ်မှ အနာဂတ်အကြမ်းဖက်မှုမှ ငြိမ်းချမ်းရေး ၂၁၄

၈။ ငြိမ်းချမ်းစွာဖြေရှင်းရေး နိုင်ငံတကာဝါဒ ၂၁၈

၉။ ဇန်ဘီယာမှ နိုင်ငံရေးယဉ်ကျေးမှု ၂၂၄

၁၀။ သော့ဖွင့်မရသော ပြဿနာများ ၂၃၀

၁၁။ အကြမ်းဖက်မှုကို ဘယ်လိုတားဆီးမလဲ ၂၃၆

၁၂။ အချစ်နှင့်အမုန်းဇာတ်ညွှန်း ၂၄၃

၁၃။ အဏုမြူတစ္ဆေနှင့် ငြိမ်းချမ်းရေး ပြဿနာနှင့် လက်နက် ၂၄၈

၁၄။ အဏုမြူတစ္ဆေ ဝေလေလေ ၂၅၃

၁၅။ စစ်အေးလွန်ခေတ် လှိုင်းဂယက်များ ၂၅၆

၁၆။ စစ်အေးလွန်ခေတ်၏ လှိုင်းဂယက်များ (၂) ၂၆၁

၁၇။ ငြိမ်းချမ်းရေးတိုက်ပွဲ ၂၆၆

၁၈။ ခေတ်တစ်ခေတ်၏ ဆည်းဆာရောင် ၂၇၃

၁၉။ ၁၉၉၄ နှစ်သစ်ဘယ်လဲ ၂၇၉

၂၀။ လမ်းဆုံ လမ်းခွ ၂၈၆

၂၁။ ပူးပေါင်းဆောင်ရွက်ရေးလော ဝင်ရောက်စွက်ဖက်ရေးလော ၂၉၁

၂၂။ ကမ္ဘာလုံးဖြစ်ရေး ဝါဒ၏အဓိပ္ပာယ် ၂၉၇


mgyoe.com

mgyoe.com

## အမြင်

[ မောင်သစ္စာ၊ ဗညားနှဲ့ ]

၁။ ဆိုရှယ်လစ်ဆိုတိုင်း လွမ်းစရာလော ၃၀၂
၂။ သံမဏိပန်းခက်ပေါ်က တောင်အာဖရိက ကဗျာ ၃၀၆

❒

mgyoe.com

mgyoe.com

# စစ်နှင့်ငြိမ်းချမ်းရေး မျက်နှာစာများ

[ ဒဂုန်တာရာ ]

mgyoe.com

mgyoe.com

# စစ်နှင့် တော်လှန်ရေး

## (က)

အာရှတွင်ကူးစက်လာသော စစ်ဖြစ်ချိန်မှာ ကျွန်တော်သည် အသက် ၂၂ နှစ်အရွယ် ကျောင်းသားဘဝဖြစ်သည်။ ကျောင်းသားဘဝဆိုသော်လည်း ထိုနှစ်က ကျောင်းမနေဖြစ်။ ထိုနှစ်က ၁၉၄၁–၁၉၄၂ စာသင်နှစ်အတွက် ပေးရန်ရှိသော ကျောင်းလခများကို ကျွန်တော်၏ ပထမဦးဆုံးသော လုံးချင်း 'မေ' ဝတ္ထုကို နဂါးနီမှ အထူးထုတ်အဖြစ် ထုတ်ဝေရန် ငွေအရင်းအနှီးပြုလုပ်ရသဖြင့် ကျောင်းမနေဖြစ်တော့။ မတတ်နိုင်။ အကယ်၍ 'မေ' ဝတ္ထုကို နဂါးနီတိုက်မှ သူ့အစီအစဉ်အတိုင်း ထုတ်ဝေမည်ဆိုလျှင် ထိုနှစ်ကမထုတ်နိုင်။ ကျွန်တော့် အရင်ရွေးချယ်ထားသော စာများရှိနေသည်။ သို့သော် ကျွန်တော့်မိတ်ဆွေ နဂါးနီမှ မန်နေဂျာက စက္ကူရှိလျှင် သူတို့နဂါးနီမှ အထူးထုတ်အဖြစ် ဖြန့်ချိပေးမည်။ ပုံနှိပ်ခ၊ ဖြန့်ချိခနုတ်ပြီး အမြတ်ကိုရှင်းပေးမည်ဟုဆိုသဖြင့် ကျွန်တော်က ဝတ္ထုမြန်မြန်ထုတ်ချင်ဇောဖြင့် ကျောင်းလခများကို သုံးလိုက်ခြင်းဖြစ်သည်။

အကယ်၍ ကျွန်တော်ကိုယ်တိုင် စက္ကူဝယ်၍ မထုတ်ဖြစ်လျှင် 'မေ' ဝတ္ထုသည် ထုတ်ဝေဖြစ်တော့မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် စစ်ကြီးဖြစ်လာသောကြောင့် ကျွန်တော့်ဝတ္ထုကို ဘယ်သူမှ ထုတ်ဝေနိုင်ကြမည်မထင်ပေ။ ကျောင်းလခနှင့် ရသစာပေ လဲလှယ်လိုက်ခြင်းပင်။

ကျွန်တော် ကျောင်းသားဘဝ ငယ်စဉ်က ဘယ်သူနှင့်မှ ရန်မဖြစ်ဖူး။ ကျွန်တော့်အား အနိုင်ကျင့်လျှင်လည်း ကျွန်တော်က ပြန်၍လုပ်တတ်သည်မဟုတ်၊ ခံနေတတ်သူ။ လူညံ့လူပျော့တစ်ယောက်။ ကျွန်တော် ဘယ်သူ့ကိုမှ ရန်စဖူးသည်မဟုတ်။ ကျွန်တော့်

mgyoe.com

mgyoe.com


ကို သူများကရန်စသည်ကိုတော့ ခံရသည်။ ပြန်မတုံ့ပြန်။ ယင်းသည် ကျွန်တော် ငယ်စဉ်ဘဝက စိတ်ကလေးဖြစ်မည်ထင်သည်။ သမိုင်းစာအုပ်များကို ကျောင်းသားဘဝ တွင် သင်ကြားခဲ့ရသည်။ စစ်အကြောင်းကို ဖတ်ခဲ့ရသည်။ သည်တုန်းကတော့ စစ် သို့မဟုတ် လက်နက်ဖြင့်တိုက်ခိုက်သောလုပ်ငန်းသည် သည်လောက် လူသားတို့၏ ငြိမ်းချမ်းရေး၊ တည်ဆောက်ရေး၊ အလှအပတို့ကို ဖျက်ဆီးပစ်နိုင်လိမ့်မည်ဟူ၍ မစဉ်း စားမိ။ ယဉ်ကျေးမှုအဆောက်အအုံကိုလည်း ဖျက်ဆီးပစ်နိုင်လိမ့်မည်ဟု မထင်ခဲ့။

ဒုတိယကမ္ဘာစစ်တွင် ကိုယ်တိုင်တွေ့ကြုံဖြတ်သန်းလိုက်ရသောအခါ "စစ် သည် တယ်ဆိုးပါကလား" ဟု သိရှိနားလည်ခဲ့ရသည်။ စစ်ကြောင့် လူ့ယဉ်ကျေးမှု အလှအပများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ လူ့အသက်များ ဆုံးရှုံးပျက်စီးသွားခဲ့ရသည်။ လူသားတို့၏ပင်ရင်း သန့်ရှင်းသောစိတ်ဓာတ်ကို ဖျက်ဆီးပစ်သည်ကား အတော် ဆိုးသည်ဟု ခံစားလာမိခဲ့သည်။ လူ့အသက်ကို သတ်ဖြတ်ပြီးမှ အနိုင်ရသည်ဟူသော စိတ်ဓာတ်သည် အဆိုးဆုံးဖြစ်သည်။ သတ္တိမဟုတ်။

စစ်တွင် လူမျိုးချင်းစစ်၊ ဘာသာရေးစစ်၊ လွတ်လပ်ရေးစစ်၊ တော်လှန်ရေးစစ် ဘယ်စစ်က ဘယ်စစ်ထက် ပိုကောင်းမှာလဲ။ မတတ်နိုင်။ သမိုင်းသည် စစ်ပွဲတို့၏ သမိုင်းပင်ဖြစ်နေခဲ့သည်။ မတတ်နိုင်။

အင်္ဂလိပ်များထွက်ပြေး၍ ဂျပန်များဝင်လာသောအခါ ကျွန်တော်သည် ရန်ကုန် သို့ မော်တော်ဘုတ်ကလေးဖြင့် လာခဲ့သည်။ ညဘက်တွင် ရန်ကုန်ဆိပ်ကမ်း၌ ဘယ်သူ မျှ မကပ်ရ။ ထို့ကြောင့် ကျွန်တော်တို့စီးလာသော မော်တော်သည် တစ်ဖက်ကမ်း ခနောင်တိုတွင် တစ်ညအိပ်ရသည်။ မနက် မိုးလင်း၊ တည်းသောနေအိမ်မှ တက်လာ သောအခါ အိမ်ရှေ့ပတ္တလားတံတားတစ်လျှောက်လုံးပေါ်တွင် ပစ္စည်းများရောင်းချနေ သော ဈေးတန်းကိုတွေ့ရသည်။ သူတို့က သူခိုးဈေးဟုခေါ်သည်။ လူထုက အင်မတန် မှန်ကန်သောအသုံးအနှုန်းဖြင့် နာမည်ပေးတတ်သည်ကော။

အင်္ဂလိပ်များထွက်ပြေးသောအခါ တစ်မြို့လုံးပေါ်ရှိ ကုန်တိုက်များ၊ အိမ်များ ပေါ်မှ ပစ္စည်းများကိုယူကာ ချပုံ၍ရောင်းကြခြင်းဖြစ်သည်။ သူခိုးဈေး။ စစ်ပြီးခေတ်၊ လွတ်လပ်ရေးခေတ်နောက်ပိုင်းတွင်မှ သူခိုးဈေးအသုံးအနှုန်းပျောက်၍ မှောင်ခိုဈေးဟု ခေါ်သည်။ သူခိုးဈေးဟူသည်မှာ တရားမဝင်သောဈေး။ မှောင်ခိုဈေး ဆိုသည်မှာလည်း ကဗျာဆန်ဆန်သုံးထားသော တင်စားသည့်အဓိပ္ပာယ်ဖြင့် တရားမဝင်သောဈေးပင်။ ကြည့်စမ်း၊ တရားမဝင်တွေ ထွန်းကားနေလိုက်တာတွေ။ စစ်၏အမွေပင် မဟုတ်ပါလား။

mgyoe.com

mgyoe.com


## (ခ)

ကျွန်တော် ရန်ကုန်ရောက်ပြီးနောက် လန်ကက်စတာလမ်း (ယခု နဝဒေးလမ်း) ရှိ ခရစ်ယာန်ထရစ်နီတီ အမျိုးသမီးဆောင်တွင် သွားတည်းခိုလိုက်သည်။ ကျွန်တော်၏ ကျောင်းနေဖက် ကိုထွန်းလှက ခေါ်ထား၍ဖြစ်သည်။ ကျွန်တော့်နေရာတွင် စန္ဒရား တစ်လုံးကို ချပေးထားသည်။ စန္ဒရားဘယ်ကရမည်နည်း။ အနီးအပါးရှိအိမ်များမှ သယ်ယူလာခြင်း။ ကျွန်တော်အိပ်သောခုတင်သည် ထို့အတူပင်။ အနီးအနားရှိ အိမ်များကို ကျွန်တော် တက်ကြည့်သည်။ ခြင်ထောင်သွားရှာခြင်းဖြစ်သည်။

အိမ်များပေါ်တွင် လူများ တက်မွေ့နောက်ထား၍ ပစ္စည်းများကြပုံနေသည်။ ထိုလမ်းမှာ လူကုံထံများ၊ အင်္ဂလိပ်များနေသော လမ်းဖြစ်၍ ပစ္စည်းကောင်းများရှိသည်။ သူတို့က စန္ဒရားကို မသယ်နိုင်ကြပေ။

ထိုအခါက ကျွန်တော်သည် အသက် ၂၂ နှစ်အရွယ်။ ကျွန်တော်သည်ပင်လျှင် စစ်နှင့်ပတ်သက်တန်သလောက် ပတ်သက်နေခဲ့သည်။ ဂျပန်က မြန်မာတစ်ပြည်လုံး မသိမ်းနိုင်ပေ။ ဗမာ့လွတ်လပ်ရေးတပ်မတော်က အထက်သို့ချီတက်၍ အထက်မြန်မာ ပြည်တစ်ဝန်း သိမ်းရန်ဆောင်ရွက်နေကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ခေါင်းဆောင်များမှာ ကျွန်တော်နှင့် ကျောင်းသားသမဂ္ဂတွင် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေ ရင်းများဖြစ်နေသည်။ သူတို့ကခိုင်း၍ ကျွန်တော်သည် လေယာဉ်ပျံပေါ်မှ ကြဲချရန် 'တို့ဗမာအပေါင်းတို့' ဟူသောခေါင်းစဉ်ဖြင့် စာတမ်းတစ်ခုကို ရေးပေးခဲ့ရဖူးသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ချီတက်လာသောအခါ ပြည်သူလူထုက ကူညီကြရန် ပန်ကြားထားသော ကြေညာစာတမ်းပင်ဖြစ်သည်။ ဒါတင်မကသေး၊ ရန်ကုန်မြို့တော် ခန်းမတွင် ထိုအခါက ဂျပန်ဘုရင့်တပ်မတော်၏ စစ်သေနာပတိဗိုလ်ချုပ်ကြီး အီဒါး ဧည့်ခံပွဲတွင် ကျွန်တော်က သီချင်းတစ်ပုဒ်စပ်၍ စန္ဒရားနှင့်ပင်တီးပေးရသည်။ ကိုထွန်းလှက ယူ ယူလာတတ်သည်။ အလိုက်ကိုတော့ မမှတ်မိတော့ပေ။ ရှိပြီးသား အလိုက်ကို စာသွားထည့်သွားခြင်းဖြစ်သည်။ ကြည့်၊ ကျွန်တော် စစ်နှင့် ပတ်သက် နေပြီကော။

သို့သော် စစ်ကိုတော့ စိတ်ပျက်စပြုလာပြီ။ ထို့ကြောင့်ပင် ကျွန်တော် ဂျပန် တစ်ခေတ်လုံး သူတို့နှင့်နေထိုင်ခဲ့သော်လည်း မည်သည့်အလုပ်နေရာကိုမှ ကျွန်တော် ဝင်မလုပ်ခဲ့။ သူတို့ပေးသော်လည်း ကျွန်တော် လက်မခံခဲ့။ စီးပွားရေးအရ ပျက်စီး နေချိန်။ သူခိုးတွေပေါ်နေပြီ။ အရက်သောက်သူတွေ ပေါ်နေပြီ။ အကျင့်စာရိတ္တ ကောင်း

mgyoe.com

mgyoe.com


ကောင်းပျက်စီးနေပြီဟု ကျွန်တော်၏ဉာဏ်အမြင်ကလေးနှင့် ခံစားနေခဲ့ရသည်။

ဂျပန်ခေတ်၌ စာအုပ်ကတော့ တော်တော်ဖတ်ဖြစ်သွားသည်။ ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်လုပ်ငန်းများ လုပ်နေသည်ကို ကျွန်တော်သိသည်။ တော်လှန်ရေးခေါင်းဆောင်တစ်ယောက် ရန်ကုန်တစ်နေရာတွင် ပုန်းအောင်းနေသည်။ သူ့ထံသို့ ရေခဲမုန့်သွားပေးရသည်။ သူက ရေခဲမုန့်စားချင်သည်ဆို၍ သွားပေးရကြောင်း ကျွန်တော့်မိတ်ဆွေ သခင်တစ်ဦးကပြော၍ သိရသည်။ ကျွန်တော်ကတော့ စိတ်ခပ်ပျက်ပျက်။

ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ခါနီး စစ်တိုင်းများသို့ ဗမာ့တပ်မတော်မှ တာဝန်ပေးသော အမိန့်ပြန်တမ်းကြီးကို ထိုည မီးပျက်၍ ရေနံဆီမီးဖြင့် ကျွန်တော် ဖတ်ခဲ့ရသည်။ ထိုအခါက ဖက်ဆစ်တော်လှန်ရေးဆောင်ရွက်သော အဖွဲ့အစည်းမှ ခေါင်းဆောင်များမှာ ကျွန်တော်၏မိတ်ဆွေကြီးများဖြစ်နေသည်။ စစ်သေနာပတိ၊ ဒုတိယစစ်သေနာပတိ၊ စစ်ဦးစီးဌာနချုပ်မှူး၊ ကာကွယ်ရေးဦးစီးချုပ်တို့မှာ ကျွန်တော်တို့နှင့် ကျောင်းနေဖက် သမဂ္ဂမိတ်ဆွေများ ဖြစ်နေကြသည်။ နိုင်ငံရေးမှူးများမှာလည်း ကျွန်တော်တို့နှင့်သိသော မိတ်ဆွေအတော်ပါသည်။ သူတို့သည် စစ်အတွင်းမှာပင် လွတ်လပ်ရေးအတွက် တော်လှန်ရေး (အနောက်နိုင်ငံကတော့ ခုခံရေးဟုသာ သုံးနှုန်းသည်။) ဆောင်ရွက်နေပါကလားဟု ခံစားသိရှိနေခဲ့ရသည်။ ထိုအခါက ဖက်ဆစ်တော်လှန်ရေးကို ပါတီစုံ၊ အဖွဲ့စုံပါဝင်သော ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့အစည်းကြီး အနေဖြင့် ဆောင်ရွက်ကြသည်။ ရွှေတိဂုံဘုရားအနောက်ဘက် မြေကွက်လပ် (ယခုအခေါ် တော်လှန်ရေးပန်းခြံနေရာတွင်) စစ်ထွက်မိန့်ခွန်းပြောကြားသည့် အခမ်းအနားသို့ ကျွန်တော် ရွှေတောင်ကြားရှိအိမ်မှ လမ်းလျှောက်၍လာကာ ကြည့်ခဲ့သည်။ လူထုက သပြေပန်းကမ်းလှမ်း၍ စစ်သည်တော်များကို ကြိုဆိုခဲ့ကြသည်။ သူတို့သည် လွတ်လပ်ရေးအတွက် ဆောင်ရွက်သူများဟုခံစား၍ သူတို့စိတ်နှင့်သူတို့ လာရောက်အားပေးကြခြင်းဖြစ်သည်။ ကောင်းကင်ပေါ်မှ လေယာဉ်ပျံများက ထိုးစိုက်ဝဲပျံကာ စစ်ထွက်အခမ်းအနားကို ဂုဏ်ပြုနေကြသည်။

ကျွန်တော်သည် ထိုညနေပင်လျှင် နေရပ်ကျိုက်လတ်သို့ ညသင်္ဘောစီး၍ ပြန်လာခဲ့သည်။ ဂျပန်များထွက်ခွာကြတော့မည်။ မထွက်ခွာခင် ဆုတ်ကန်ကန်သည့်သဘောဖြင့် ဂျပန်ကချွေးတပ်ဆွဲနေ၍ ကျွန်တော်တို့သည် ဘုရားထဲတွင် သွားရောက်ပုန်းအောင်းနေခဲ့ရသည်။ ထိုအတွင်း ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်မှာ ကျွန်တော်တို့

mgyoe.com

မိတ်ဆွေများ၏ တော်လှန်ရေးစခန်းမှ ကျွန်တော့်အား ဆက်သားနှင့်လွှတ်၍ အခေါ် ခိုင်းသည်။ ကျွန်တော် လိုက်မသွား။ နောက်မှ သူတို့ကပြောသည်။ "ခင်ဗျား လက်နက် မကိုင်ဘူးဆိုတာ သိသားပဲဗျ။ ခင်ဗျားကိုခေါ်တာ တိုက်ဖို့ခေါ်တာမဟုတ်ဘူး၊ ကရင် ဗမာ ချစ်ကြည်ရေးစာစောင်ထုတ်ဖို့ သခင်စိုးကခေါ်ခိုင်းလို့ လွှတ်လိုက်တာဗျ" ဟု ရယ်မောကာပြောသည်။ ကျွန်တော်လည်း ပြုံးမိသည်။ မတတ်နိုင်။

(၇)

စစ်ပြီးသောအခါ ကျွန်တော်၏ဘဝသည် ကြည်လင်ပြတ်သားသွားသည်။ စောစောကကဲ့သို့ နိုင်ငံရေးနှင့် စာပေနယ်နိမိတ်မျဉ်းကြောင်းပေါ်တွင် မရှိတော့။ စာပေ နယ်နိမိတ်ထဲ အတော်လေးဝင်မိသွားသည်။ ကျွန်တော်က 'တာရာမဂ္ဂဇင်း' ထုတ်ဝေ လိုက်တော့ လုံးလုံးလျားလျား စာပေနှင့်ဆက်မိသွားခဲ့သည်။ တစ်ဖက်သော မိတ်ဆွေ များကတော့ ကျွန်တော့်အား ခေါ်ကြသေးသည်။ အလုပ်သမားသမဂ္ဂ ဒုတိယဥက္ကဋ္ဌ လုပ်ရန်၊ အမျိုးသမီးကွန်ဂရက်မှ ထုတ်ဝေသောစာစောင်တွင် အယ်ဒီတာလုပ်ရန်၊ ဖဆပလ ပြန်ကြားရေးဌာနတွင်လုပ်ရန် ဖိတ်ခေါ်ကြသည်။ နှစ်ဖက်စလုံးမှာ ကျွန်တော် နှင့်လည်း ကျောင်းသားသမဂ္ဂ လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသည်။ ကျွန်တော် ဘယ် ဘက်မှ မဝင်။ မဂ္ဂဇင်းမှာလည်း တစ်လပြီးတစ်လ အချိန်မီထွက်အောင် လုံးပန်းနေရ သည်။ သိပ်မအားလပ်။ ယင်းမိတ်ဆွေများနှင့်လည်း သိပ်မတွေ့ရ။ ကျဲသွားသည်။

ကျွန်တော်က စာဖတ်သောပြည်သူနှင့် ဆက်သွယ်မိနေပြီ မဟုတ်ပါလား။ စာဖတ်သောအတွေ့အကြုံ စစ်နှင့်တော်လှန်ရေးကို ဖြတ်သန်းခဲ့သော အတွေ့အကြုံ များကရှိနေပြီ။ တွေးစရာတွေကိုလည်း စိတ်ထဲရှင်းရှင်းနှင့် တွေးနိုင်ပြီ။ သည်တော့ စစ်ကို ဘယ်လိုတားဆီးနိုင်မည်လဲ ဟူသောအတွေးစများက ဝင်ရောက်ကပ်ငြိလာနေပြီ။

ယခင်ကကဲ့သို့ လေယာဉ်ပျံဖြင့်ကြဲချမည့် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ကြေညာစာတမ်းမျိုး၊ ဂျပန်ဘုရင့်တပ်မတော် စစ်သေနာပတိ ဧည့်ခံပွဲတွင် စန္ဒရားဖြင့် တီး၍ သီချင်းစပ်ရန်ဟူသော အလုပ်မျိုးကတော့ လုပ်ရန် စိတ်ကူးလုံးဝမရှိတော့ပေ။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားသော်လည်း နောက်ထပ် စစ်ဖြစ်နိုင်မည့်အခြင်း အရာများကလည်း ဟိုတစ်စ သည်တစ်စ ကျန်ရှိနေသေးသည်။

ရေဒီယိုမှလာသော စစ်သတင်းနားထောင်ရင်း သိရှိခံစားနေရသည်။ စစ်ကို ဘယ်လိုတားကြမလဲ။ ထိုအခါ စစ်တားဆီးရေး (ဝါ) ငြိမ်းချမ်းရေးလှုပ်ရှားမှုက စတင်

mgyoe.com

mgyee.com


နေပြီ။ ကျွန်တော်က ငြိမ်းချမ်းရေးလှုပ်ရှားမှုဆိုင်ရာ သတင်းများကို မျက်ခြည်မပြတ် လိုက်ဖတ်နေသည်။ ကျွန်တော်ထုတ်ဝေခဲ့သော မဂ္ဂဇင်းတွင် တတ်နိုင်သမျှထည့်သည်။

ပိုလန်ပြည် ဝရိုကလောမြို့ဟောင်းတွင် ကျင်းပသော ကမ္ဘာ့ပညာရှင်များ၏ ညီလာခံမိန့်ခွန်းများကို တစ်ခုမကျန်ဖတ်သည်။ တတ်နိုင်သမျှ ဘာသာပြန်၍ မဂ္ဂဇင်း တွင်ထည့်သည်။ ကျွန်တော့်စိတ်က ငြိမ်းချမ်းရေးသည် လုပ်နိုင်သောကိစ္စတစ်ရပ်ဟု သိရှိစပြုလာပြီ။ အဏုမြူလက်နက်တားဆီးရေးကို ယုံကြည်လာမိပြီ။ ထို့အပြင် 'စတော့ ဟုမ်း ကြေညာချက်' ဟု ထင်ရှားသော အဏုမြူလက်နက်ပိတ်ပင်ရေး ဆန္ဒပြလက်မှတ် ကောက်သော လှုပ်ရှားမှုတွင် ကျွန်တော့်မဂ္ဂဇင်းအနေဖြင့် ပါဝင်ခဲ့သည်။ အမှန်က ကျွန်တော် အဖွဲ့အစည်းများမလုပ်တော့ဟု စစ်အပြီးတွင် ခံစားနေခဲ့သည်။ မတတ်နိုင်။ စိတ်က ပတ်ဝန်းကျင်ရိုက်ခတ်မှုကြောင့် ငြိမ်းချမ်းရေးလှုပ်ရှားမှုတွင် မပါဝင်ဘဲ မနေ နိုင်တော့။

## (ဃ)

ထိုအခါက 'စစ်အေး' ဟု မခံစားမိ။ ငြိမ်းချမ်းရေးအင်အားစုက တစ်ဖက်၊ စစ်အင်အားစုက တစ်ဖက် ရှိနေသည်ဟု ခံစားနေမိသည်။ ကျွန်တော် ဖတ်မှတ်ထား ခဲ့သမျှအရ ဤသို့ပင်တွေးခေါ်ယုံကြည်နေမိသည်။ ထိုအခါက စစ်အေးဟူသော ဝေါဟာရပင် မပေါ်သေး။

ခက်သည်က ကျွန်တော်က နိုင်ငံရေးအတွင်းဘက်သို့ ရောက်သည်မဟုတ်။ နိုင်ငံရေးအတွင်းဘက်မှ မိတ်ဆွေများနှင့် ရင်းနှီးချစ်ခင်သော်လည်း သူတို့နှင့် အလုံးစုံ အယူအဆချင်းတူသည်ဟူ၍တော့ မပြောနိုင်။ သူတို့နှင့်လည်း အတူ သိပ်လုပ်လာ သည်မဟုတ်။ ထို့ကြောင့် နိုင်ငံရေးပရိယာယ်ကိုတော့ ကျွန်တော် နားမလည်။

စာရွက်ပေါ်တွင် ကမွှည်းထိုးထားသော စာလုံးများကိုတော့ ကျွန်တော် ယုံသည်။ ယင်းစာလုံးများ၏ အဓိပ္ပာယ်ကို ကျွန်တော်ကောက်သည်။ ကျွန်တော် အဓိပ္ပာယ်ကောက်ထားသလောက် ဒုတိယကမ္ဘာစစ်အပြီး ထင်ရှားပေါ်လွင် ပြင်းထန် လာသော အုပ်စုကြီးနှစ်ခုအနက် ဆိုရှယ်လစ်အုပ်စုသည် ငြိမ်းချမ်းရေးကို လိုလားသည်၊ အရင်းရှင်အုပ်စုသည် စစ်ကိုလိုလားသည်ဟု နားလည်နေသည်။ ထိုအုပ်စုနှစ်စု ယှဉ်ပြိုင်လျက် ရှိသည်ကိုလည်း နားလည်နေသည်။ ထိုအခါ ၁၉၅၀ တွင် ကိုရီးယား ကျွန်းဆွယ်၌ ကိုရီးယားမြောက်နှင့် တောင်တို့ စစ်ဖြစ်ကြသည်။ ကိုရီးယားစစ်ပွဲဟု

mgyee.com

ထင်ရှားသောစစ်ဖြစ်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် စိုးရိမ်ဖွယ်ပင်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မြောက်ကိုရီးယားကို ကျူးကျော်သူအဖြစ် သတ်မှတ်ပြီးလျှင် ကုလသမဂ္ဂဝင်နိုင်ငံများမှ စစ်တပ်များကို ပါဝင်ရန်ပန်ကြားလိုက်သည်။ နိုင်ငံအချို့မှ တပ်များ ကိုရီးယားသို့စေလွှတ်သည်။ ထိုအခါ ဖဆပလအစိုးရက ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို သဘောတူသည်။ စစ်တပ်တော့မလွှတ်။ ထိုအရေးကိစ္စတွင် ကျွန်တော်က မြောက်ကိုရီးယားသည် ကျူးကျော်သူမဟုတ်ဟု ခံစားလိုက်သည်။ ကိုရီးယား၏ လူထုတော်လှန်ရေးဟူသော အမည်ဖြင့် လင်းယုန်ဂျာနယ်တွင် ဆောင်းပါးရေးလိုက်သည်။

ကိုရီးယားကျွန်းဆွယ်တွင် ဆိုရှယ်လစ်အုပ်စုနှင့် အရင်းရှင်အုပ်စုတို့ ဖြစ်ပွားသော ပြည်တွင်းစစ်ဟု ကျွန်တော်က ရေးလိုက်သည်။ ယင်းပြည်တွင်းရေးကို ကုလသမဂ္ဂမှ ဝင်၍စွက်ဖက်သည်၊ ကျူးကျော်သည်ဟု ဆောင်းပါးရေးလိုက်သည်။ ကိုရီးယားကျွန်းဆွယ်တွင် ဖြစ်ပွားနေသည်မှာ ပြည်တွင်းရေး၊ လူထုတော်လှန်ရေးဟု ဆိုလိုခြင်းဖြစ်သည်။ ယင်းဆောင်းပါးကို ပထမ မြန်မာ့အလင်း သတင်းစာတိုက်သို့ ပို့သည်။ ကျွန်တော့်မိတ်ဆွေ ရွှေပိန်သောင်းက အယ်ဒီတာချုပ်။ သူက မထည့်ပေ။ ထို့ကြောင့် ကျွန်တော်သည် လင်းယုန်ဂျာနယ်တွင် ဖော်ပြလိုက်ခြင်းသာလျှင် ဖြစ်သည်။ ကလောင်အမည်မှာ မောင်သစ္စာ။ ယင်းလုံခြုံရေးကောင်စီ အစည်းအဝေးတွင် ဗီတို အာဏာပိုင်သော အမြဲတမ်းကော်မတီဝင်ငါးဦးအနက် ဆိုဗီယက်ယူနီယံသည် လုံခြုံရေး ကောင်စီတွင် သပိတ်မှောက်ထားသောအခါနှင့် ကြုံကြိုက်နေသဖြင့် ယင်း ကိုရီးယား ရေးရာဆုံးဖြတ်ချက်ကို အတည်ပြုသွားနိုင်ခြင်းဖြစ်သည်ဟု နားလည်မိသည်။ ကျွန်တော် စိတ်ဝင်စားသွားသည်။ သို့သော် ငြိမ်းချမ်းရေးအဖွဲ့အစည်းများတွင် ဝင်ရောက်ဆောင်ရွက်ရန်ကိုတော့ စိတ်ကမပါသေးပေ။ ၁၉၅၁ က တရုတ်ပြည်သို့ သွားရောက်သောအခါ ကျွန်တော့်စိတ် ပြောင်းလဲသွားရသည်။

တော်ဝင်ဂျာနယ်၊ ဇူလိုင်၊ ၁၉၉၄။

❐

mgyoe.com

mgyoe.com

## ငြိမ်းချမ်းရေးခံစားမှုအစ

### (က)

ကျွန်တော်သည် အသက် ၂၀ ကျော်စ တော်လှန်ရေးကို ဖြတ်သန်းပြီးသောအခါ တွေးစရာများရလာခဲ့သည်။ စစ်ဖြစ်လိုက်သောအခါ ကျောင်းလည်းမနေဖြစ်တော့။ တကယ်ကတော့လည်း ဆယ်တန်းအောင်ပြီးသောအခါ ကောလိပ်ကျောင်းသို့ လာခဲ့သည်။ အောင်ပြီးလျှင် ဘာလုပ်မည် ဘာကိုင်မည် စသည်ဖြင့် ရည်ရွယ်ချက်မည်မည်ရရရှိခဲ့သည် မဟုတ်ပေ။ ကျောင်းသားဘဝကပင် စာပေအနုပညာများကို ဝါသနာပါနေသည်။ ဘာကြောင့် ဝါသနာပါသည်ကို ကျွန်တော်မသိ။

စန္ဒရားနည်းနည်း၊ ကဗျာနည်းနည်း၊ ဝတ္ထုနည်းနည်း၊ ပန်းချီနည်းနည်း လုပ်ဖူးသည်။ ဒါပဲရှိသည်။ စာ အတော်လေးဖတ်ဖူးသည်။ အထူးသဖြင့် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသောစာအုပ်များ၊ ဝတ္ထု၊ ကဗျာ၊ ရသစာပေနှင့် နိုင်ငံရေးသဘောတရား စာပေများလည်း ဖတ်ဖြစ်သည်။ ကျွန်တော်သည် အတွေ့အကြုံသိပ်ရှိလှသည် မဟုတ်။ ကျောင်းသားအဖွဲ့အစည်း အတွေ့အကြုံ၊ ၁၉၃၆ သပိတ်၊ ၁၉၃၈–၃၉ အထွေထွေသပိတ်ကြီး၊ ၁၃၀၀ ပြည့် အရေးတော်ပုံကို ဖြတ်သန်းခဲ့ရသည်။

မတ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ စာအုပ်များ နည်းနည်းပါးပါး ဖတ်ဖြစ်သည်။ ကျောင်းသားသမဂ္ဂတွင်လည်း လက်ဝဲကျောင်းသားများနှင့် ခင်မင်ရင်းနှီးသည်။ တွေ့ဆုံဆွေးနွေးငြင်းခုံဖြစ်သည်။

ထိုအခါက လက်ဝဲဝါဒလူငယ်များအတွင်း ဝင်ရောက်စ၊ ပီပီသသ မရှိသေး။ သို့သော် ယင်းလက်ဝဲဝါဒကပင် နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင်ရာ၌ လှုံ့ဆော်အားပေး

mgyoe.com

 mgyoe.com 

သော နေရာဖြစ်သည်ကိုတွေ့ရသည်။

လွတ်လပ်ရေးတိုက်ပွဲတွင် သူတို့သည် ရှေ့တန်းကပါဝင်သူများ ဖြစ်သွားကြသည်။ စစ်ပြီးသောအခါတွင်လည်း သူတို့သည် ဖဆပလ အင်အားစုများအတွင်း၌ ခေါင်းဆောင်များဖြစ်သွားကြသည်။ ဂျပန်ခေတ် စစ်အတွင်း သူတို့ထဲမှ ကျွန်တော့်အတွက်ဆိုကာ အိမ်တစ်လုံးပေးသည်။ ကျွန်တော်က မယူ။ ယင်းအိမ်မှ စာအုပ်များကိုပင် ယူသည်။ ကျွန်တော် ဘာမျှမလုပ်။ စာဖတ်၊ စန္ဒရားတီး။ ကျွန်တော့်အတွေးကတော့ ရှိနေသည်။ ကျွန်တော်ဖတ်သော စာအုပ်များထဲမှပင် ငြိမ်းချမ်းရေးကို ယုံကြည်လာစပြုသည်။ စစ်အတွင်းဖြစ်၍ စစ်၏စရိုက်ဆိုးများကို ကျွန်တော် မကြိုက်။

စစ်ပြီးသောအခါ ကျွန်တော် သူတို့နှင့် အတွေ့ကျဲသွားသည်။ သူတို့ကလည်း သူတို့အလုပ်နှင့် သူတို့မအားကြ။ ကျွန်တော် မဂ္ဂဇင်းထုတ်ဝေလိုက်သောအခါ စိတ်က စာပေဘက်ထဲသို့ ရောက်သွားသည်။ အဖွဲ့အစည်းများကိုလည်း စိတ်မဝင်စား။ ကျွန်တော်ဖတ်သော လက်ဝဲစာအုပ်များတွင် သူတို့က သူတို့အဓိပ္ပာယ်နှင့် ကောက်သည်။ ကျွန်တော်နှင့် တူချင်မှတူမည်။ ငြိမ်းချမ်းရေးကိုတော့ အဓိပ္ပာယ်ကောက်ယူလိုက်သည်။

စာပေအရေးအဖွဲ့အနွဲ့သည် ငြိမ်းချမ်းရေးနည်းလမ်းဖြစ်၍ ကျွန်တော်ကြိုက်မိလျက်သား ဖြစ်သွားသည်။

၁၉၄၆ တာရာမဂ္ဂဇင်း ပထမဦးဆုံးထုတ် ဒီဇင်ဘာလတွင် ခေါင်းကြီးရေးသားရာ ထာဝစဉ်ငြိမ်းချမ်းရေးသို့ တစိုက်စိုက်ချီတက်အံ့ဟု ဖော်ပြလိုက်သည်။ ယင်းသည် ကျွန်တော်၏ နှလုံးသားကြေညာစာတမ်းပင်။

(၁)

တရုတ်ပြည်သို့ ကျွန်တော် ၁၉၅၁၊ စက်တင်ဘာလတွင် မမျှော်လင့်ဘဲ ရောက်ရှိသွားသည်။ တရုတ်ပြည်သစ်၏ ပုံကားချပ်အစအနကို 'တရုတ်ပြည်ပေါ်မှ ကြယ်နီ' အမည်ရှိ စာအုပ်မှဖတ်ဖူးခဲ့သည်။ အင်္ဂလိပ်စနိုးရေးသော စာအုပ်။ သူ့အတွေ့အကြုံကို သူကိုယ်တိုင် ရေးဖွဲ့ထားသည်။

ယင်းစာအုပ်နှင့်အတူ 'ဂျပန်သူလျှို' စသည့်စာအုပ်ကိုလည်း ဂျပန်ခေတ်က ဖတ်ဖူးလိုက်သည်။ ဂျပန်ခေတ်က စာအုပ်အတော်များများ ဖတ်မိသည်။ အထူးသဖြင့် နိုင်ငံရေးရာနှယ်သော စာအုပ်များဖြစ်သည်။ မမျှော်လင့်ဘဲ စစ်နှင့်တော်လှန်ရေးကို

mgyoe.com

ဖြတ်သန်းခဲ့ရသဖြင့် ကျွန်တော်သိချင်သောအရာကို စာအုပ်များမှသာ ရှာခွင့်ရခဲ့သည်။ အတွေ့အကြုံက သိပ်မရှိလှသေးသည် မဟုတ်ပါလား။ သို့သော် စာအုပ်နှင့်ယှဉ်စရာ၊ ညှိနှိုင်းစရာများ ရှိလာခဲ့သည်။ ယင်း ယှဉ်စရာ၊ နှိုင်းစရာများနှင့်ပတ်သက်ကာ အတွေးအခေါ်များဖွဲ့စည်းစ ပြုလာသည်ဟုဆိုနိုင်သည်။ ကျွန်တော်က စကားလုံးကို ယုံကြည်သည်။ အတတ်နိုင်ဆုံး စကားလုံးကို အဆုံးအဖျားနှိုက်ကြည့်ကာ အဓိပ္ပာယ်ရှာဖွေသည်။

ထို့နောက် ဂျပန်ခေတ်ကို ဖြတ်သန်းလာရင်း စစ်၏အနိဋ္ဌာရုံကို တွေ့ရသည်။ ယင်းသို့ဖြတ်သန်းရင်းပင် စစ်ဝါဒီ၊ စစ်ဝါဒများကို ထိတွေ့နားလည်ခဲ့ရသည်။ ထို့ကြောင့်ပင် ကျွန်တော်သည် နဂိုစိတ်ဓာတ်နှင့်ကိုက်ညီသော ငြိမ်းချမ်းရေးကို ရှာဖွေနေမိသည်မှာ ဆန်းသည်တော့မဟုတ်ပေ။ ၁၉၅၁ က မမျှော်လင့်ဘဲ တရုတ်ပြည်သစ်သို့ ရောက်ရှိသောအခါ ငြိမ်းချမ်းရေးခံစားမှုသည် ကျွန်တော်၏ရင်ကို တိုးခတ်ဝင်ရောက်လာတော့သည်။

ကျွန်တော်တို့ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို တရုတ်ပြည်၌ အောက်တိုဘာ ၁ ရက်တွင် ကျင်းပသော အမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားသည်။ တီအန်မင်းရင်ပြင်ဟုခေါ်သော နန်းတော်ရှေ့တွင် တရုတ်လူထုက သူတို့၏ခေါင်းဆောင်ကို ချီတက်အလေးပြုသောပွဲကို စင်မြင့်ဆောင်မှ ကြည့်ရှုခဲ့ရသည်။

ကျွန်တော်သည် ကြီးမားလှသော လူထုကြီးကို စစ်မဖြစ်ခင်က တွေ့ဖူးခဲ့သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံခေတ်က ကိုအောင်ကျော်၏ ဈာပနတွင် ကြီးမားသောလူထုကြီးကို တွေ့ခဲ့ရဖူးသည်။

စစ်အပြီး ကန်တော်မင်ပန်းခြံတွင် ကျင်းပသော ဖဆပလ လူထုအစည်းအဝေးပွဲကြီးတွင် လူထုကြီးကိုတွေ့ခဲ့ရပြန်သည်။ လူထုကြီး၏စိတ်ဓာတ်ဟု နားလည်ခဲ့ရသည်။

လွတ်လပ်ရေးအတွက် ဆန္ဒပြသောအစည်းအဝေးကြီးဖြစ်၍ ကြီးကျယ်လှသည်။ ထို့နောက် ပီကင်းရောက်ရှိသွားသောအခါ လူထုချီတက်ပွဲကို ကြည့်ရသောအခါ ကျွန်တော် ရင်မခုန်ဘဲ မနေနိုင်တော့။ ဟိုးပင်ဝမ်စွေ့၊ ငြိမ်းချမ်းရေးအဓွန့်ရှည်ပါစေ ဟူသောအသံသည် ကျွန်တော် ရောက်လေရာတွင် ပဲ့တင်ထပ်နေသည်။

တရုတ်ပြည်သူတို့သည် ငြိမ်းချမ်းရေးကိုတပ်မက်သည်ဟု ယုံကြည်လာသည်။ နန်းတော်ကြီးတွင်ကျင်းပသော နိုင်ငံခြားသားများအား ဧည့်ခံသည့်ထမင်းစားပွဲသို့ ကျွန်တော်ရောက်သွားသည်။ ထမင်းစားပွဲအကြောင်း ပြောလိုခြင်းမဟုတ်။ ထမင်းစားပွဲသို့သွားရာလမ်းမှာ ရင်ပြင်ထိပ်မှ ကျုံးကိုဖြတ်သန်းပြီး မြို့ရိုးကိုဝင်သောလမ်းဖြစ်ရာ

mgyoe.com

ကိုက် ၃၀၀ ထက် ပိုမည်မထင်။ ယင်းလမ်းကို ကျွန်တော်တို့ နာရီဝက်ကျော်ကျော် သွားခဲ့ရသည်။

တစ်လမ်းလုံး ပြည့်ကျပ်နေသော လူထုကြီးက ကျွန်တော်တို့ကို နှုတ်ဆက်သည်။ လက်ဆွဲနှုတ်ဆက်ကြသည်။ လူတစ်ယောက် တိုးဝင်ရုံသွားသာသောလမ်းကို လျှောက်သွားကြရသည်။ လက်ဆွဲနှုတ်ဆက်လိုက်ကြသည်မှာ ပြန်လာသောအခါ လက်ဖျား၊ လက်ချောင်းတို့မှာ ကျဉ်၍ပင်နေသည်။ လက်အထိအတွေ့မျိုးစုံ၊ အကြမ်း၊ အနု၊ မနုမကြမ်း။ သွားရာလမ်းကိုခြံရံထားသောလမ်းမှ လူထုနှုတ်ခမ်းမှ ဟိုးပင်ဝမ်ဇွေ့ ဟူသောအသံမှာ နွေရက်တွင်ပုစဉ်းများအော်သံကဲ့သို့ ဟိန်းနေလျက်ရှိသည်။ စည်းရုံးရေး အစီအမံကောင်းသောကြောင့် ယင်းသို့ သိပ်သည်းထူထဲသော လူထုကြီးနှင့် ပွဲတင်ထပ်မျှ နှုတ်ဆက်နေသောအသံများကို သံသယမရှိခဲ့ပေ။

တရုတ်ပြည်သူတို့သည် ငြိမ်းချမ်းရေးစိတ်ဓာတ်ဖြင့် ပြည့်လျှမ်းနေသည်ဟု ခံစားနေမိသည်။

ပြန်လာသောအခါ ကျွန်တော် စိတ်တစ်မျိုးဖြစ်သွားသည်။

ကျွန်တော်လိုချင်သော ငြိမ်းချမ်းရေးမှာ လူထုနည်းဖြင့်သာ ရနိုင်မည်ဟု ယုံကြည်မိသည်။ ထို့ကြောင့်ပင် ၁၉၅၂ ခုနှစ်၊ ဂျူလိုင်လတွင်ကျင်းပသည့် နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးညီလာခံကြီးက ကျွန်တော့်အား နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေး ကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်လိုက်သောအခါ လက်ခံလိုက်တော့သည်။

## (၈)

၁၉၅၀ က ကျွန်တော်သည် စာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ် မလွှဲမရှောင်သာ လက်ခံခဲ့ရသည်။ ကျွန်တော် လုပ်ချင်သည်မဟုတ်။ ကျွန်တော် အဖွဲ့အစည်းတွင် ပါဝင်လိုခြင်း သိပ်မရှိခဲ့။ ကျွန်တော့်စိတ်ဓာတ်ကို ကျွန်တော်သိသည်။ ကျွန်တော်သည် အဖွဲ့အစည်းနှင့်မဖြစ်ဟု မိမိကိုယ်ကိုယ် သုံးသပ်မိသည်။ ကျွန်တော်က တစ်ယောက်တည်းသမား စိတ်ဓာတ်မျိုး။ ကျွန်တော်လုပ်သည့် အလုပ်ကလည်း တစ်ယောက်တည်း လုပ်ရသည့် အလုပ်။ စန္ဒရားတီးခြင်း၊ ပန်းချီရေးခြင်း၊ စာပေအဖွဲ့အနွဲ့လုပ်ခြင်း။ ယင်းတို့သည် တစ်ယောက်တည်းလုပ်ရသော အလုပ်ဖြစ်သည်။ ဒါကို ကျွန်တော် ကြိုက်သည်။ ကျွန်တော့်ကိုယ်ကိုယ် ကျွန်တော်သိသည်။ ငယ်ငယ်ကတည်းကပင် ကျွန်တော်က အပေါင်းအသင်း သိပ်ရှိသည်မဟုတ်။ ကျောင်းနေစဉ်ကလည်း အား

mgyoe.com

mgyoe.com


ကစားကွင်းသို့ သိပ်သွားသည်မဟုတ်။ အိမ်တွင်တကုပ်ကုပ်နေကာ စာရေးစာဖတ် လုပ်သည်။ ကျွန်တော်က အများနှင့်တွဲဖက်လုပ်ရသောအလုပ်မှာ ကျွန်တော်နှင့်မဖြစ် ဟု မိမိကိုယ်မိမိ သုံးသပ်ထားခဲ့သည်။ မှန် မမှန်တော့မသိ။ ထို့ကြောင့် အဖွဲ့အစည်း များကို သိပ်မလုပ်ချင်တော့။ လုပ်လျှင်လည်း အတိုက်အခံများမည်။ ထင်သည့်အတိုင်း ပင် စာရေးဆရာအသင်းတွင်ပါဝင်လုပ်ကိုင်ရာ အတိုက်အခိုက်များခံရသည်။ တစ် ယောက်တည်းလုပ်သောအလုပ်က ဘာပြဿနာမှတော့ မရှိ။

ကျွန်တော့်စာပေအဖွဲ့အနွဲ့ကို မကြိုက်လျှင် မဖတ်ရုံမျှသာပင်။ အဖွဲ့အစည်း ကျတော့ တစ်မျိုး။ အေးအေးချမ်းချမ်းနှင့် ဖြောင့်ဖြောင့်မတ်မတ်သာ လုပ်ချင်သည်။ အဖွဲ့အစည်းဆိုသည်ကတော့ လူမျိုးစုံ၊ အယူအဆမျိုးစုံ။

စစ်ပြီး ကမ္ဘာ့အခြေအနေက စိတ်မချရ။ အဏုမြူလက်နက်များကြောင့် ပို၍ စိတ်မချရသော အခြေအနေဘက်သို့ရောက်သွားသည်။ ကျွန်တော် ဖတ်မှတ်ထားသော၊ လေ့လာထားသော အချက်အလက်များလည်း ရှိနေခဲ့သည်။ အုပ်စုကြီးနှစ်ရပ်ရှိရာတွင် အမေရိကန်ကတော့ အဏုမြူကို အဦးဆုံးပိုင်ထားသည်။ ဆိုဗီယက်ကလည်း လက်နက်ကို ပို၍သာအောင်လုပ်နေသည်။ အဏုမြူလက်နက်များ ပို၍ ပြန့်ပွား ထွန်းကားလာလျှင် ဘယ့်နှယ့်လုပ်ပ။ တတိယကမ္ဘာစစ်ဖြစ်လျှင် ဘယ့်နှယ့်လုပ်ပ။ အတွေးက ဝင်ရောက်နေသည်။ ကျွန်တော့်မဂ္ဂဇင်းတွင် ငြိမ်းချမ်းရေးလှုပ်ရှားမှုကြီးကို တတ်နိုင်သမျှရေးခဲ့သည်။ ရသမျှစာအုပ်စာတမ်းများကို ဖတ်ခဲ့သည်။ ပထမကမ္ဘာစစ် ပြီးသောအခါ ပညာရှင်များက ကမ္ဘာ့ငြိမ်းချမ်းရေးကို ကြိုးပမ်းဆောင်ရွက်ကြသည်ကို ကျွန်တော်ဖတ်ခဲ့ရသည်။ ကျွန်တော်ကြိုက်သော စာရေးဆရာကြီး ရိုမင်ရိုလင်က ကမ္ဘာ့ ငြိမ်းချမ်းရေးလှုပ်ရှားမှုကြီးကို ပထမဦးဆုံး စတင်သည်။ ရိုမင်ရိုလင်၏ဝတ္ထုကို ကျွန်တော်ကြိုက်သည်။ ဇာတ်ကောင် ဂီတပညာရှင်အကြောင်းပါ၍ ပို၍စွဲလမ်းသည်။ သူ့ကို ကျွန်တော်အထင်ကြီးသည်။

ထို့ကြောင့် ပညာရှင်ကြီးများ ငြိမ်းချမ်းရေးကို ပူးပေါင်းဆောင်ရွက်သည်မှာ သဘာဝကျသည်ဟု ကျွန်တော်နားလည်ထားသည်။ ယခု ဒုတိယကမ္ဘာစစ်ပြီးသော အခါလည်း ပညာရှင်ကြီးများ ကမ္ဘာ့ငြိမ်းချမ်းရေးကိုစတင်၍ အဖွဲ့အစည်းကြီး တည်ထောင်ခဲ့သည်ကို အားကျမိသည်။ ပညာရှင်သည် သဘာဝအားဖြင့် ငြိမ်းချမ်းရေး သမားဖြစ်သည်။ ထို့ကြောင့် ပညာရှင်များ ငြိမ်းချမ်းရေးဆောင်ရွက်သည်မှာ သဘာဝ ကျသည်ဟုထင်သည်။

mgyoe.com

၁၉၅၂ ဂျူဗလီဟောတွင် ကျင်းပသော ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံကြီးမှာ အထစ်အငေါ့မရှိဘဲ ပြေပြေပြစ်ပြစ် ဖြစ်သွားသည်ဟုတော့ မပြောနိုင်။ သို့သော် အောင်မြင်သွားသည်။

ငြိမ်းချမ်းရေးရာအဆိုများကို တင်သွင်းဆုံးဖြတ်နိုင်ခဲ့သည်။ ဤသို့ဆုံးဖြတ်နိုင်အောင် ကြိုးစားခဲ့ရသည်။ ကျွန်တော်က သဘာပတိအဖွဲ့ဝင်တစ်ယောက်ဖြစ်ရာ နိုင်ငံရေးရာကိစ္စများကို ကျွန်တော် ဆွေးနွေးငြင်းခုံခဲ့ရသည်။ သူတို့သည်လည်း နိုင်ငံရေးရာအဖွဲ့အစည်းများ၏ ခေါင်းဆောင်ဖြစ်ကြသည်။ ထိုအခါက ဖဆပလနှင့် အတိုက်အခံအဖွဲ့မှ အဖွဲ့အစည်းခေါင်းဆောင်များဖြစ်ကြသည်။

တရုတ်ပြည်မှပြန်လာသောအခါ ပြည်သူတို့၏ ငြိမ်းချမ်းရေးဆန္ဒသည် ပြင်းပြလာသည်။ ညီညွတ်လာလျှင် အားကောင်းလာမည်၊ စစ်ကိုတားဆီးနိုင်မည်ဟု ကျွန်တော် ယုံကြည်စပြုလာသည်။ ထို့ကြောင့်ပင် ၁၉၅၂ ညီလာခံတွင် ကျွန်တော် ဒုတိယဥက္ကဋ္ဌအဖြစ် လက်ခံလိုက်ခြင်းဖြစ်သည်။ ဥက္ကဋ္ဌမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဖြစ်၍ ကျွန်တော် နှစ်သက်မိသည်။ ဒုတိယဥက္ကဋ္ဌများမှာ ဆရာတော်တစ်ပါး၊ ဖဆပလအစိုးရအဖွဲ့ အလုပ်သမားရေးရာဝန်ကြီးဟောင်း သခင်လွင်၊ အမှုထမ်းပေါင်းစုံသမဂ္ဂ ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်နှင့် ကျွန်တော်တို့ဖြစ်ကြသည်။

အဖွဲ့အစည်းရေးရာ အခက်အခဲများ ပြဿနာများကတော့ ရှိမည်။ သို့သော် မတတ်နိုင်။ ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုကြီးတွင် ပါဝင်ကြည့်ချင်နေသည်။

တော်ဝင်ဂျာနယ်၊ ဩဂုတ်၊ ၁၉၉၄။

❒

mgyoe.com

mgyoe.com

# ငြိမ်းချမ်းရေးအမြင်

(က)

စစ်မဖြစ်ခင် ကျောင်းသားဘဝက အဖွဲ့အစည်း၊ အတွေ့အကြုံ နည်းနည်းပါးပါးရှိခဲ့သည်။ ကျောင်းသားအဖွဲ့အစည်း အတွေ့အကြုံ၊ တက္ကသိုလ်သမဂ္ဂတွင် ၁၉၃၉–၄၀ က လူမှုဆက်ဆံရေး ဆပ်ကော်မတီ၊ ၁၉၄၀–၄၁ က ဝါဒဖြန့်ချိရေး စသည်အားဖြင့် နှစ်နှစ်ဆက်တိုက် အမှုဆောင်အဖြစ် အရွေးခံခဲ့ရဖူးသည်။

ထိုအခါက ဥက္ကဋ္ဌမှာ ဆေးကျောင်းသား ကိုလှရွှေနှင့် ဥပဒေကျောင်းသား ကိုလှမောင်တို့ဖြစ်ကြသည်။ ကိုလှရွှေမှာ ၁၃၀၀ ပြည့် အရေးတော်ပုံတွင် ထင်ရှားသော ခေါင်းဆောင်တစ်ယောက် ဖြစ်သည်။ ယင်း ၁၃၀၀ ပြည့်အရေးတော်ပုံဟု အမည်တွင်သော ၁၉၃၈–၃၉ အထွေထွေသပိတ်ကြီးတွင် ကိုလှရွှေကို အာဏာရှင်ကိုလှရွှေဟု သတင်းစာများက ဖော်ပြခဲ့ကြသည်။

အာဏာရှင်ဟုသုံးခြင်းမှာ ကိုလိုနီအင်္ဂလိပ်အစိုးရကို ဖက်ပြိုင်ဆန့်ကျင်၍ သုံးခြင်းဖြစ်သည်။ အင်္ဂလိပ် (ကိုလိုနီ) အစိုးရတွင် အာဏာမရှိ၊ ကိုလှရွှေတွင်သာ အာဏာရှိသည် ဟူသော သဘောဖြင့် သုံးလိုက်ခြင်းဖြစ်သည်ဟု ကျွန်တော် နားလည်ခဲ့ရသည်။ ၁၃၀၀ ပြည့် အရေးတော်ပုံခေတ်က ကျောင်းသားဥက္ကဋ္ဌမှာ ကိုဘဟိန်းဖြစ်သည်။ ကိုလှရွှေက ဒုတိယဥက္ကဋ္ဌ။ အမှန်အားဖြင့် ယင်း ၃၈–၃၉ တွင် တက္ကသိုလ်သမဂ္ဂဥက္ကဋ္ဌမှာ ဥပဒေကျောင်းသား ကိုအောင်ဆန်းဖြစ်သည်။ သို့သော် ကိုအောင်ဆန်းက တို့ဗမာအစည်းအရုံးသို့ ဝင်သွားသဖြင့် သူ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်လိုက်သည်။

ဒုတိယနှစ်ဝက်တွင် ကိုဘဟိန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရသည်။ အရေး

mgyoe.com

 mgyoe.com 

တော်ပုံဖြစ်သည့်နှစ်က ကိုဘဟိန်းနှင့် ကိုဘဆွေတို့မှာ မကျွေးတွင်အဖမ်းခံရ၍ ဒုတိယ ဥက္ကဋ္ဌကိုလှရွှေက လှုပ်ရှားမှုကို ဆက်လက်ခေါင်းဆောင်ရသည်။

ကိုလှရွှေမှာ ကျောင်းတွင် နှစ်သက်ကြာသူဖြစ်သည်။ ကျောင်းသားအရေး ကြောင့် ကျောင်းသက်ကြာခြင်းဖြစ်သည်။ အရေးတော်ပုံပြီးသောအခါ သူသည် ဆရာဝန်ဘွဲ့ရသွားသည်။ ပြည်သူ့ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန်အဖြစ် စစ်ပြီး ခေတ်အထိ ဆောင်ရွက်သည်။

ထူးချွန်သောခွဲစိတ်ကုဆရာဝန် ဖြစ်ကြောင်း သိရသည်။ ၁၉၄၇ တွင် သူ အမေရိကန်သို့ ပညာတော်သင်သွားရာ အာရပ်ဒေသ ဘာရိန်းပင်လယ်ကွေ့တွင် လေယာဉ်ပျက်ကျ၍ ကွယ်လွန်ခဲ့ရသည်။ ကိုလှရွှေနှင့် ကိုဘဟိန်းတို့က သမဂ္ဂ အမှု ဆောင်နေရာတွင် အတင်းစာရင်းသွင်း၍ ကျွန်တော် မလွှဲမရှောင်သာ အမှုဆောင်ဖြစ်ရ သည်။ ကျွန်တော်က အိုးဝေမဂ္ဂဇင်း စာတည်းအလုပ်ကိုတော့ ကျွန်တော်က လိုလို လားလား လုပ်ချင်သည်။ ၁၉၄၀–၄၁–၄၂ နှစ်တွင် ကျွန်တော် ဆက်လက်အမှုဆောင် ဖြစ်ရပြန်သည်။ ထိုနှစ်တွင်လည်း ကျွန်တော့်ကို အတွင်းရေးမှူးလုပ်ရန် တိုက်တွန်းကြ သည်။ ကျွန်တော် မလုပ်။

နောင်နှစ်တွင် ကျွန်တော် မလုပ်ရန်ငြင်းသေးသည်၊ မရ။ ကျွန်တော့်ကို စာပေ အရေးအသားနှင့် ဆက်နွှယ်သော ဝါဒဖြန့်ချိရေးမှူးအဖြစ်လုပ်ရန် ဆို၍ ကျွန်တော် မလွှဲမရှောင်သာ လက်ခံရသည်။ ကိုအောင်ကျော်ကြေးရုပ်ဖွင့်ပွဲနှစ်ဖြစ်၍ ကျွန်တော်က ကိုအောင်ကျော်၏အတ္ထုပ္ပတ္တိကို 'ကိုအောင်ကျော်၏ အကြောင်းစဉ်' ဟူသောအမည်ဖြင့် စာအုပ်ငယ်ကလေးတစ်အုပ် ရေးသားခဲ့သည်။ သည်အလုပ်မျိုးကိုတော့ ကျွန်တော် နှစ်သက်သည်။

ကိုလှမောင်မှာ နိုင်ငံရေးထက်သန်သူဖြစ်သဖြင့် စစ်ပြီးသောအခါ ဆိုရှယ်လစ် ပါတီတွင် အရေးပါသော ခေါင်းဆောင်တစ်ယောက်ဖြစ်သွားသည်။ လွတ်လပ်ရေး ရသောအခါ တရုတ်တွင် သံအမတ်ကြီး၊ အင်္ဂလန်သံအမတ်ကြီးအဖြစ် ဆောင်ရွက်သူ ဖြစ်သည်။ ကျောင်းသားအဖွဲ့အစည်း အတွေ့အကြုံမှာ သည်လောက်ပဲဖြစ်သည်။ တက္ကသိုလ်သမဂ္ဂဆိုသည်ကလည်း အင်္ဂလန်ရှိ အောက်စဖို့ဒ်တက္ကသိုလ်၊ ကိန်းဘရစ် တက္ကသိုလ်တို့မှ တက္ကသိုလ်သမဂ္ဂဖွဲ့စည်းပုံကိုအခြေခံ၍ ရေးဆွဲထားသော အဖွဲ့ အစည်းဖြစ်သည်။

နိုင်ငံရေးဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းမဟုတ်။ ပညာရေးရှာ၊

mgyoe.com

ကျောင်းသားရေးရာ၊ ယဉ်ကျေးမှုရေးရာ၊ ပေါင်းသင်းဆက်ဆံမှုရေးရာ အဖွဲ့အစည်းမျိုး ဖြစ်သည်။ ၁၉၃၆ ကျောင်းသားသပိတ်နှစ်ကာလကစ၍ပင် နိုင်ငံရေးဆန်လာသည်ဟု ဆိုရမည်။

သည့်အရင်က သမဂ္ဂသည် ပညာရေးရာလုပ်ငန်းမျိုး၊ ပေါင်းသင်းဆက်ဆံရေး လုပ်ငန်းမျိုး ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်ဟု ကျွန်တော် နားလည်ခဲ့သည်။

၁၃၀၀ ပြည့်အရေးတော်ပုံနှစ်အပြီး တက္ကသိုလ်သမဂ္ဂမှာ နယ်ချဲ့ဆန့်ကျင်ရေး (ဝါ) ကိုလိုနီဆန့်ကျင်ရေး လှုပ်ရှားမှုတွင် ပါဝင်လာခဲ့သည်။ အစဉ်အလာသစ် သမိုင်း အပြောင်းအလဲဟုဆိုလျှင် ရမည်ထင်သည်။ သမိုင်းဆိုသည်က လူထုက ပြုလုပ်ခြင်း ဖြစ်သည်။ ဖွဲ့စည်းပုံဥပဒေဆိုသည်ကလည်း လူထုက လုပ်ခြင်းဖြစ်သည်။ ကျွန်တော် ဆောင်ရွက်ခဲ့သော နှစ်ကာလများက ကျွန်တော်တို့အတွင်း အတိုက်အခံများ ရှိခဲ့ကြ သည် မဟုတ်ပေ။

လွတ်လပ်ရေးလိုချင်သောဆန္ဒ တူနေကြ၍လည်း ငြင်းစရာ၊ ခုံစရာ မရှိဟု ကျွန်တော် ခံစားမိသည်။ ထိုအခါက ကျွန်တော်တို့ဆန့်ကျင်ကြသည်မှာ ကိုလိုနီစနစ် ပင် မဟုတ်လား။ ထို့ကြောင့်ပင် ညီညွတ်ကြသည်ဟု ပြောရပေမည်။

## (ခ)

၁၉၅၂၊ မေလ ဂျူဗလီဟောတွင် ကျင်းပခဲ့သော နိုင်ငံလုံးဆိုင်ရာ ညီလာခံကြီးမှ စတင်၍ တွေ့ကြုံရသောအဖွဲ့အစည်း၏ အတွေ့အကြုံမှာ အသစ်ဖြစ်သည်။ ကျောင်း သားအဖွဲ့အစည်း အတွေ့အကြုံနှင့် မတူတော့။ ကျွန်တော်က ယင်းအဖွဲ့အစည်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော်လည်း အတိုက်အခံနေရာမျိုးကား ဖြစ်နေခဲ့သည်။ အတိုက်အခံဆိုသည်က တခြားမဟုတ်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်သော အယူအဆ ရေးရာ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်း၏ စည်းရုံးရေးရာများတွင် သဘောကွဲလွဲချက်များ ရှိ၍၊ အငြင်းအခုံများရှိ၍ (အတိုက်အခံ) ဟု ဆိုလိုခြင်းဖြစ်သည်။ ယနေ့ပြောဆိုနေကြ သော နိုင်ငံရေးအတိုက်အခံသဘောမျိုးကား မဟုတ်။

ကျောင်းထွက်စ စစ်နှင့် တော်လှန်ရေးကိုဖြတ်သန်းပြီးကတည်းက ကျွန်တော့် မှာ ငြိမ်းချမ်းရေးခံစားမှုက ရှိနေသည်။ ၁၉၄၉ က ပြင်သစ်ပြည် ပဲရစ်မြို့တော်နှင့် ချက်ကိုစလိုဗေးကီးယားပြည် ပရက်ခ်မြို့တွင်ကျင်းပသော ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံ ကြီးမှ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ ဟူသောအမည်ဖြင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းကြီးကို

mgyoe.com

mgyoe.com

ဖွဲ့စည်းလိုက်သောအခါ ယင်းငြိမ်းချမ်းရေးရည်ရွယ်ချက်များကို ကျွန်တော် လုံးဝဥဿုံ လောက်ပင် နှစ်မြို့က်သဘောတူညီခဲ့သည်။ ထို့ကြောင့်ပင်လျှင် ငြိမ်းချမ်းရေးလှုပ်ရှားမှု ဖြင့် စစ်ကိုတားဆီးနိုင်မည်ဟု ကျွန်တော်ယုံကြည်နေမိသည်။ အရေးကြီးသည်က လူထုအင်အား၊ ပြည်သူ့အင်အား။ နိုင်ငံအချင်းချင်း စစ်ဖြစ်ကြသည်ဆိုသည်မှာ နိုင်ငံ များရှိ ပြည်သူများက လိုလား၍ စစ်ဖြစ်ရခြင်းမဟုတ်၊ နိုင်ငံ၏အစိုးရများ၏ အလိုဆန္ဒ ကြောင့် စစ်ဖြစ်ရခြင်းဖြစ်သည်ဟု ကျွန်တော် ထင်နေသည်။

ထို့ကြောင့် လူထု၏ငြိမ်းချမ်းရေးဆန္ဒအားကောင်းလျှင် စစ်ဖြစ်ကြမည်မဟုတ်၊ ကမ္ဘာတွင် ငြိမ်းချမ်းရေးလွှမ်းမိုးမည်ဟု ကျွန်တော် ယုံကြည်နေမိသည်။ ကမ္ဘာ့ငြိမ်းချမ်း ရေးကောင်စီကြီး ဖွဲ့စည်းလိုက်သောအခါ ကျွန်တော် စွဲလမ်းနှစ်သက်သော စာပေနှင့် အနုပညာရှင်များ ပါဝင်နေသဖြင့်လည်း ကျွန်တော်၏ ယုံကြည်ချက်သည် ပို၍အား ကောင်းလာသည်။ တရုတ်ပြည်သို့ ၁၉၅၁ က ရောက်သွားသောအခါ တရုတ်ပြည်သူ များ၏ ငြိမ်းချမ်းရေးဆန္ဒဖော်ပြချက်ကို ထိတွေ့ခံစားရ၍ ကျွန်တော့်စိတ်က ပြောင်းလဲ သွားသည်ဟုဆိုရမည်။

ကျွန်တော်က စာပေနှင့်အနုပညာကိုသာ စိုက်စိုက်မတ်မတ်လုပ်ချင်နေသည်။ ယင်းသို့ စိတ်ပြောင်းသွားခြင်းကြောင့်လည်း ကျွန်တော်သည် ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှား မှုတွင် ပါဝင်မိသည်ဟု ဆိုရမည်ထင်သည်။

အဖွဲ့အစည်းအတွေ့အကြုံသစ်တော့ ရလိုက်သည်။ အတွေ့အကြုံသစ် ဆို သည်မှာ အခြားမဟုတ်၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းထဲတွင် ပါတီစုံ၊ လူစုံ ပါဝင်ကြ သည်။ နိုင်ငံရေးပါတီခေါင်းဆောင်များ ပါဝင်ကြသည်။ နိုင်ငံရေးပါတီများမှာလည်း ထိုအခါက ဖဆပလနှင့် အတိုက်အခံပြုလုပ်လျက်ရှိသော နိုင်ငံရေးပါတီမှ အတိုက်အခံ ခေါင်းဆောင်များ ဖြစ်ကြသည်။

အတိုက်အခံခေါင်းဆောင်များ ဖြစ်သည်မဖြစ်သည်ထား၊ ကမ္ဘာ့ငြိမ်းချမ်းရေး အင်အားဖြင့် ပူးပေါင်း၍ဆောင်ရွက်ရမည်ဟု ကျွန်တော်က ယုံကြည်ထားသည်။ သို့သော် အဖွဲ့အစည်းဖြစ်သဖြင့် အဖွဲ့အစည်းရေးရာ လုပ်ပုံကိုင်ပုံတွင်တော့ ကျွန်တော် နှင့် သဘောတရားရေးရာတို့တွင် ကွဲလွဲခဲ့သည်။ ကျွန်တော်က ငြိမ်းချမ်းရေးဆောင်ရွက် သော အဖွဲ့အစည်းကြီးကို သန့်ရှင်းသောအဖွဲ့အစည်းဟု ထင်မြင်ထားသည်။ နိုင်ငံရေး အာဏာရယူရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းမဟုတ်။

စစ်ဆိုသည်က နိုင်ငံရေးအာဏာရသူရော၊ မရသူရော ဒုက္ခပေးနိုင်သည်ဟု

mgyoe.com

ကျွန်တော်က ယူဆသည်။ စစ်သည် လူသားတို့အား သေကျေပျက်စီးစေသောအရာဖြစ်သည်။ ၁၉၅၀–၅၁ စာရေးဆရာအသင်းတွင် ကျွန်တော်တွေ့ကြုံခဲ့ရသော အတွေ့အကြုံက တစ်မျိုး။ စစ်အေးခေတ်ကာလ သဘာဝအတိုင်း လက်ဝဲနှင့်လက်ယာ အယူအဆသည် ငြိမ်းချမ်းရေးအဖွဲ့အစည်းတွင်တော့ လက်ဝဲအင်အားစုများအတွင်း တွေ့ကြုံရသော အတွေ့အကြုံမျိုး။ လက်ဝဲဆိုသည်ကလည်း အမျိုးမျိုး။ ကျွန်တော်က ငြိမ်းချမ်းရေးအဖွဲ့အစည်းကို သန့်ရှင်းသော၊ ကျယ်ပြန့်သော၊ ကြီးမားသော ငြိမ်းချမ်းရေးအင်အားစုအဖြစ် မြင်သည်။ တစ်ဖက်ကတော့ တစ်မျိုး။ ပါတီအင်အားကောင်းလာရေးကို ငြိမ်းချမ်းရေးအဖွဲ့အစည်းအတွင်းမှ ရယူလိုဟန်ရှိသည်ဟု ကျွန်တော်က ထင်မြင်စပြုလာသည်။

(ဂ)

၁၉၅၂ ငြိမ်းချမ်းရေးညီလာခံကြီးတွင် ကျွန်တော် ပြည်တွင်းရေးရာနှင့် ပတ်သက်သော အဆိုတစ်ခုကို သဘာပတိအဖွဲ့တွင် တင်ပြခဲ့သည်။ အဆိုမူကြမ်းသဘောမှာ ဖဆပလအစိုးရနှင့် တောတွင်းအဖွဲ့အစည်းတို့ တွေ့ဆုံဆွေးနွေးကြပြီး ပြည်တွင်းစစ်ရပ်စဲပြီး ငြိမ်းချမ်းရေးရယူရန် အဆိုဖြစ်သည်။

အဖွဲ့ဝင်ပါတီခေါင်းဆောင်တစ်ဦးက ပြည်တွင်းစစ်ရပ်စဲရေးသည် ပြည်သူ့လွတ်မြောက်ရေးတိုက်ပွဲကို တားရာရောက်သည်ဟုဆိုသည်။ ကျွန်တော် သဘောမတူ။ အပြန်အလှန် ငြင်းကြခုံကြသည်။ သို့သော် နောက်ဆုံး၌ ၎င်းအဆိုမူကြမ်း တင်ရန်မလိုဘဲ သူတို့သာတင်မည်ဆို၍ ကျွန်တော် အလျှော့ပေးလိုက်သည်။ အကယ်၍ ညီလာခံတွင် ကျွန်တော် တင်ပြလိုက်မည်ဆိုပါက အစည်းအဝေးတွင် ထောက်ခံသူများရှိနိုင်သည်ကို ကျွန်တော်သိသည်။ သူတို့က သူတို့ပါတီအနေဖြင့် တင်သွင်းခြင်းဖြင့် နိုင်ငံရေးသိက္ခာရရှိရန်ဟု ကျွန်တော်က ထင်လိုက်သည်။

ကျွန်တော်က နိုင်ငံရေးသမားမဟုတ်။ နိုင်ငံရေးသမား မဟုတ်သူက ယင်းအဆိုတင်သွင်းခြင်းကို သူတို့က အလိုရှိရန်မတူ။ အဆိုမှာ ကျွန်တော်၏စိတ်အကြိုက်ကြီးတော့မဟုတ်။ သို့သော် လက်ခံနိုင်သောအဆိုဖြစ်၍ သိပ်အငြင်းအခုံမလုပ်တော့။ ယင်းအဆိုကို သခင်ကိုယ်တော်မှိုင်းပန်ကြားလွှာ ဟူသောခေါင်းစဉ်အမည်ဖြင့် တင်သွင်းသည်။

ကျွန်တော်နှင့် ငြိမ်းချမ်းရေးအယူအဆ မတူကြ၊ ငြိမ်းချမ်းရေးခံစားမှုလည်း

mgyoe.com

မတူကြ၊ ငြိမ်းချမ်းရေးလှုပ်ရှားမှုပုံသဏ္ဌာန်လည်း မတူကြ၊ ကျွန်တော်က ငြိမ်းချမ်းရေးသည် အရာအားလုံး၏အထက်မှာရှိသည်ဟု ယူဆသည်။ အခြားသောအရာများသည် ငြိမ်းချမ်းရေးအောက်တွင်သာ ရှိရမည်။ ငြိမ်းချမ်းရေးလောက် မြင့်မြတ်တာမရှိ။

ကမ္ဘာတွင်ကား နောက်ထပ်စစ်ဖြစ်နိုင်သော အခြင်းအရာများ ရှိနေသေးသည်။ အရှေ့၊ အနောက်ဂျာမနီဟု ခွဲခြားနေသည်။ အနောက်ဂျာမနီက လက်နက်အင်အားကြီးမားအောင်ဆောင်ရွက်နေသည်။ မြောက်နှင့်တောင်ကိုရီးယား စစ်ပွဲတို့ကလည်း မပြီးသေး။ ဗီယက်နမ်တွင်လည်း လွတ်မြောက်ရေးစစ်ပွဲက ရှိနေသေးသည်။

လက်နက်များ အပြိုင်အဆိုင်ထုတ်လုပ်နေကြသည်။ အဏုမြူလက်နက်များ ရရှိအောင်ကြိုးပမ်းနေကြသည်။

ငြိမ်းချမ်းရေးလှုပ်ရှားမှုသည် ဤအချိန်တွင် အရေးကြီးနေသည်ဟု ကျွန်တော် ခံစားနေမိသည်။ ကျွန်တော်၏ ငြိမ်းချမ်းရေးခံစားမှုက လျော့မသွားဘဲ ပို၍ပင် ထက်သန်လာသည်။

တော်ဝင်ဂျာနယ်၊ စက်တင်ဘာ၊ ၁၉၉၄။

❐

mgyoe.com

mgyoe.com

# စည်းရုံးရေးပုံသဏ္ဍာန်နှင့် လူထုဆန္ဒ

(က)

ကျွန်တော်သည် ကျောင်းသားဘဝ ၁၉၃၆ ခုနှစ်ကာလလောက်ကစ၍ လူထုလှုပ်ရှားမှုနှင့် စတင်ထိတွေ့ခံစားခဲ့ရသည်။ ၁၉၃၆ ကျောင်းသားသပိတ်က စသည်။ ထိုအခါ ကျွန်တော်သည် ဆယ်တန်းကျောင်းသား။ ပထမဦးဆုံးသော နိုင်ငံလုံးဆိုင်ရာ ကျောင်းသားညီလာခံကို တက်ရောက်ခဲ့သည်။ ကျွန်တော်တို့၏ မြို့ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုအခါက ကျွန်တော်သည် ဘဝအတွေ့အကြုံ၊ ကျောင်းစာအတွေ့အကြုံ နုနယ်လှသေးသည်။ ကျောင်းသားညီလာခံ မတိုင်မီ သပိတ်လှန်ရေး၊ မလှန်ရေးကိစ္စများ ဆွေးနွေးကြသည်။ မော်လမြိုင်ဇရပ်တွင် ကျင်းပသောအစည်းအဝေးသို့ ကျွန်တော် တက်ရောက်ခဲ့သည်။ သို့သော် သူများပြောသည်ကိုသာ နားထောင်ခဲ့ရသည်။ ကျွန်တော်ဝင်ရောက်၍ ပြောဆိုရန်ကောင်းစွာ ပြင်ဆင်မှုမရှိဟု ဆိုနိုင်သည်။ ပထမဆုံးဖွဲ့စည်းလိုက်သော နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌအဖြစ် မစ္စတာရာရှစ်၊ ထိုအခါက တက္ကသိုလ်သမဂ္ဂ ဒုတိယဥက္ကဋ္ဌကို ရွေးချယ်လိုက်သောအခါ စိတ်ထဲမှာ သိပ်နားမလည်၊ သိပ်မကျေနပ်ချင်။ မကျေနပ်သည်မှာကတော့ ထူးထူးထွေထွေအကြောင်းမဟုတ်။ မစ္စတာရာရှစ်၏ အရည်အချင်းကို ကျွန်တော် သံသယဖြစ်၍မဟုတ်။ မြန်မာမဟုတ်သော အိန္ဒိယသားတစ်ယောက်ကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရပါမည်လော ဟူသောအတွေးလောက်သာ နုံးနုံးညံ့ညံ့ရှိခဲ့သည်။ ယင်းသည် လူထုလှုပ်ရှားမှုအတွေ့အကြုံ၊ ဒီမိုကရေစီအတွေ့အကြုံ ဟူ၍လည်း ဆိုနိုင်သည်။ ဒီမိုကရေစီဆိုသည်မှာ အခြားမဟုတ်။ လူအများနှင့် ဆက်သွယ်ဆောင်ရွက်

mgyoe.com

သည့်အတွေ့အကြုံကိုဆိုလိုသည်။ ဒီမိုကရေစီအတွေ့အကြုံ နည်းနည်းပါးပါးရှိသည်။ ကျွန်တော် ရှစ်တန်း ကိုးတန်းလောက်က ထင်သည်။ ကျွန်တော်တို့ကျောင်းတွင် ကျောင်းပါလီမန်ဟူသော အစည်းအဝေးတစ်ခု ကျင်းပသည်။ ထိုအခါက အမျိုးသား ကျောင်းဆရာကြီးများမှာ ကျောင်းသားများကို ဒီမိုကရေစီအတွေ့အကြုံ ရစေချင်၍ လုပ်ဆောင်ခဲ့သည်ကို နောင်အခါမှ ကျေးဇူးတင်မိသည်။

ကျွန်တော်တို့ကိုလည်း အရွေးခံခိုင်းကြသည်။ ကျွန်တော် ငါးတန်းမှ သွား၍ အရွေးခံသည်။ ကျွန်တော်နှင့်ပြိုင်ဘက် အရွေးခံသူရှိသည်။ သို့သော် ကျွန်တော် ရှုံးသည်။ ကျွန်တော် မရ။ ကျွန်တော်က ကျောင်းတွင် အပေါင်းအသင်းဆံ့သူမဟုတ်။ စကားလည်း များများပြောတတ်သူမဟုတ်။ ဝေဝေဆာဆာပြောတတ်သူ မဟုတ်။ ထို့ကြောင့် စည်းရုံးရေး၌ ညံ့ဖျင်းသည်ဟု ကိုယ့်ကိုယ်ကိုယ် သုံးသပ်မိသည်။ ကျွန်တော့် ကျောင်းပါလီမန်မှာ ဒီတစ်နှစ်ပင်ဖြစ်သည်။ နောက်တစ်နှစ်တွင် မဖြစ်တော့။ ထို့ကြောင့် ကျွန်တော်လည်း နောက်ထပ်အတွေ့အကြုံမရှိတော့။ ထို့နောက် ၁၉၃၈ တွင် တက္ကသိုလ် သို့ရောက်လာပြီးနောက် တက္ကသိုလ်သမဂ္ဂတွင် ပါဝင်ဆောင်ရွက်ရသည်။ တက္ကသိုလ် အမှုဆောင်များကို အသင်းဝင်များထဲမှ ရွေးချယ်တင်မြှောက်ရသည်။

၁၉၃၉–၄၀ နှစ်အတွက် သမဂ္ဂအမှုဆောင်အဖွဲ့တွင် ကျွန်တော် ပါဝင်ခွင့် ရသည်။ ဥက္ကဋ္ဌကိုလှရွှေ၊ ဒုတိယဥက္ကဋ္ဌ ကိုကျော်မြင့်၊ (ဘီအေအောင်ပြီး ဥပဒေတန်း တက်နေသူ)၊ ငွေထိန်းတီပီဝမ်း၊ (ဥပဒေတန်းတက်နေသူ) တို့ကို ရွေးကောက်ပွဲပြီးသော အခါ အမှုဆောင်ခြောက်ယောက်ကို ရွေးကောက်ပွဲကျင်းပသည်။ သို့သော် ယှဉ်ပြိုင်သူ ခြောက်ယောက်သာရှိနေသဖြင့် ရွေးကောက်ပွဲမလုပ်ရဘဲ အမှုဆောင်ဖြစ်သွားကြသည်။

အကယ်၍ ကျွန်တော်အရွေးမခံရလျှင်လည်း သူတို့က အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် အမှုဆောင်အဖွဲ့မှာခန့်ထားမည်ဟု ကျွန်တော်သိနေသည်။ စာကြည့် တိုက်မှူးနှင့် အိုးဝေမဂ္ဂဇင်းအယ်ဒီတာကို ရွေးကောက်ပွဲဖြင့်မဟုတ်ဘဲ ရွေးကောက်ခြင်း ခံရသော အမှုဆောင်အဖွဲ့မှ ရွေးချယ်ခန့်ထားခွင့်ရှိသည်ဟု ဖွဲ့စည်းပုံဥပဒေက ပြဋ္ဌာန်း ထားပြီးဖြစ်သည်။ အိုးဝေမဂ္ဂဇင်းအယ်ဒီတာကို ဂျပ်ဆင်ကောလိပ်မှ ဘောဂဗေဒ ဂုဏ်ထူးတန်းကျောင်းသား ကိုမြစောကို ခန့်ထားသည်။ သို့သော် ကျွန်တော့်ကိုလည်း အိုးဝေမဂ္ဂဇင်း လုပ်စေချင်ကြ၍ သူနှင့်တွဲဖက်၍ အိုးဝေမဂ္ဂဇင်း မြန်မာစာပိုင်း စာတည်း အဖြစ် ရွေးချယ်လိုက်ကြသည်။

၁၉၄၀–၄၁ နှစ်တွင်လည်း ကျွန်တော် ပါဝင်ရပြန်သည်။ ထိုအခါ ပါဝင်

mgyoe.com

mgyee.com

ယှဉ်ပြိုင်သူများ၏ ရွေးကောက်ပွဲလုပ်သည်။ ကျွန်တော်မှတ်မိသလောက် ကျွန်တော်က မဲအများဆုံးရလိုက်သည်။ သို့နှင့် အရွေးခံရပြန်သည်။ ထိုစဉ်က ကျွန်တော့်ကို အတွင်းရေးမှူးလုပ်ရန် ပြောကြသည်။ ကျွန်တော် မလုပ်။ ကျွန်တော်က အစည်းအဝေးများ၊ အခမ်းအနားများတွင် ရှေ့ဆုံးကနေရမှာ သိပ်ရှက်နေသည်။ ၁၉၃၉–၄၀ နှစ်က တစ်ည အဖြစ်အပျက်ကို သွားသတိရမိသည်။ ထိုည သမဂ္ဂအစည်းအဝေး ဟောပြောပွဲတစ်ခု ကျင်းပသည်။ ယင်းအစည်းအဝေးတွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည့်သူမှာ ထိုအခါက သမဂ္ဂအတွင်းရေးမှူး ကိုဘကကလေးဖြစ်သည်။ သို့သော် ကိုဘကကလေး ဖျားနေ၍ ကျွန်တော့်ကိုလုပ်ခိုင်းသည်။ ကျွန်တော် ငြင်း၍မရတော့။ အစည်းအဝေး လုပ်မည့်ဆဲဆဲတွင်မှ ကပ်၍လုပ်ခိုင်းခြင်းဖြစ်သည်။ ငြင်းလိုက်လျှင် တာဝန်မယူရာ ကျမည်စိုး၍ မရှုံ့မရဲနှင့် ကျွန်တော်က လုပ်မည်ဟု ပြောလိုက်ရခြင်းဖြစ်သည်။

အစည်းအဝေးက ကပ်နေပြီ။ ခန်းမတွင် လူတွေစုံနေပြီ။ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည် ဆိုသည်မှာလည်း သိပ်တာဝန်လေး၍တော့မဟုတ်၊ ဥက္ကဋ္ဌစင်မြင့် အရှေ့ရှိ စားပွဲတွင်ထိုင်နေရန်ဖြစ်သည်။ အထူးပြောရန်လည်း မလို။ သို့သော် အစည်းအဝေးစမည် ရှိသောအခါ အတွင်းရေးမှူးဖြစ်သူက ခန်းမထဲသို့ အရင်ဝင်သွားပြီးလျှင် စားပွဲပေါ်ရှိ ခေါင်းလောင်းဘဲလ်ကို နှိပ်လိုက်ပြီးလျှင် ဥက္ကဋ္ဌကြီး (President)ကြွလာပြီဟု ကြေညာရန်သာဖြစ်သည်။ ကျွန်တော်က တစ်ခါမျှ အခမ်းအနားမှူးမလုပ်ဖူး။ သို့သော် မတတ်နိုင်။ ခန်းမထဲတွင် အစည်းအဝေးစတော့မည်။ ကျွန်တော်က ရင်တထိတ်ထိတ်။ ကျွန်တော်ဝင်သွားကာ အတွင်းရေးမှူးနေရာတွင် ဝင်ရပ်လိုက်သည်။ ဥက္ကဋ္ဌကတော့ ပြင်ပနေရာတွင် ရပ်နေရသည်။ ထိုအခါ ဥက္ကဋ္ဌကိုလှရွှေသည် ခေါင်းပေါင်း ပန်းရောင်နှင့်။

ကျွန်တော်က ဘဲလ်တီးရန်ကိုမေ့ပြီး "သည် ပရဲဆီးဒင့်" "ဥက္ကဋ္ဌကြီး" ဟု ကြေညာလိုက်သည်။ သို့သော် ဘဲလ်သံမကြား၍ တချို့က မထ။ ကျောင်းသားဥက္ကဋ္ဌဝင်လာလျှင် ကျောင်းသားများက ထကြရသည်။ ကျွန်တော်က သတိရပြီး ဘဲလ်ကိုနှိပ်လိုက်မိသည်။ ကိုလှရွှေကလည်း ဝင်မည်လုပ်ပြီးမှ ခဏရပ်ပြီးမှ ဘဲလ်သံကြားမှ ဝင်ရတော့သည်။ ကျွန်တော်က ရင်တထိတ်ထိတ်။ ကျွန်တော့်စားပွဲဝိုင်းကြီးရှေ့တွင် သတင်းထောက်များရှိသည်။ ကပ်လျက်တွင် ကျောင်းသူများ၏နေရာရှိသည်။ ထို့ကြောင့် ကျွန်တော်က ရှက်တက်တက်ဖြစ်နေသည်ဟု သုံးသပ်မိသည်။ သည်ကတည်းက ကျွန်တော် အခမ်းအနားမှူး မလုပ်ချင်တော့။ ကျွန်တော့်မိတ်ဆွေ သမဂ္ဂအမှုဆောင်များ

mgyee.com

ကတော့ ကျွန်တော့်အဖြစ်ကိုကြည့်ပြီး ပြုံးကြသည်။ ရယ်မောကြသည်။ မတတ်နိုင်။ ထို့ကြောင့်ပင် နောက်နှစ်တွင် ကျွန်တော့်ကို အတွင်းရေးမှူးလုပ်ခိုင်းသောအခါ ကျွန်တော်က ငြင်းလိုက်ခြင်းဖြစ်သည်။ ထိုအခါက ကျွန်တော် အသက် ၂၀ အရွယ်။

ကျွန်တော်သည် ပရိသတ်နှင့် ရင်ဆိုင်နေရသည်ဖြစ်၍ မျက်နှာထားခက်လှသည်။ ထို့ကြောင့်ပင် ကျွန်တော့်ထံ ပါလာသောစာရွက်တွင် ဟိုခြစ်သည်ခြစ်နှင့် အရုပ်ရေးနေသည်ကို မှတ်မိနေသေးသည်။

၁၉၄၀–၄၁ နှစ်တွင် ဥက္ကဋ္ဌက ကိုလှမောင် (သံအမတ်)၊ ဒုတိယဥက္ကဋ္ဌမှာ ကိုသန်းမောင် မန္တလေး၊ ငွေထိန်းမှာ ကိုထွန်းဝင်း (ဖဆပလ အစိုးရ ပြန်ကြားရေးဝန်ကြီး)၊ အတွင်းရေးမှူးမှာ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်) တို့ ဖြစ်ကြသည်။ ထိုနှစ်က အိုးဝေမဂ္ဂဇင်းအယ်ဒီတာမှာ ကိုမြစိန်ဖြစ်သည်။ စစ်ကြိုခေတ်ကတော့ ၁၃၀၀ ပြည့် အရေးတော်ပုံ သပိတ်ကာလ အတွေ့အကြုံ၊ ထို့နောက် သမဂ္ဂအမှုဆောင်အဖွဲ့ အတွေ့အကြုံလောက်သာ ရှိသည်။

ထူးထူးခြားခြား ငြင်းကြ၊ ခုံကြ ဖြတ်သန်းရသောအတွေ့အကြုံကား သိပ်မရှိလှ။ အဖွဲ့အစည်းအတွေ့အကြုံဆိုသည်က မိမိ၏တင်ပြချက်များကို ဦးဆောင်အဖွဲ့ဝင်များက သဘောပေါက်နားလည်ပြီး လက်ခံရန်ဆောင်ရွက်ရသော ကိစ္စများပါဝင်သည်။ အဖွဲ့အစည်းတွင် အမှုဆောင်အားလုံး တက်တက်ကြွကြွရှိသည်မဟုတ်။ လူနည်းစုလောက်ကသာ တက်တက်ကြွကြွရှိ၍ ကျန်လူများက သဘောတူချက်ပေးလျှင် အဆိုတစ်ရပ် ဖြစ်မြောက်သွားတတ်သည်။ ယင်းသို့ တက်တက်ကြွကြွ ဆောင်ရွက်သူများမှာ ခေါင်းဆောင်မှုရသွားတတ်ကြသည်။

သမဂ္ဂအတွေ့အကြုံမှနေ၍ ပြင်ပရှိ တို့ဗမာအစည်းအရုံး စသော အဖွဲ့အစည်းကြီးများ၊ ခေါင်းဆောင်များနှင့် ထိတွေ့ရသည်။ ခင်မင်ရင်းနှီးရသည်။ ယင်းသည်လည်း အဖိုးတန်သောနိုင်ငံရေးနှင့်ပတ်သက်သည့် အတွေ့အကြုံများဖြစ်သည်ဟု ဆိုရပေမည်။

တစ်နည်းဆိုရသော် ယင်းအတွေ့အကြုံများသည် ဒီမိုကရေစီ၏ အတွေ့အကြုံ အစဖြစ်သည်။

## (၁)

၁၉၄၁ တွင် အာရှစစ်ဖြစ်လာသည်။ ကျောင်းသားသမဂ္ဂနှင့် တို့ဗမာအစည်းအရုံးမှ မိတ်ဆွေများ၏ လှုပ်ရှားမှုများကို နည်းနည်းပါးပါး အကူအညီပေးဖြစ်သည်။
mgyoe.com

mgyoe.com


ဂျပန်ခေတ်တွင်ကား ကျွန်တော် ဘာမျှမလုပ်။ ဘယ်အဖွဲ့အစည်းမျှ မပါ။ ရွှေတောင်ကြားရှိ ကျောင်းသားသမဂ္ဂ၊ တို့ဗမာအစည်းအရုံးမှ မိတ်ဆွေများမှာ နိုင်ငံရေးခေါင်းဆောင်၊ တပ်မတော်ခေါင်းဆောင်များ ဖြစ်သွားကြရာ သူတို့နှင့်အတူ နေဖြစ်သွားသည်။ ကျွန်တော်ကတော့ စာများများဖတ်ဖြစ်သည်။ စစ်အတွေ့အကြုံရ၍လည်း စာနှင့် အတွေ့အကြုံများကို ဆက်စပ်ညှိနှိုင်းကြည့်ခွင့်ရသည်။

စစ်ပြီးစတွင် ကျွန်တော် မဂ္ဂဇင်းထုတ်ဝေပြီး နောက်နှစ်တွင် စာရေးဆရာအသင်းသို့ မမျှော်လင့်ဘဲ ရောက်ရှိသွားသည်။ ယင်းအတွေ့အကြုံသည်လည်း အဖွဲ့အစည်း အတွေ့အကြုံဟု ဆိုနိုင်သည်။ နှစ်ကာလကလည်း မကြာ။ တစ်နှစ်သက်တမ်းသာ ဖြစ်သည်။ (၁၉၅၀–၅၁)၊ သို့သော် ထိုအခါက စစ်အေးစချိန်၊ လက်ဝဲလက်ယာပြိုင်ဆိုင်မှုစချိန်ဖြစ်၍ အတွေ့အကြုံကတော့အတော်ကလေးရရှိလိုက်သည်။ ကျွန်တော့်ကို လက်ဝဲဟု သဘောထားကြ၍ လက်ယာဟုဆိုသော သူတို့နှင့် လက်ဝဲလူငယ်တစ်စုတို့က အဖွဲ့အစည်းအတွင်းတွင် အတိုက်အခံလုပ်ကြသည်။ ယင်းသည် ကျွန်တော်တို့အတွက် ဒီမိုကရေစီအတွေ့အကြုံများ ရရှိလိုက်သည်။

အမည်တပ် ဝေဖန်ပြောဆိုခြင်းများဖြစ်၍ ငြိမ်းချမ်းသော ပြိုင်ဆိုင်မှုခေါ်လျှင်လည်း ရမည်ထင်သည်။ မိမိ၏အတွေးအခေါ်၊ မိမိ၏အယူအဆ၊ မိမိ၏လုပ်ရပ်ကို ပို၍မှန်ကန်လာရန်၊ အပြစ်ကင်းရန်၊ တည့်မတ်လာရန် လုပ်ဆောင်ချက်မျိုး ဖြစ်လာနိုင်သည်။

စစ်မဖြစ်မီခေတ် ကျောင်းသားသမဂ္ဂအဖွဲ့ အစည်းအရုံးဆောင်ရွက်သူများမှာ ကိုယ့်ထမင်းကိုယ်စား၍ ဆင်းဆင်းရဲရဲဖြင့် ကိုယ်ကျိုးမဖက်လွတ်လပ်ရေးအတွက် ဆောင်ရွက်ကြသည်။

ဂျပန်ခေတ်ရောက်တော့ သူတို့သည် အစိုးရအဖွဲ့ဝင်များ ဖြစ်သွားကြသည်။ အစိုးရအဖွဲ့ဝင်ဆိုတော့ လခရရှိကြသည်။ ယင်းသူတို့နှင့် နေသဖြင့်လည်း အာဏာမရမီ အခြေအနေ၊ အာဏာရပြီး (ဆိုပါတော့) အခြေအနေတို့ကို ထိတွေ့ရသည်။

စစ်ပြီးသောအခါ ကျွန်တော် သူတို့နှင့် ထိတွေ့မှုနည်းသွားရသည်။ သူတို့ကတော့ ဆက်လက်၍ လွတ်လပ်ရေးအတွက် ကြိုးပမ်းကြသည်။ လွတ်လပ်ရေးရရှိပြီးနောက် အစိုးရအဖွဲ့ဝင်များအဖြစ် လုပ်ကိုင်ဆောင်ရွက်ကြသည်။ ဒီတော့ကျွန်တော်နှင့် တွေ့စရာအကြောင်းမရှိတော့။ ကျွန်တော်ကလည်း အလည်အပတ်ပင်မသွားဖြစ်တော့။ ယခု ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုအဖွဲ့အစည်းတွင် ပါဝင်လာသော

mgyoe.com

mgyoe.com

အခါ ယခင် ကျွန်တော်နှင့် သမဂ္ဂလုပ်ဖော်ကိုင်ဖက်များ၊ တို့ဗမာအစည်းအရုံးမိတ်ဆွေများမဟုတ်တော့။ သူတို့သည် ထိုအခါက ဖဆပလအစိုးရ၏ အတိုက်အခံနိုင်ငံရေးခေါင်းဆောင်များ ဖြစ်နေကြသည်။ သူတို့နှင့် ကျွန်တော် ထိတွေ့ရသည်။ ကျောင်းသားသမဂ္ဂ မိတ်ဆွေများကဲ့သို့ သူတို့အကြောင်းကို သိပ်သိသည်မဟုတ်။ သို့သော် အတွေ့အကြုံဖြင့်တော့ တဖြည်းဖြည်းသိလာရသည်။ အတွေ့အကြုံသစ်တစ်ရပ်ဟု ဆိုနိုင်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှု အဖွဲ့ဝင်ဆိုသည်ကတော့ အယူအဆမျိုးစုံပါဝင်သဖြင့်လည်း အတွေ့အကြုံသစ်များရရှိသည်။ ယင်း အတိုက်အခံခေါင်းဆောင် ဆိုသူများမှာ ဖဆပလ ဖွဲ့စဉ်ကတော့ တစ်ဖွဲ့တည်းဖြစ်သည်။ သို့သော် နောက်ကျမှပင် ဆိုရှယ်လစ်ပါတီမှခွဲထွက်ကာ အလုပ်သမား၊ လယ်သမားပါတီ စသည်ဖြင့် တည်ထောင်သောသူများ ဖြစ်ကြသည်။

ကျောင်းသားဘဝ သမဂ္ဂလုပ်ဖော်လုပ်ဖက်များသည် စစ်ပြီးသောအခါ ကွန်မြူနစ်အင်အားစု၊ ဆိုရှယ်လစ်အင်အားစု စသည်ဖြင့် ခြားနားသွားကြသည်။ ဆိုရှယ်လစ်အင်အားစုဆိုသူများက အစိုးရအဖွဲ့ဝင် အာဏာရရှိသူများ ဖြစ်သွားကြသည်။ ကွန်မြူနစ်အင်အားစုတို့က အာဏာမဲ့နေရာ ရောက်သွားကြသည်။ ယင်းသည်လည်း သဘာဝကျသည်ဟု ဆိုနိုင်သည်။ ပြည်တွင်းအခြေအနေ၊ ကမ္ဘာ့အခြေအနေအရ အပြောင်းအလဲသည် ရှိရမည်သာဖြစ်သည်။

(၈)

လူအမျိုးမျိုး၊ အဖွဲ့အစည်းအမျိုးမျိုး ရှိသည်မှာ သဘာဝတ္တတရားပင်ဖြစ်သည်။ လူအမျိုးမျိုးတွင် ဘဝအမျိုးမျိုး၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အမျိုးမျိုး၊ ပညာအမျိုးမျိုး၊ အတွေ့အကြုံအမျိုးမျိုးဟူ၍ ဖွဲ့စည်းထားသည်။ ထို့ကြောင့်ပင်လျှင် ကမ္ဘာကြီးသည် ဧကမဟုတ်၊ ဗဟုကမ္ဘာကြီးဖြစ်သည်ကို အထင်အရှားတွေ့နိုင်သည်။ ယင်းသို့ ထွေပြားမြားမြောင် ရှုပ်ထွေးသော ဗဟုအခြေအနေကို မိမိယုံကြည်ချက်၊ အယူအဆ၊ အလုပ်အကိုင် တူရာဖွဲ့စည်းကာ ညီညွတ်ရေးဆောင်ရွက်ကြသည်။ ငြိမ်းချမ်းရေးအဖွဲ့အစည်းကြီးသည်လည်း ယင်းသို့ပင် စစ်တားဆီးရေး၊ ငြိမ်းချမ်းရေးဟူသောရည်ရွယ်ချက်တွင် တူညီ၍စုပေါင်းကာ ညီညွတ်ကြရခြင်းဖြစ်သည်။ ယင်းသည်လည်း သဘာဝတ္တတရားပင်ဖြစ်သည်။

ကျွန်တော်သည် ငြိမ်းချမ်းရေးအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်သဖြင့်လည်း

mgyoe.com

ယင်းသို့သော မတူညီခြင်းများကို အတူယှဉ်တွဲဆောင်ရွက် ညီညွတ်လာအောင် လုပ်ရမည့် အတွေ့အကြုံရရှိခဲ့သည်။ ယင်းသည် အဖွဲ့အစည်းအတွေ့အကြုံ၊ ညီညွတ်ရေး အတွေ့အကြုံဟု ဆိုရပေမည်။

ကမ္ဘာကြီးပြောင်းလဲနေသည်။ ယင်းကမ္ဘာကြီး စစ်နှင့်ငြိမ်းချမ်းရေးအတွက် ဖြစ်ပျက်နေခဲ့သော အခြေအနေတို့ကိုလေ့လာကာ ငြိမ်းချမ်းရေး ရရှိရေးအတွက် စဉ်းစားတွေးခေါ်ရသောအခါ စစ်နှင့်ငြိမ်းချမ်းရေး မျက်နှာစာများကို ထင်ထင်ရှားရှား တွေ့မြင်နေရသည်။

တကယ်ကတော့ ကျွန်တော့်မှာ နိုင်ငံရေးအတွေ့အကြုံ ရှိလှသည်မဟုတ်။ ကျောင်းသားအဖွဲ့အစည်းအတွေ့အကြုံ၊ စာရေးဆရာအဖွဲ့အစည်း အတွေ့အကြုံမျှသာ ရှိသည်။ ငြိမ်းချမ်းရေးလှုပ်ရှားမှုအဖွဲ့ကြီးကတော့ သည်ထက်ကျယ်ပြန့်သည်၊ စုံလင်သည်၊ ထွေပြားမြားမြောင်သည်။ ကျွန်တော် နှစ်သက်ယုံကြည်သော ငြိမ်းချမ်းရေး လှုပ်ရှားမှုအင်အား ကောင်းလာရအောင် မည်သို့သော စည်းရုံးရေးပုံသဏ္ဌာန်ဖြင့် ဆောင်ရွက်ကြမည်လဲ၊ လူထု၏ ငြိမ်းချမ်းရေးဆန္ဒကို မည်သို့စည်းရုံးမည်လဲ ဟူသော အတွေးအခေါ်ဖြင့် ကျွန်တော်သည် ငြိမ်းချမ်းရေးအဖွဲ့တွင် စတင်ပါဝင်ခဲ့ရပေသည်။

၃၀–၈–၉၄

တော်ဝင်ဂျာနယ်၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ၁၉၉၄။

❐

mgyoe.com

mgyoe.com

# နှစ်ခြမ်းကွဲနေသော ကမ္ဘာ

## (က)

အာရှစစ်ဖြစ်စက ကျွန်တော်တို့မှာ အသက် ၂၀ ကျော်သာ ဖြစ်နေပေသည်။ ကျောင်းကလည်းထွက်နေပြီ။ ထို့နောက် စစ်နှင့်တော်လှန်ရေးကို ဖြတ်သန်းလိုက်ရသည်။ စစ်အတွေ့အကြုံရလိုက်သည်။ စစ်နှင့်ပတ်သက်သော အတွေးအခေါ်ရလိုက်သည်။ ထို့နောက် စစ်ပြီးစတွင် ကျွန်တော်တို့ လွတ်လပ်ရေးရလာသည်။ ထိုအခါ ကမ္ဘာကြီးနှင့် ဆက်စပ်နေသည်။ ယခင်ကထက်ပို၍ ကျယ်ဝန်းများပြားလာပေသည်။ ယခင်ကမူ ကျောင်းစာအုပ်ထဲတွင်၊ ကျောင်းပြင်ပစာအုပ်ထဲတွင် ကမ္ဘာ့ရေးရာများကို ဖတ်ရှုကြရသည်။

ယခု လွတ်လပ်ရေးရပြီး နိုင်ငံတော်သစ်ထူထောင်သောအခါ ကမ္ဘာကြီးနှင့် ဆက်စပ်၍ကား မိမိတို့ထိတွေ့ရသောအရာ ဖြစ်လာရပေသည်။

အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုတွင် တက်တက်ကြွကြွ ထက်ထက်သန်သန် ပါဝင်ဆောင်ရွက်ကြသူများမှာလည်း ကျွန်တော်တို့နှင့် ခင်မင်ရင်းနှီးသော ကျောင်းနေဖက် မိတ်ဆွေများဖြစ်နေကြသည်။ ထို့ကြောင့် သူတို့၏ကြိုးပမ်းမှုများကို ကျွန်တော် သိနေရသည်။

လွတ်လပ်ရေးရသောအခါ ယင်းကျောင်းသားသမဂ္ဂမှ မိတ်ဆွေများမှာ နိုင်ငံရေးအဖွဲ့အစည်းများကိုယ်စီနှင့် ဖြစ်နေကြပြီးနောက် ပြည်တွင်းစစ်ဖြစ်သောအခါ နှစ်ပိုင်းကွဲသွားသည်ကို ခံစားလိုက်ရသည်။ ကျွန်တော် မကြိုက်။ သို့သော် မတတ်နိုင်။ နိုင်ငံရေးပြောင်းလဲမှုဆိုသည်မှာ ကျွန်တော်တို့ကြိုက်သည် မကြိုက်သည်နှင့် မဆိုင်။

mgyoe.com

mgyoe.com


(ခ)

၁၉၅၂ တွင် ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှု အဖွဲ့အစည်း၏ ဒုတိယဥက္ကဋ္ဌအဖြစ် စတင်ဆောင်ရွက်သောအခါ၌ ကမ္ဘာကြီးသည်လည်း နှစ်ခြမ်းဖြစ်နေသည်ကို တွေ့ရသည်။ သည့်အတွက် သိပ်တော့ဆန်းသည်မဟုတ်။ နိုင်ငံတွင်း စနစ်များပေါ်တွင် တည်၍ အယူအဆအရ ကွဲပြားခြားနားသည့်အလျောက် ကမ္ဘာကြီး နှစ်ခြမ်းဖြစ်နေသည်။ တစ်ဖက်က ဆိုရှယ်လစ်အုပ်စု၊ တစ်ဖက်က အရင်းရှင်အုပ်စု။ တစ်နည်းအားဖြင့် ဆိုသော် တစ်ဖက်က ဆိုဗီယက်အုပ်စု၊ တစ်ဖက်က အမေရိကန်အုပ်စု။ ယင်းသည် စစ်ပြီးစကစ၍ စတင်သော စစ်အေးခေတ်ကနဦးကာလ ဖြစ်ပေသည်ဟု ဆိုရပေမည်။ ထိုအခါကတော့ စစ်အေးဟူသော ဝေါဟာရကိုပင် မကြားဖူး။ အတည်ဖြစ်လာသည် မဟုတ်ပေ။ နှစ်ခြမ်းဖြစ်နေသည်မှာ တကယ်ရုပ်အားဖြင့်လည်း နှစ်ခြမ်းဖြစ်နေသည်။ ဂျာမနီတွင် အရှေ့ဂျာမနီ၊ အနောက်ဂျာမနီ ဟူ၍ ကွဲပြားခြားနားနေသည်။ ကိုရီးယားတွင်လည်း မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားဟု ကွဲပြားခြားနားနေသည်။ အရှေ့ဂျာမနီမှာ ဆိုရှယ်လစ်အုပ်စု မဟာမိတ်ဖြစ်၍ အနောက်ဂျာမနီမှာ အရင်းရှင်အုပ်စု မဟာမိတ်ဖြစ်နေသည်။ ကိုရီးယားတွင်လည်း ထိုနည်းတူပင်။ မြောက်ကိုရီးယားမှာ ကွန်မြူနစ်အုပ်စုတွင် ပါဝင်၍ တောင်ကိုရီးယားမှာ အရင်းရှင်အမေရိကန်အုပ်စုတွင် ပါဝင်သည်။ ကျွန်တော်တို့လေ့လာသော နိုင်ငံရေးရာအားဖြင့် ကွဲပြားခြားနားသည်ကို တွေ့မြင်ရသည်။ ကိုရီးယားတွင်ကား ပိုဆိုးသည်။ စစ်အေးမဟုတ်တော့။ လက်နက်ကိုင်တိုက်ပွဲကြီးဖြစ်နေသည်။ ကိုရီးယားစစ်မှာ မပြီးသေး။ ကိုရီးယားစစ်မှာ ၁၉၅၀ မှစ၍ ၁၉၅၃ တွင် ပြီးဆုံးသွားလေသည်။

ကျွန်တော်တို့ ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့အစည်းတွင် စတင်ဆောင်ရွက်သောအခါ စစ်ဖြစ်နေလျက် ရှိနေသည်။ ကျွန်တော်တို့ ၁၉၅၁၊ အောက်တိုဘာက တရုတ်ပြည်သွားသည့်အခါမှာပင် ကျွန်တော်တို့ နိုင်ငံကူးလက်မှတ်တွင် စစ်ဖြစ်နေသော ဒေသများကို မသွားရန်တားမြစ်ထားသော မှတ်ချက်ကိုတွေ့ရသည်။ ထိုအခါက ကျွန်တော် ကိုရီးယားစစ်အခြေအနေကို သိချင်ခဲ့သည်။ သို့သော် နိုင်ငံကူးလက်မှတ်က ခွင့်မပေး။ စစ်အတွင်းသွားဖို့ရန်ကလည်း မလွယ်ကူပေ။ ယင်းသည် လွန်ခဲ့သော အနှစ် ၄၀ ကျော်က ကမ္ဘာ့အခြေအနေပင်ဖြစ်ပေသည်။

စစ်အေးလွန်ခေတ် ယနေ့အခြေအနေနှင့်တော့ မတူ။ ကိုရီးယားနှစ်ပိုင်းကတော့ ကွဲပြားမြဲကွဲပြားလျက်ပင်။ ဂျာမနီအရှေ့နှင့် အနောက်တို့ကတော့ ပေါင်းစည်းသွားပြီ။
mgyoe.com

ဘာလင်တံတိုင်းကြီးကိုလည်း ဖြိုဖျက်ပစ်လိုက်ပြီ။ အများကြီးပြောင်းလဲသွားပေပြီ။ ဥရောပတွင် ပြောင်းလဲသွားသော်လည်း အာရှ၊ ကိုရီးယားကျွန်းဆွယ်တွင်ကား မပြောင်းလဲသေး၊ တင်းမာမှုများရှိနေသည်။

ဗီယက်နမ်တွင်လည်း တောင်နှင့်မြောက်ဟူ၍ ကွဲပြားလျက်ရှိသည်။ မြောက်ကတော့ ကွန်မြူနစ်အုပ်စုဝင်ရရှိစ အချုပ်အခြာအာဏာကို ထိန်းနေရဆဲ။ တောင်ကတော့ အမေရိကန်ဩဇာခံ။ မြောက်ဗီယက်နမ် အမျိုးသားလွတ်မြောက်ရေးစစ်ပွဲတွင် တရုတ်ဖြူက ကူညီသည်ကိုတွေ့ရသည်။

(ဂ)

စစ်မဖြစ်မီ ကျောင်းသားဘဝက ကျွန်တော်တို့သည် လက်ဝဲစာအုပ်များကို ဖတ်ကြသည်။ ဆိုရှယ်လစ်ဝါဒ၊ မာ့ခ်စ်ဝါဒ။ ယင်းစာအုပ်များက အရင်းရှင်စနစ်၊ နယ်ချဲ့စနစ်၊ ဖက်ဆစ်စနစ်၊ ကိုလိုနီစနစ်များကို ကျကျနနဝေဖန်ထားသည်။ ကိုလိုနီလက်အောက်မှ လွတ်မြောက်လိုသော ကျောင်းသားများအတွက်ကား ယင်းစာအုပ်များသည် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲအတွက် လှုံ့ဆော်သောစာများ ဖြစ်ကြသည်ကို တွေ့ရမည်။

စစ်ပြီးသောအခါတွင်လည်း ယင်းစစ်မဖြစ်ခင်ကစ၍ အမြစ်တွယ်ခဲ့သော နိုင်ငံရေးအယူအဆများသည် ရှင်သန်ဆဲပင်ဖြစ်သည်။ နှစ်ခြမ်းကွဲလျက်ရှိသော ကမ္ဘာကြီးဖြစ်နေပေသေးသည်။ ကွန်မြူနစ်အုပ်စုကမ္ဘာ၊ အရင်းရှင်အုပ်စုကမ္ဘာ။ နယ်ချဲ့တို့သည် စစ်ကိုလိုလားသည်။ ဆိုရှယ်လစ်အုပ်စုတို့သည် စစ်ကိုမလိုလားဟု ထင်ခဲ့သည်။

ကိုရီးယားစစ်တွင်ကား ကုလသမဂ္ဂက မြောက်ကိုရီးယားနိုင်ငံသည် ကျူးကျော်သည်ဟု သတ်မှတ်ခဲ့သည်။ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် မြောက်ကိုရီးယားကို ကုလသမဂ္ဂ တံဆိပ်တပ်ထားသော နိုင်ငံပေါင်းစုံတပ်များက ဝင်တိုက်ကြသည်။ သို့သော် နောက်ပိုင်းတွင်တော့ သိပ်မပါ။

မြောက်ကိုရီးယားကိုတော့ နယ်ချင်းကပ်လျက် တရုတ်ပြည်က အပျော်တမ်းစစ်တပ်ဟူသော အမည်ဖြင့် အကူအညီပေးသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး၏မူဖြင့် ကြည့်သောအခါ စစ်များရပ်စဲရမည်ဟူသော ဆုံးဖြတ်ချက်များ ချခဲ့ရသည်။ တောင်နှင့်မြောက် ပေါင်းစည်းရမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ယင်းဆုံးဖြတ်ချက်များသည် မှန်ကန်သည်ဟု ကျွန်တော်ထင်မိသည်။

mgyoe.com

ငြိမ်းချမ်းရေးအတွက် မှန်ကန်သည်ဟု ကျွန်တော်ထင်မိခြင်းဖြစ်သည်။ ယင်းသို့သော ငြိမ်းချမ်းရေးဘက်မှအယူအဆများ နိုင်ငံတို့တွင် ပြန့်ပွားထွန်းကားနေလျှင် စစ်နှင့် ဝေးမည်၊ စစ်ကိုတားနိုင်မည်ဟူ၍လည်း ကျွန်တော်ထင်သည်။ ထို့ကြောင့် ကမ္ဘာ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းကြီးကို လူထုက တစ်ခဲနက်ထောက်ခံသော အဖွဲ့အစည်းကြီး တစ်ခု ဖြစ်လာစေချင်သည်။

ငြိမ်းချမ်းရေးအဖွဲ့အစည်းကြီးအားကောင်းဖို့ဆိုလျှင် စည်းရုံးရေးပုံသဏ္ဍာန် မှန်ကန်ဖို့လိုမည်ဟု ကျွန်တော်ကတွက်သည်။ စည်းရုံးရေးပုံသဏ္ဍာန်သည် ကျယ်ပြန့် သော လူအများစုလက်ခံနိုင်သော ပုံသဏ္ဍာန်ဖြစ်ရပေလိမ့်မည်။ နိုင်ငံရေးအယူအဆ များ၊ လက်ဝဲလက်ယာအယူအဆများဖြင့် ခြားနားကွဲပြားနေသော အခြေအနေတွင် အားလုံးက ညှိနှိုင်းကြမည်ဆိုလျှင်၊ အစိုးရဘက်ကရော၊ အတိုက်အခံဘက်ကရော ပေါင်းစည်းကာ အားပေးကြမည်ဆိုလျှင် ငြိမ်းချမ်းရေးအင်အားကြီးသည် ကြီးမားလာ မည်ဟု ကျွန်တော်ထင်သည်။

ထို့ကြောင့်ပင် ကျယ်ပြန့်သော စည်းရုံးရေးပုံသဏ္ဍာန်ကို ကျွန်တော် လိုချင် ပေသည်။

ကျွန်တော်တို့၏တိုင်းပြည်မှာ ပြည်တွင်းစစ်ဖြစ်နေသော တိုင်းပြည်ဖြစ်သည်။ ဤအချက်မှာ ထူးခြားသည်။ ပြည်တွင်းစစ်ဖြစ်သည့်အတွက်လည်း အယူအဆများ ပို၍ကွဲပြားသည်။ ပြည်တွင်းစစ်ဖြစ်နေသည့်အတွက်လည်း ဒီမိုကရေစီဘက်က ပြည့် ပြည့်ဝဝ ဆောင်ရွက်ရန်ခက်ခဲနေသည်။ နိုင်ငံရေးအဖွဲ့အစည်းတွင် အတိုက်အခံဘက် က နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများက ပုဂ္ဂိုလ်များ ပါဝင်နေကြသည်။ ယင်းတို့ကို တစ်ဖက်က အတိုက်အခံအဖွဲ့အစည်းဟု ထင်မှတ်တတ်ကြသည်။ ယင်းသည်လည်း သဘာဝကျသည်ဟု ဆိုနိုင်သည်။ အပြင်ပပုံသဏ္ဍာန်ကိုကြည့်၍ မြင်သည်မှာ သဘာဝ တရားပင်ဖြစ်သည်။

စစ်အေးခေတ်ဦးတွင် ဘယ်သူက လက်ဝဲ၊ ဘယ်သူက လက်ယာ စသည်အား ဖြင့် အမည်နာမဖြင့် ခွဲခြား၍သတ်မှတ်တတ်ကြသည်။ ထိုအခါ ငြိမ်းချမ်းရေးအဖွဲ့ အစည်းသည် လက်ဝဲလည်းမဟုတ်၊ လက်ယာလည်းမဟုတ်၊ စစ်တားဆီးရေး၊ စစ် ဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းအဖြစ်သာ လူထုက မြင်မည်ဆိုလျှင် ယင်း အဖွဲ့အစည်းကြီးသည် အားကောင်းသောအဖွဲ့အစည်းကြီး ဖြစ်လာနိုင်မည်ဟု ကျွန်တော်က တွက်ထင်သည်။

mgyoe.com

ယင်းသဘောထားဖြင့် ကျွန်တော်သည် ငြိမ်းချမ်းရေးအဖွဲ့ အမှုဆောင်ထဲတွင် ပါဝင်ကာ ငြင်းခုံဆွေးနွေးခဲ့ရခြင်း ဖြစ်ပေသည်။ လွယ်တော့ လွယ်သည့်ကိစ္စမဟုတ်။ ကျွန်တော်တို့က အယူအဆများကိုသာ ရေးသားနိုင်သည်။ တကယ် လူထုထဲ ဆင်း လုပ်နိုင်သူများမဟုတ်။ တကယ်ဆင်း၍ လုပ်ကိုင်သူများမှာ ကျွန်တော်တို့အဖွဲ့အစည်း ထဲတွင် ပါဝင်ဆောင်ရွက်နေသော နိုင်ငံရေးအဖွဲ့အစည်းများကသာ ဆောင်ရွက်နေခြင်း ဖြစ်သည်။ ယင်းကိုလည်း ကျွန်တော်တို့ နားလည်မိသည်။ သို့သော် ကျွန်တော်က တော့ ကျွန်တော် ဖတ်မှတ်လေ့လာထားခဲ့သော အတွေးအခေါ်များဖြင့်သာလျှင် အစည်း အဝေးများတွင် ပြောဆိုခဲ့ပေသည်။

(၂၃-၉-၉၇)

တော်ဝင်ဂျာနယ်၊ ဇန်နဝါရီ၊ ၁၉၉၅။

❒

mgyoe.com

mgyoe.com

# ပညာရှင်နှင့် ငြိမ်းချမ်းရေးစိတ်ဓာတ်

(က)

စိတ်ဆိုသည်ကို သိရန်ခက်လှသည်။ တစ်ခါတစ်ရံ ဟိုတွေးသည်တွေးနှင့် စိတ်ဓာတ်အကြောင်း တွေးမိပြန်သည်။ ကျွန်တော်ငယ်ငယ်က ရန်မဖြစ်တတ်၊ ဘယ်သူနှင့်မျှ ရန်မဖြစ်၊ ပျော့ညံ့သည်ဆိုလျှင်လည်း ဆိုပါတော့။ ကျွန်တော် မမှတ်မိသော အရွယ် စိတ်ဓာတ်ကိုတော့ မသိ။ ကျွန်တော် ဆယ်ကျော်သက်အရွယ်က သူငယ်ချင်း အပေါင်းအသင်းများနှင့် မြို့အစွန်ရှိချောင်းနံဘေးသို့ ငှက်ပစ်အတူသွားဖူးသည်။

ငယ်ငယ်က ကျွန်တော့်မှာ အပေါင်းအသင်း သိပ်ရှိလှသည်မဟုတ်။ ထိုနေ့ကတော့ မြို့အပြင် စိမ်းစိမ်းမှိုင်းမှိုင်း ရေစပ်၊ ကုန်းစပ်ဆိုတော့ သိပ်လိုက်ချင်သွားသည်။ ချောင်းနံဘေးရောက်သောအခါ သူငယ်ချင်းများက ငှက်ပစ်ကြသည်။ ကျွန်တော်က ချောင်းနံဘေးမြက်ခင်းပေါ်တွင်ထိုင်၍ ရှုခင်းကိုငေးကြည့်နေသည်။ ကျွန်တော်က ရှုခင်းအလှအပများကို စွဲလမ်းနှစ်သက်တတ်သည်။

သူတို့ လင်းဝက်တစ်ကောင်ရသည်။ ပျော်ပျော်ပါးပါးပင် သီချင်းဆိုကာ ပြန်လာကြသည်။ သူငယ်ချင်းတစ်ယောက်အိမ်မှာပင် လင်းဝက်ကို ဟင်းချက်ကြသည်။ သူငယ်ချင်းအိမ်အထိ ကျွန်တော်ပါသည်။ သို့သော်လင်းဝက်ဟင်း အညှော်နံ့ရသွားသောအခါ စိတ်ပြောင်းသွားသည်။

ကျွန်တော် ယင်းလင်းဝက်ဟင်းကို မစားချင်တော့။ စားရန် လိပ်ပြာမသန့်ဖြစ်လာသည်နှင့် ဖြုန်းခနဲထကာ အိမ်သို့ပြန်လာခဲ့သည်။ သူတို့ကတော့ ကျွန်တော့်ကို နားလည်မည်မထင်။

mgyoe.com

 mgyoe.com


ကျွန်တော် အသက် ၂၀ အရွယ်တွင် ဒုတိယကမ္ဘာစစ်ကြုံခဲ့ရသည်။ စာအုပ်ထဲမှ စစ်မဟုတ်၊ တကယ့်အာရုံနှင့် ခံစားရသောစစ်ကို တွေ့ကြုံရသည်။ မြင်ကွင်းမကောင်း၊ ရနံ့မကောင်း၊ အသံမကောင်း၊ စစ်ဒဏ်ခံလိုက်ရသော ရန်ကုန်မြို့သို့ ဝင်လိုက်ရသောအခါ ညဘက်နေဝင်ခါနီးဖြစ်၍ ကျွန်တော်တို့စီးလာသော မော်တော်ကို အာဏာပိုင်တို့က ဆိပ်ကမ်းကပ်ခွင့် မပေးသဖြင့် ခနောင်တိုတွင် နားထားရသည်။ မြင်လျက်နှင့် မတွေ့ရ၊ ချုပ်ချယ်မှုကို စတွေ့ရသည်။

နံနက်မိုးလင်း အိမ်မှ ပတ္တလားတံတားပေါ်သို့ ထွက်လိုက်သောအခါ သူခိုးဈေးကြီးကို စတွေ့ရသည်။ သူခိုးဈေးဟု မှည့်ခေါ်သုံးလိုက်သည်မှာ အင်မတန် အဓိပ္ပာယ်ရှိသည်။ လူထုက တီထွင်ဖန်တီးတတ်သည်ကော။ သူခိုးဈေးဟု ဆိုရလောက်အောင်ပင် အင်္ဂလိပ်အစိုးရအပြေး၊ ရန်ကုန်မြို့ပေါ်ရှိ ဂိုဒေါင်များ၊ အိမ်များကိုသိမ်းယူကာ ဈေးဖွင့်ရောင်းထားခြင်းကြောင့် သူခိုးဈေးဟုခေါ်သည်။

ရန်ကုန်မြို့ကြီးမှာ ပျက်စီးနေပြီ။ ဂျပန်ဗုံးချထားသဖြင့် တိုက်တာများပျက်စီးနေပြီကို တွေ့ရသည်။ လမ်းကလည်း ယခင်ကကဲ့သို့ ပြောင်လက်မဟုတ်တော့ပေ။ ချိုင့်တွေ၊ ကျောက်ပေါက်မရာတွေ၊ ကျွန်တော်တည်းခိုသော လန်ကက်စတာ (ယခု နဝဒေး) လမ်းရှိ ထရီနီတီ အပျိုဆောင်ဘေး ဗုံးကျင်းနားသို့မကပ်ဝံ့။ ပုပ်စော်နံလာသည်။ ညဘက်တွင် ခြင်ကိုက်မည်စိုး၍ လန်ကက်စတာလမ်း (ယခု နဝဒေးလမ်း)ရှိ အိမ်များပေါ်သို့တက်ကာ ခြင်ထောင်ရှာရသည်။ အိမ်များမှာ ပွလျက်၊ ပစ္စည်းများထဲမှ အပုံထဲမှ ခြင်ထောင်ကိုရှာရသည်။

၁၉၅၂ လောက်က ဂန္ထဝင်ဂျာနယ်တွင် 'မြို့တော်ရန်ကုန်' အမည်ရှိ ဝတ္ထုတစ်ပုဒ်ရေးဖူးသည်။ ဂျာနယ်က နှစ်ပတ်သာကြာပြီး ဆက်မထုတ်တော့။ ဝတ္ထုလည်း ဆက်မရေးဖြစ်တော့။ ဝတ္ထုမှာ စစ်အပြီးအင်္ဂလိပ်ဝင်စ ရန်ကုန်သို့တက်လာရာ သင်္ဘောပေါ်မှ ရန်ကုန်မြစ်ပြင်ကိုဖြတ်၍ နေရောင်ဝင်းပ ရွှေတိဂုံနှင့် မှိုင်းနေသော ရန်ကုန်မြို့ကြီး ပုံကားချပ်ကို ဝတ္ထုအဖွင့်အဖြစ် ဖွဲ့နွဲ့သွားဖြစ်ခဲ့သည်။

သံရက်မကြီးများ ကောက်ကွေးကျိုးပဲ့ချွန်ထွက် အုတ်နံရံဘေးပုံရောင်းနေသော ပလက်ဖောင်းဈေးတန်းသို့ ရောက်ခဲ့ရသည်။ ထိုမြင်ကွင်းကို ဖွဲ့ထားသည်။ စစ်ဆိုသည်က ရန်ဖြစ်ခြင်းတစ်မျိုးပင်။ စစ်သည် ရန်ဖြစ်သည့်အထဲတွင် အဆိုးဝါးဆုံးနှင့် အချွန်ထက်ဆုံးဖြစ်သည်။ သတ်ကြဖြတ်ကြနှင့် ရက်စက်ကြသည်။ အမုန်းဇာတ်လမ်းဖြစ်သည်။

ကျွန်တော် မဂ္ဂဇင်းထုတ်ဝေသောအခါ ၁၉၄၈ တွင် စတင်ပေါ်ပေါက်သည့်

mgyoe.com

mgyoe.com


ငြိမ်းချမ်းရေးလှုပ်ရှားမှုကို စိတ်ဝင်စားသွားသည်။ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ငြိမ်းချမ်းရေးလှုပ်ရှားမှုကို ဝတ္ထုဖြင့်တစ်မျိုး၊ ဖတ်ပြီးသားကို မိမိအဖွဲ့အနွဲ့နှင့်တစ်မျိုး ဖော်ပြသော စာများကို ရေးခဲ့ဖူးသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုတွင် ပညာရှင်များက ရှေ့ဆောင်ပါဝင်ကြသည်ကို ကျွန်တော် သိပ်စိတ်ဝင်စားခဲ့သည်။ ယင်းပညာရှင်များမှာ စပိန်ပန်းချီဆရာ ပီကာဆို၊ ချီလီ ကဗျာဆရာ နီရူဒါ၊ ဆိုဗီယက်ဝတ္ထုရေးဆရာ အာရင်ဘတ် စသောသူများ၏ အမည်ကိုကြားလိုက်ရသောအခါ ရင်ထဲမှာလှုပ်ရှားသွားသည်။ ကျွန်တော်နှစ်သက်သော ပညာရှင်များ မဟုတ်ပါလား။

သူတို့၏မိန့်ခွန်းများကိုဖတ်ကြည့်ကာ သူတို့ စစ်ကိုဆန့်ကျင်၍ ငြိမ်းချမ်းရေးကို မြတ်နိုးသော ပညာရှင်များဖြစ်သည်ကိုတွေ့ရ၍ ကျွန်တော်သည် ငြိမ်းချမ်းရေးစိတ်ဓာတ်၊ ဆိုပါတော့ ငြိမ်းချမ်းရေးခံစားမှု ပြန်လည်လန်းဆန်းလာရပေသည်။

## (ခ)

စပိန်ပန်းချီဆရာကြီး ပီကာဆိုကိုကြိုက်သည်မှာ သူ၏ဆန်းသစ်မှုကိုဖြစ်သည်။ သူ့ခေတ်သူ့အခါက ရေးဖွဲ့နေကြသော ပန်းချီများထက် ဆန်းသစ်နေသည်။ စာအုပ်များထဲတွင် တွေ့ရသည်။

ချီလီကဗျာဆရာကြီး ပတ်ဘလိုနီရူဒါကို ဖတ်လိုက်ရသောအခါလည်း ထို့အတူပင် ဆန်းသစ်သောစိတ်ကူးအဖွဲ့အနွဲ့နှင့် စိတ်ကူးသရုပ်ဖော်ပုံမျိုးဖြစ်သည်။ ထိုအခါက ကျွန်တော်သည် ဥရောပမှကဗျာများကို ဖတ်နေသောအခါ ဖြစ်သည်။ နီရူဒါက ခေတ်ပေါ်ခံစားမှုပါသော စိတ်ကူးရုပ်ပုံများကို ဖွဲ့နိုင်သည်။ ဒါကို ကျွန်တော် သဘောကျသည်။

အာရင်ဘတ်၏ဝတ္ထုများကို ကျွန်တော်ကြိုက်သည်။ ဆိုဗီယက်ပြည်ထောင်စု မပေါ်ထွန်းမီကပင် ပေါ်ခဲ့သော ရုရှားစာပေကိုလည်း ကျွန်တော် ဖတ်သည်။ ထိုအထဲတွင် အာရင်ဘတ်သည် ဆန်းသစ်သည်ဟုထင်သည်။ ရုရှားခေတ်က ချက်ကော့၏ဝတ္ထုများကိုကြိုက်သည်။ ချက်ကော့သည် ဆိုဗီယက်ခေတ်ရောက်သောအခါ မရှိတော့ပြီ။ ထို့ကြောင့် အာရင်ဘတ်သည် ကျွန်တော်ကြိုက်သော ဆိုဗီယက်စာပေထဲတွင် တစ်ယောက်အပါအဝင်ဖြစ်သည်။ ထို့နောက် သူက ငြိမ်းချမ်းရေးလှုပ်ရှားမှုတွင် ပို၍ စိတ်ဝင်စားလာသည်။

mgyoe.com

 mgyoe.com 

ယင်း ၁၉၅၀ ပတ်ဝန်းကျင်ကျော်က ကမ္ဘာတွင် စစ်နှင့်ပတ်သက်သော အရိပ်များ ဟိုတစ်စသည်တစ်စ တွေ့ရသည်။ ကမ္ဘာစစ်မဟုတ်သော်လည်း ကိုရီးယားကျွန်းစွယ်တွင် စစ်ဖြစ်နေသည်။ ကျွန်တော်တို့နှင့် နယ်ချင်းမဆက်သော်လည်း နီးစပ်နေသော ဗီယက်နမ်မှ လွတ်မြောက်ရေးစစ်ပွဲများကိုလည်း ကြားနေရသည်။ မပြောနိုင်၊ ဒေသစစ်ပွဲများမှ အစပျိုး၍ ကမ္ဘာစစ်ကြီး ရုတ်တရက် ဖြစ် မဖြစ်ဟု မပြောနိုင်။ လက်နက်များက အပြိုင်အဆိုင်ထုတ်နေကြသည်။ အဏုမြူလက်နက်ကလည်း ရှိနေသေးသည်။ ငြိမ်းချမ်းရေးကို ပြည်သူလူထုဘက်မှ ဆောင်ရွက်ရန်လိုနေသည်ဟု ထင်နေသည်။

၁၉၅၂၊ အောက်တိုဘာလကပင် ပီကင်း၌ အာရှနှင့်ပစိဖိတ်ဒေသငြိမ်းချမ်းရေးညီလာခံကြီးကျင်းပသည်။ ကျွန်တော်တို့ တက်ရောက်ခဲ့ကြသည်။ တရုတ်ပြည်ကြီးတွင် ချန်ကေရှိတ်အစိုးရ ဖော်မိုဆာကျွန်းသို့ ထွက်ပြေးပြီးနောက် တရုတ်နီဟုခေါ်သော တရုတ်ပြည်ကွန်မြူနစ်ပါတီက အာဏာသိမ်းလိုက်သည်။

တရုတ်ပြည်က လူဦးရေလည်း များလှစွာသည်။ ထိုအခါ အရင်းရှင်လောကကတော့ တုန်လှုပ်သွားဟန်ရှိသည်။ အာရှတွင် တရုတ်ပြည်ကြီး ကွန်မြူနစ်ဖြစ်သွား၍ အာရှတွင် ရန်အန္တရာယ်များရှိလိမ့်မည်ဟု တွေးထင်ထားသော နိုင်ငံများက ကြောက်နေကြဟန်တူသည်။ ထိုအခါမျိုးတွင် ပီကင်းတွင် ငြိမ်းချမ်းရေးညီလာခံကြီး ကျင်းပမည်ဆိုသောအခါ အင်မတန်အရေးကြီးသည်ဟု ယူဆလိုက်သည်။ တရုတ်နီသည် စစ်နှင့်ငြိမ်းချမ်းရေးကို မည်သည့်ဘက်က ပါမည်လဲဟု စောင့်ကြည့်နေသောအခါလည်းဖြစ်သည်။

မြန်မာပြည်မှာလည်း လွတ်လပ်ရေးရခါစဖြစ်၍ အရင်းရှင်ဘက်ကလည်း သူတို့ဘက်ပါအောင် ဆွဲဆောင်ချင်သည်။ ဖဆပလအစိုးရကို သူတို့ဘက်ပါအောင် ဆွဲဆောင်ချင်သည်။ တစ်ဖက်ကလည်း ကွန်မြူနစ်အုပ်စုကလည်း သူတို့ဘက်ပါအောင် ဆွဲဆောင်ကြသည်။

အာဏာရနေသူတို့မှာ ပြည်တွင်းကွန်မြူနစ်တို့နှင့် စစ်ခင်းနေသော အစိုးရဖြစ်သည်။ ကွန်မြူနစ်အုပ်စုက ပြည်သူဘက်မှအဖွဲ့အစည်းများကို စည်းရုံးကြသည်။ ပီကင်းတွင်ကျင်းပသော အာရှနှင့်ပစိဖိတ်ဒေသ ငြိမ်းချမ်းရေးညီလာခံကြီးတွင် ကျွန်တော်တို့ပါဝင်သော ငြိမ်းချမ်းရေးအဖွဲ့အစည်းကြီးကို ဖိတ်သည်။

အာရှနှင့် ပစိဖိတ်ဒေသသာပါသည်။ ဥရောပ မပါပေ။ အာရှတိုက်ဒေသတွင်

mgyoe.com

ပစိဖိတ်သမုဒ္ဒရာစပ်တွင်ရှိသော လက်တင်အမေရိကနိုင်ငံများ ပါဝင်သည်။ ကျွန်တော်တို့မြန်မာပြည်မှ ကိုယ်စားလှယ်များမှာ အဖွဲ့ဝင် ၃၀ ခန့်ရှိသည်။ တော်တော်စုံလင်သည်။ အလုပ်သမား၊ လယ်သမား အဖွဲ့ကိုယ်စားလှယ်များအပြင် ရခိုင်၊ ရှမ်း၊ မွန်၊ ကရင် စသော အမျိုးသားစုများလည်းပါဝင်သည်။ ပညာရှင်များထဲမှ စာရေးဆရာကြီးရွှေဥဒေါင်း၊ ပန်းချီဆရာ ဦးအုန်းလွင်၊ သီချင်းရေးဆရာ ရန်နိုင်စိန်၊ ရုပ်ရှင်မင်းသားကိုထွန်းဝေ စသော အနုပညာရှင်များ၊ ထိုအခါက ကိုထွန်းဝေမှာ ရုပ်ရှင်ထဲရောက်စတရုတ်စကားကို ကျွမ်းကျင်တတ်မြောက်သဖြင့် ဆရာကြီးမှိုင်း၏ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရသည်။

ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဖြစ်သည်။ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စတင်ရွေးချယ်သောအခါ တချို့က ကျွန်တော့်ကိုခေါင်းဆောင်အဖြစ် အဆိုတင်ကြသည်။ နိုင်ငံရေးအဖွဲ့အစည်းတစ်ခုက ကျွန်တော့်ကိုလိုလားခြင်းမရှိ။ ထိုအခါ ပဲခူးဘက်တွင်ဖိုထိုး၍ အနားယူနေသော ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို သွား၍ခေါ်ကာ ခေါင်းဆောင်အဖြစ် တင်ကြသည်။

ကျွန်တော် နိုင်ငံတကာညီလာခံသို့ ပထမဆုံးတက်ရောက်သောအကြိမ်ဖြစ်သည်။ အတွေ့အကြုံလည်း အတော်ရလိုက်သည်။ ပီကင်းတွင် ဆရာကြီးရွှေဥဒေါင်းနှင့် ကျွန်တော်တို့ ခင်မင်ရင်းနှီးလာသည်။ ဆရာကြီးရွှေဥဒေါင်းမှာ မန္တလေးတွင်နေသူဖြစ်၍ ကျွန်တော်နှင့် အထိအတွေ့သိပ်မရှိလှ။ ၁၉၅၀ လောက်က ကျွန်တော်သည်ရောင်ခြည်သစ်ဂျာနယ်တွင် မောင်သစ္စာအမည်ဖြင့် နိုင်ငံရေးဝေဖန်ချက်ဆောင်းပါးများရေးသည်။ ဆောင်းပါးအစတွင် ဆရာကြီး ဟံသာဝတီသတင်းစာတွင်ရေးသောဆောင်းပါးကိုဝေဖန်လိုက်သည်။ ယင်းသို့ရေးလိုက်ရာ ဆရာကြီးရွှေဥဒေါင်းသည်ကော်ဇောပေါ်တွင်ဒူးထောက်ကာ မှန်ဘီလူးနှင့်ကြည့်သည်ဟု ပြောင်တောင်တောင်ဖွဲ့နွဲ့ရေးလိုက်သည်။ ဆရာကြီးသည် အယူအဆတစ်ရပ်ကို မှန်ဘီလူးဖြင့် ချဲ့၍ကြည့်သည့်သဘောမျိုး ရေးလိုက်သည်။ ယင်းသို့ရေးလိုက်၍ ဆရာကြီးက ကျွန်တော့်ကိုမကြည်ဟု နောင်ဆရာကြီးရေးသော တစ်သက်တာမှတ်တမ်းဖတ်မှ သိရသည်။

ထိုအခါကတော့ မသိ၊ ဆရာကြီးက စကားနည်းသည်ဟု မှတ်သားမိသည်။ ပီကင်းတွင် ညီလာခံနောက်ဆုံးနေ့က နိုင်ငံတကာကပွဲလုပ်ရာတွင် မြန်မာပြည်အခန်းမှကျွန်တော်က တစ်ကိုယ်တော်စန္ဒရားတီးလုံးနှင့် တီးသည်ကို ဆရာကြီးက သဘောကျသွားကြောင်း သူ၏ တစ်သက်တာမှတ်တမ်းမှာ ဖော်ပြလိုက်သည်။ ထိုအခါမှစ၍

mgyee.com

 mgyoe.com 

ဆရာကြီးက ကျွန်တော့်ကို ခင်သွားသည်ဟုသိရ၍ ကျေနပ်ရသည်။

ပညာရှင်တို့မှာ လူချင်းမသိသည့်တိုင်အောင် စိတ်ချင်းဆက်သွယ်မိကြသည်ဟု ကျွန်တော်က ခံစားလိုက်သည်။ ခံစားလိုက်ရသည့်အကြောင်းမှာ အနုပညာရှင် စာရေးဆရာဟူသော ပညာရှင်များ၏ ငြိမ်းချမ်းရေးခံစားမှုကြောင့်ဖြစ်သည်ဟု ကျွန်တော် ယုံကြည်သွားမိခြင်းကြောင့်ဖြစ်သည်။ ပညာရှင်အချင်းချင်း ရေမြေတောတောင်ခြားနား နေလင့်ကစား စိတ်ချင်းဆက်သွယ်မှုကရှိသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးလှုပ်ရှားမှု တွင် အနုပညာနှင့် စာရေးဆရာများ ပါဝင်ကြခြင်းဖြစ်သည်။ အခြားသောကိုယ်စား လှယ်အဖွဲ့တွင်လည်း အနုပညာရှင်များ၊ ပညာရှင်များ ပါဝင်ကြသည်ကိုတွေ့ရသည်။

ညီလာခံဖွင့်ပွဲတွင် ပထမဦးဆုံးသော တရုတ်နိုင်ငံတော်၏ သမ္မတ ဒေါက်တာ ဆွန်ယက်ဆင်၏ဇနီး မဒမ်ဆွန်ချင်လင်း (မုဆိုးမ) က ဆောင်ရွက်သည်။ ညီလာခံ နောက်ဆုံးနေ့တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက သဘာပတိအဖြစ် ဆောင်ရွက် သည်။

ဆရာကြီးရွှေဥဒေါင်းနှင့်ကျွန်တော်တို့သည် ညီလာခံရှိ စာရေးဆရာနှင့် အနုပညာရှင်တို့ပါဝင်သော ကော်မရှင်တွင် အတူတကွရောက်ပါဝင်ခဲ့သည်။ ညီလာခံ နောက်ဆုံးနေ့တွင် ကျင်းပသော နိုင်ငံတကာကပွဲတွင် မြန်မာနိုင်ငံမှ ညီလာခံအတွက် သီချင်းတစ်ပုဒ်ဖြင့် ဧည့်ခံဖြေဖျော်သည်။ သီချင်းစာသားကို ကျွန်တော်က ရေးသား၍ ရန်နိုင်စိန်က အသံသွင်းသည်။ "ပီကင်းမြို့ရဲ့ နီရဲလှတဲ့ အောင်မြေချက်ချာမှာ ၃၇ နိုင်ငံပေါင်းကာ" ဟု သီချင်းစလိုက်သည်။ သံပြိုင်ဆိုသောအပုဒ်တွင် ချိုးဖြူလေးက ကူသံသာ ဟူသောစကားလုံးများပါသည်။ ညီလာခံနေ့နောက်ဆုံး ဆရာကြီး သဘာပတိမိန့်ခွန်း ပြောပြီးသောအခါ ဆရာကြီးလက်ထဲတွင်ကိုင်ထားသော ချိုးဖြူ ကလေးကို လွှတ်လိုက်သည်။ ချိုးဖြူကလေးပျံသန်းသွားသောအခါ ညီလာခံကိုယ်စား လှယ်များ လက်ခုပ်တီးလိုက်သောအသံမှာ သောသောညံနေတော့သည်။

(ဂ)

ပီကင်းညီလာခံမှ အတွေ့အကြုံများစွာရခဲ့သည်။ ထိုအခါက ကျွန်တော့်မှာ အသက် ၃၀ ကျော်မျှသာ ရှိသေးသည်။ သိပ်အတွေ့အကြုံကြီးတော့ ရှိသေးသည် မဟုတ်။ အစည်းအဝေးတွင် ကော်မရှင်များခွဲ၍ ဆွေးနွေးသည်။ ယင်းသို့ ဆွေးနွေး သောအခါ အယူအဆကွဲလွဲမှုများရှိသည်။ အယူအဆကွဲလွဲချက်၊ စကားအသုံးအနှုန်း

mgyoe.com

mgyoe.com
ကွဲလွဲချက်။

ယင်းသို့ ကွဲလွဲချက်များရှိလာလျှင် ကန့်ကွက်သူမရှိ၊ မဲမခွဲဘဲ သဘောတူညီချက် ရရှိသည်အထိ စိတ်ရှည်လက်ရှည် အစည်းအဝေးထိုင်ကြရသည်။ နောက်ဆုံးဆုံးဖြတ်ချက်တညီတညွတ်တည်းရမှပင် အစည်းအဝေးပြီးသွားသည်။ ယင်းသို့ စိတ်ရှည်လက်ရှည် အပြန်အလှန်ဆွေးနွေးကြခြင်းဖြင့် နောက်ဆုံးတွင် သဘောတူဆုံးဖြတ်ချက် ရရှိသည့်သဘောကို ကျွန်တော် သိပ်ကြိုက်သွားသည်။ အစည်းအဝေးတွင် လက်တင်အမေရိကကိုယ်စားလှယ်များကတော့ စကား တော်တော်များကြသည်ကို တွေ့ရသည်။ အိန္ဒိယနှင့် ပါကစ္စတန်ကိုယ်စားလှယ်များကတော့ ခပ်ပြိုင်ပြိုင်။ ပါကစ္စတန်ပြောပြီးလျှင် အိန္ဒိယပြောသည်။ အိန္ဒိယပြောလျှင် ပါကစ္စတန်မှ ထပြောသည်။ ကျွန်တော်တို့ ကြားနေသူများက ပြုံးမိကြသည်။

အပြန်အလှန် နှစ်ဖက်သဘောများကို တင်ပြဆွေးနွေးကြခြင်းဖြင့် တစ်ဖက်နှင့်တစ်ဖက် နားလည်မှုရကာ ပိုမိုခင်မင်သွားသည်ကို တွေ့ရသည်။ တစ်ဖက်စကားတစ်ဖက်မကြားရဘဲ တစ်ဖက်သတ်ပြောနေလျှင် တော်တော်နှင့် သဘောတူညီချက်မရနိုင်။ မျက်နှာချင်းဆိုင်တွေ့ဆုံကာ တစ်ဦးနှင့်တစ်ဦး အယူအဆများကို တင်ပြကြသောအခါ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဦးနှင့်တစ်ဦး ပိုမိုနားလည်ကြပြီး ညီညွတ်ရေးရသွားကြသည်ကို ကျွန်တော်တွေ့ရသည်။ ကျွန်တော် ကြိုက်သွားသည်။ အစည်းအဝေး အချိန်ကြာသည်မှာ ကိစ္စမရှိ။

အစည်းအဝေးမှာ တစ်ခါတစ်ရံ မနက် သုံးနာရီထိရောက်သည်။ သို့သော် နောက်ဆုံးတွင် ကန့်ကွက်သူမရှိ၊ တညီတညွတ်တည်း သဘောတူညီကြ၍ အိပ်ချင်နေသော်လည်း အိပ်ချင်ပြေကာ ဝမ်းသာအယ်လဲ ဖြစ်ရသည်။ ပီတိဖြစ်ရသည်။

စကားစစ်ထိုးခြင်းက ကိစ္စမရှိ၊ လက်နက်ချင်းစစ်ထိုးသည်က အန္တရာယ်ရှိသည်ကိုတွေးမိသည်။

ထို့ကြောင့်ပင်လျှင် ငြိမ်းချမ်းရေးအစည်းအဝေးများတက်ရင်း ငြိမ်းချမ်းရေးယုံကြည်ချက်သည် ပို၍လေးနက်လာပေသည်။

ထိုအခါက တရုတ်ပြည်ကြီးပေါ်ထွန်းစ အခါက သူ့ကို စိုးရိမ်နေကြသည်။

အစည်းအဝေးတွင် တရုတ်ကိုယ်စားလှယ်သည် နောက်နားမှထိုင်သည်။ သူက သိပ်မပြော။ အငြင်းပွားနေကြစဉ် သူက ငြိမ်သက်စွာနားထောင်နေသည်။ လိုအပ်သောအခါမှ ဝင်ပြောသည်။

mgyoe.com

 mgyoe.com 

တရုတ်ပြည်မှ ကိုယ်စားလှယ်ဆောင်ရွက်ပုံကိုကြည့်၍ ကမ္ဘာ့ရေးရာတွင် ကမ္ဘာ့နိုင်ငံရေးရာတွင် တရုတ်ပြည်သည် နောင်အခါတွင် ဩဇာကြီးလာမည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ဟု တွေးထင်မိပေသည်။

တော်ဝင်ဂျာနယ်၊ ဖေဖော်ဝါရီ၊ ၉၉၅။

❐

mgyoe.com

mgyoe.com

# လူထုလှုပ်ရှားမှုနှင့် ငြိမ်းချမ်းရေး

## (က)

လူထုလှုပ်ရှားမှုဟူသော ဝေါဟာရကို စစ်မဖြစ်မီကတည်းက ကျွန်တော် ကျောင်းသားဘဝတွင် သိရှိခဲ့ရသည်။ ဝတ္ထုစာအုပ်များအပြင် အခြားသော နိုင်ငံရေး သိပ္ပံစာအုပ်များကို ဟိုစပ်စပ်သည်စပ်စပ် ဖတ်ခဲ့ရာ ယင်းလူထုလှုပ်ရှားမှု ဟူသော စကားလုံးကို တွေ့လိုက်ရသည်။ ထိုအခါကတော့ လူထုဟူသော မြန်မာဝေါဟာရ ပင်လျှင် သိပ်ခေတ်မစားသေး။ ပေါ်ခါစလည်း ဖြစ်မည်ထင်သည်။ လူထုလှုပ်ရှားမှု ဟူသော စကားလုံးကို ကျွန်တော် အင်္ဂလိပ်ဘာသာစကားမှတစ်ဆင့် သိရှိခဲ့ရသည်။

ကျောင်းသားဘဝဆိုတော့ အတွေ့အကြုံ သိပ်ရှိလှသည် မဆိုနိုင်။ ကျောင်းသား အတွေ့အကြုံကတော့ ရှိနေသည်။ ကျွန်တော်သည် လူထုလှုပ်ရှားမှုဟူသော စကားရပ် နှင့်ဆက်စပ်၍ လူထုအဖွဲ့အစည်းဟူသော စကားကို နည်းနည်းပါးပါး ထိတွေ့ခဲ့ရသဖြင့် အတွေ့အကြုံအားဖြင့် သိစပြုလာပြီဟုဆိုနိုင်သည်။ လူထုလှုပ်ရှားမှုနှင့် စတင်ထိတွေ့ ရစဉ်က ၁၉၃၆ ကျောင်းသားသပိတ်ပင်။ ကျွန်တော်ငယ်ငယ် ကျောင်းသားဘဝက အသင်းအပင်းအဖွဲ့အစည်းများတွင် ပါဝင်ခဲ့သည်။ ဗုဒ္ဓဝေယျာဝစ္စလို အသင်းမျိုး။ အသင်းဟူသော စကားရပ်နှင့် ဆောင်ရွက်မှုမျိုးကို ထိတွေ့ခဲ့ရသည်။ ဗုဒ္ဓဘာသာ ဝေယျာဝစ္စအသင်းမှာ ဘာမျှမဟုတ်။ ကျောင်းပိတ်ရက်တွင် ကျွန်တော်တို့မြို့ရှိ တိလောက မာရဇိန်ဘုရားကျောင်းဝင်းသို့သွားကာ သံပုံးများ၊ တံမြက်စည်းများကို ကိုင်စွဲလျက် ဘုရားတန်ဆောင်း၊ ကန်ကျောင်းများကို တံမြက်စည်းလှည်း သုတ်သင် ရသောအလုပ်ဖြစ်သည်။ သို့သော် ယင်း အသင်းသဘောကို (သို့) အဖွဲ့အစည်း

mgyoe.com

mgyoe.com
လူထုလှုပ်ရှားမှု သဘောကိုကား ၁၉၃၆ သပိတ်က စတင်ထိတွေ့ခံစားလိုက်ရသည်ဟု ဆိုရပေမည်။ တစ်ပြည်လုံး ကျောင်းသားများ သပိတ်မှောက်သည့်သတင်းကို သတင်းစာများတွင် ဖတ်ရှုပြီးသောအခါ လှုပ်ရှားမှုသဘောကို စတင် ခံစားရစပြုလာသည်။ ထိုအခါက လှုပ်ရှားမှုဟူသော ဝေါဟာရပင် ပေါ်သေးမည်မထင်။

ရန်ကုန်မြို့ ဂျူဗလီဟောတွင် ကျင်းပသော နိုင်ငံလုံးဆိုင်ရာကျောင်းသားများ ညီလာခံကြီးတွင် တက်ရောက်လိုက်သောအခါ အဖွဲ့အစည်းသဘောကို နားလည်ခံစားရစပြုလာရသည်။ ထို့နောက် ကျွန်တော် ရန်ကုန်တက္ကသိုလ်သို့ ရောက်သောအခါ တက္ကသိုလ်သမဂ္ဂသို့ ဝင်ရောက်လိုက်ပြန်သည်။ မလွဲမရှောင်သာဆိုလျှင်လည်း ဆိုပါတော့။ တကယ်က ကျွန်တော့်စိတ်ရင်းက လူအများစုနှင့် တွဲဖက်မလုပ်တတ်။ ကျွန်တော် ကျောင်းသားဘဝကလုပ်သည့် အနုပညာအလုပ်ကလည်း တစ်ယောက်တည်း လုပ်ရသောအလုပ်။ စန္ဒရားတီးခြင်း၊ မယ်ဒလင်တီးခြင်း၊ ကဗျာဖွဲ့ခြင်း စသည်တို့သည် တစ်ယောက်တည်းလုပ်ရသည့် အလုပ်။ ကျွန်တော်သည် ထိုအခါက အပေါင်းအသင်းပင် သိပ်ရှိသည်မဟုတ်ပေ။ အင်မတန်နည်းသည်။ ဝါသနာတူ စကားပြောဖြစ်ရသော အနုပညာဝါသနာပါသောသူတို့နှင့်လောက်သာ ခင်မင်ရင်းနှီးခဲ့ရသည်။ တကယ်တွင် ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်ကျောင်းဆောင်တွင်မနေဘဲ ရှိနေလျှင်လည်း ကျွန်တော့်စိတ်သည် ယင်းအတိုင်းပင်ခိုင်မာနေနိုင်သည်။ ရန်ကုန်တွင် ကျောင်းအိပ်ကျောင်းစားနေသည့်အခါ ကျောင်းသားများ ရောနှောပေါင်းသင်းဆက်ဆံရသည့်အတွက် ကျွန်တော် စိတ်ပြောင်းလာရသည်ထင်သည်။ လူကို ပတ်ဝန်းကျင်က ရိုက်ခတ်သည်မဟုတ်ပါလား။

ထို့နောက် ဂျပန်အဝင် အင်္ဂလိပ်အပြေး၊ ဗမာ့လွတ်လပ်ရေး တပ်မတော်ဟူသော လွတ်လပ်ရေးဆောင်ရွက်သော အဖွဲ့အစည်းကြီးတစ်ခု ပေါ်ပေါက်လာသောအခါ ကျွန်တော်သည် လူထုလှုပ်ရှားမှုကို ယုံကြည်လာမိတော့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ခေါင်းဆောင်များမှာ ကျွန်တော်နှင့် ကျောင်းသားသမဂ္ဂ လုပ်ဖော်ကိုင်ဖက်များဖြစ်နေ၍ သူတို့ကိုလည်း ကျွန်တော် ယုံကြည်နေခဲ့သည်။ ယင်းသို့လျှင် လူထုလှုပ်ရှားမှုကြောင့်၊ လူထုအဖွဲ့အစည်း၏ကျေးဇူးကြောင့် ကမ္ဘာတွင် အင်အားကောင်းသည့် ဗြိတိသျှအင်ပါယာကြီး ပြိုပျက်သွားသော အခြင်းအရာမှာ ကျွန်တော့်ရင်ကို လာ၍ရိုက်ခတ်နေတော့သည်။ ထို့ကြောင့် ကျွန်တော်က လူထုလှုပ်ရှားမှုကို ယုံကြည်နေခြင်းဖြစ်သည်။
mgyoe.com

mgyoe.com

တကယ်ကတော့ ၁၃၀၀ ပြည့်အရေးတော်ပုံမှ စတင်၍ လူထုလှုပ်ရှားမှုကို ကျွန်တော် ယုံကြည်ခြင်းဖြစ်သည်။ ၁၉၃၈–၃၉၊ (၁၃၀၀ ပြည့်) အရေးတော်ပုံကြီးသည် ဒေါက်တာဘမော် အစိုးရအဖွဲ့ကို ဖြိုချနိုင်ခြင်း၊ ကျောင်းသားများက ဖြုတ်ချသည်ဟုပင် တင်စားပြောဆိုနိုင်သည်။ ကျောင်းသားသမဂ္ဂက သမဂ္ဂအတွက် ရုပ်ရှင်ရိုက်ရန် အဆိုတော်အဖြစ် နာမည်ကြီးစပြုသော ကျောင်းဆရာမတစ်ဦးကို သွား၍ ရုပ်ရှင်မင်းသမီးလုပ်ရန် သွားရောက်ပြောဆိုသောအခါ သူမကပြုံး၍ "မင်းတို့ အစိုးရအဖွဲ့ကို ဖြုတ်ချဦးမလို့လားကွ" ဟု စလိုက်သည်ကို ကျွန်တော် ခံစားနေမိသည်။

၁၉၅၂ ကစ၍ ငြိမ်းချမ်းရေးအဖွဲ့အစည်းတွင် ကျွန်တော် ပါဝင်ဆောင်ရွက်သောအခါ ယင်းသို့ လူထုလှုပ်ရှားမှုကို ယုံကြည်သောစိတ်ဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်။ တခြားအကြောင်းမရှိ။ ကျွန်တော်သည် စစ်နှင့်တော်လှန်ရေးကို ဖြတ်သန်းပြီးသောအခါ ကမ္ဘာတွင် အရေးအကြီးဆုံးမှာ ငြိမ်းချမ်းရေးပင်ဖြစ်သည်ဟု နားလည်နေသည်။ ယင်းငြိမ်းချမ်းရေးကို လူထုလှုပ်ရှားမှုနည်းဖြင့်သာလျှင် ရရှိအောင် လုပ်နိုင်သည်ဟု ယုံကြည်နေသည်။ ကျွန်တော့်မှာ အခြားအလုပ်အကိုင်ရှိသူ မဟုတ်။ စာရေးသည့်အလုပ်ဖြင့် မည်သည့်လူထုလှုပ်ရှားမှုတွင် ပါဝင်သက်ရောက်မည်လဲ။

(ခ)

၁၉၅၂ ငြိမ်းချမ်းရေးအဖွဲ့အစည်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအခါ အသက် ၃၃ နှစ်သာ ရှိသေးသည်။ လူထုလှုပ်ရှားမှု အတွေ့အကြုံမှာလည်း ကျောင်းသားအဖွဲ့အစည်း၊ စာရေးဆရာအဖွဲ့အစည်းသာလျှင် ရှိခဲ့သည်။ ယင်းအဖွဲ့အစည်းများ ဆိုသည်မှာလည်း ကျွန်တော်နှင့် စိမ်းသည်မဟုတ်။ ကျွန်တော့်ဘဝနှင့် ဆက်စပ်နေသော အဖွဲ့အစည်းများဖြစ်သည်။

ယခု ငြိမ်းချမ်းရေးအဖွဲ့အစည်းဆိုတာကတော့ နိုင်ငံရေးအဖွဲ့အစည်းများ ပါလာသည်။ ကျွန်တော် ပါဝင်ဆောင်ရွက်ခဲ့ခြင်းမရှိသော အဖွဲ့အစည်းမျိုး၊ လူကလည်း လူမျိုးစုံ၊ အတွေးအခေါ်မျိုးစုံ၊ ဘဝမျိုးစုံကလာသော လူများ။ နိုင်ငံရေးအဖွဲ့အစည်းဆိုသည်က နိုင်ငံရေးအာဏာရရန် ရည်ရွယ်ချက်ရှိသည်။ ကျွန်တော်ကတော့ မရှိ။ ကျွန်တော်က အေးအေးဆေးဆေး မည်သည့်လက်အောက်ခံမှ မဟုတ်ဘဲ လွတ်လွတ်လပ်လပ်နေချင်သူ။ သည်တော့ သူတို့နှင့် ဆက်ဆံရာတွင် ကျွန်တော့်ကို နားမလည်သူများရှိလာသည်ကိုတွေ့ရသည်။ အတွေ့အကြုံသစ်ဆိုပါတော့။

mgyoe.com

mgyoe.com

ငြိမ်းချမ်းရေးအဖွဲ့အစည်းတွင် စစ်နှင့်ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ကြေညာချက်ထုတ်ရန် သဘောထားတင်ပြသည့်အခါတွင် ဆွေးနွေးကြရသည်။ ကျွန်တော်က ငြိမ်းချမ်းရေးရရှိရေးအတွက်ကိုသာလျှင် ဗဟိုပြုစဉ်းစားသည်။ အခြားကိစ္စများကို မထည့်သွင်း၊ အာဏာရရှိရေးဆိုလျှင် ဘာမျှမဆိုင်ဟု ကျွန်တော် ယူဆသည်။ စစ်နှင့် ငြိမ်းချမ်းရေးပြဿနာများကို စဉ်းစားရာတွင် နည်းနည်းပါးပါး တစ်ခါတစ်ရံလည်း ကြီးကြီးမားမား တွေ့ရသည်။ ကြေညာချက်များရေးသားသောအခါတွင်လည်း စကားလုံးအသုံးအနှုန်းကို သတိထားရသည်။ ငြိမ်းချမ်းရေးသည် ကျယ်ပြန့်သော အဖွဲ့အစည်းဖြစ်သဖြင့် ကျယ်ပြန့်သော သဘောထား၊ ကျယ်ပြန့်သောဝေါဟာရ စကားလုံးများ ပါရှိရမည်ဟု ကျွန်တော်ထင်သည်။ ယင်းအမြင်ဖြင့် ကျွန်တော် ပါဝင်ဆွေးနွေးသည်။ ဆွေးနွေးရင်း အငြင်းအခုံများလုပ်ရသည်လည်းရှိသည်။ ငြိမ်းချမ်းရေးအဖွဲ့အစည်းတွင် ပါတီမျိုးစုံ၊ အရွယ်မျိုးစုံ၊ အလုပ်အကိုင်မျိုးစုံ၊ ပညာမျိုးစုံ၊ နောက်ခံကားမျိုးစုံ၊ ယဉ်ကျေးမှုမျိုးစုံ ရှိသဖြင့်လည်း စိတ်ဝင်စားစရာလည်း ကောင်းသည်။ ဆွေးနွေးကြသောအခါ သဘောထားမတူခြင်းများ၊ ကွဲလွဲခြင်းများရှိသည်ကို ပထမတော့ ကျွန်တော် စိတ်မပျက်။ လူတို့၏သဘာဝအတိုင်း မိမိသာလျှင် ရှေ့သို့ရောက်ချင်သော သဘောထားများလည်း တွေ့ရသည်။ အဖွဲ့အစည်းများမှာလည်း မိမိတို့အဖွဲ့အစည်းမှ လူများကို ထည့်ချင်သည်။ အာဏာရရန် ရည်ရွယ်ချက်ရှိသော အဖွဲ့အစည်းမှ အချို့သော လူများသည် ငြိမ်းချမ်းရေးလှုပ်ရှားမှုနှင့် အာဏာရရေးကိုဦးတည်သော စည်းရုံးမှုမျိုးတွေ့ရသဖြင့် စိတ်တော့ပျက်သည်။ သို့သော် ကိစ္စမရှိ။ သို့သော် စကားဖြင့် ဆွေးနွေးကြခြင်းဖြစ်၍ သည်းခံသောစိတ်ထားရှိခြင်းကို လေ့ကျင့်ပေးလျှင် ချက်ချင်းအဆင်မပြေသည့်တိုင်အောင် တဖြည်းဖြည်းတော့ အဆင်ပြေနိုင်မည်ဟု ယုံကြည်သည့်အတွက် ပထမ စိတ်ပျက်ခြင်းကို သည်းခံခြင်းဖြင့် မေ့ပျောက်ပယ်ဖျက်နိုင်သည်ကို တွေ့ရသည်။ နိုင်ငံရေးအဖွဲ့အစည်းများသည် အာဏာရရန်စိတ်ရှိသည်ကို ကျွန်တော် နားလည်သည်။ မိမိတို့ အာဏာရရန် ပြုမူဆောင်ရွက်သောအခါ တရားသောနည်းဖြင့် မျှမျှတတ ဆောင်ရွက်ကြလျှင်၊ ကမ္ဘာကြီးတွင် ယင်းသို့ သဘောထားနိုင်လျှင် ငြိမ်းချမ်းရေးသည် လက်လှမ်းမီသောအရာ ဖြစ်နိုင်သည်။

ပထမ နှစ်ကာလလောက်က ကျွန်တော်သည် ကြေညာချက်များကို ရေးသားနိုင်သော အခွင့်အရေး မရရှိ။ ရေးသားပြီးသည့်ကြေညာချက်များကိုသာလျှင် ဆွေးနွေးဝေဖန်သည့်အခွင့်အရေးသာ ရရှိခဲ့သည်။ သို့သော် ၁၉၅၈ ရောက်သောအခါ အဖွဲ့၏

mgyoe.com

mgyoe.com


ကြေညာချက်များ၊ သဘောထားများရေးနိုင်သော အခွင့်အရေးများကို ကျွန်တော် ရရှိခဲ့သည်။ ငြိမ်းချမ်းရေးညီလာခံများတွင် ညီလာခံတိုင်းလိုပင် ကျွန်တော့်စာတမ်း တင်သွင်းနိုင်သော အခွင့်အရေးများရရှိသည်။

ငြိမ်းချမ်းရေးအဖွဲ့အစည်း ဆိုသည်ကလည်း ကျွန်တော်တို့ စာပေသမား တစ်သီးပုဂ္ဂလ သမားများအတွက်ကား အဖွဲ့အစည်းနှင့် ကင်း၍မရပေ။ အဖွဲ့အစည်း များကတော့ အမြဲတမ်းဆောင်ရွက်သူများဖြစ်၍ လူထုလှုပ်ရှားမှုတွင် မပါ၍မဖြစ်ပေ။ ဒါကိုလည်း ကျွန်တော် နားလည်သည်။ အချို့သော အမှုဆောင်အဖွဲ့တို့မှာ ကျွန်တော် ရေးသည့်စာကို စိတ်ဝင်စားသူ သိပ်မရှိလှ။ အချို့က ကျွန်တော့်ကိုနားမလည်ဟု တွေးမိလာသည်။ နိုင်ငံရေးသမားများက ကျွန်တော်သည် ကတ်ကတ်သတ်သတ် လုပ်သူဟု ပြောကြသည်။ ကျွန်တော်က ပြုံးမိသည်။ စာရေးသူ စာပေသမားများ ကတော့ စာလုံးသည် အရေးကြီးသည်၊ ကြေညာချက်စာလုံးများတွင်ပင် ငြိမ်းချမ်းရေး အသံထွက်နေရမည်၊ ရန်လိုသော စစ်လိုသော စကားသံမပါရဟု ကျွန်တော် ခံစား နေမိသည်။

(၈)

ငြိမ်းချမ်းရေးသည် လူထုလှုပ်ရှားမှုနှင့် ရရှိနိုင်သည်ဟု ယုံကြည်နေမိသည်။ ထိုအခါက ကမ္ဘာ့ငြိမ်းချမ်းရေးသည် တစ်ကမ္ဘာလုံးတွင် ရိုက်ခတ်နေသည်။ အမှန် အားဖြင့် ပြည်သူတို့အများစုသည် ငြိမ်းချမ်းရေးလိုချင်ကြသည်။ ထိုစစ်အေးခေတ် အခါက အမေရိကန်အုပ်စုနှင့် ဆိုဗီယက်အုပ်စုတို့၏ ဝါဒဖြန့်ချိရေးလှိုင်းတွင် ယောင် သွားကြသူများ ရှိသည်ကိုတွေ့ရသည်။ ကမ္ဘာ့ရေးရာများကို လေးလေးနက်နက် မလေ့လာကြ၍လည်း ဤသို့သော တစ်ဖက်သတ်အမြင်များ ဖြစ်သွားနိုင်သည်။ စာပေ သမားများအဖို့ကတော့ မိမိတို့ ရေးသားဖွဲ့နွဲ့သော ဝတ္ထု၊ ကဗျာတို့သည် ငြိမ်းချမ်းရေးရာ ဦးစားပေးမှုများကို ဖော်ပြရုံသာတတ်နိုင်သည်။ ထိုအခါက သတင်းစာများကလည်း ငြိမ်းချမ်းရေးလှုပ်ရှားမှုသတင်းများကို သိပ်ထည့်ကြသည်မဟုတ်။ မိမိကိုယ်တိုင်က လည်း မဂ္ဂဇင်း၊ ဂျာနယ်များ ထုတ်နိုင်သောအခြေအနေ မရှိ။ အထက်မြန်မာပြည်မှ ထုတ်သော လူထုဂျာနယ်၊ လူထုသတင်းစာတွင်သာ ငြိမ်းချမ်းရေးသတင်းများ ပါလာ သည်။ ငြိမ်းချမ်းရေးအဖွဲ့အစည်းက ထုတ်ဝေသောကြေညာချက်သည်ပင် သတင်းစာ တိုင်း၌ ပါသည်မဟုတ်။ ကျွန်တော်က ငြိမ်းချမ်းရေးကို ယုံယုံကြည်ကြည်ပင် ရှိနေ

mgyoe.com

သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီက ပြဋ္ဌာန်းသော ငြိမ်းချမ်းရေးတရားများကို ယုံကြည်နေသည်။ ယင်းတရားများမှာ ကောင်းမွန်သည်။ နိုင်ငံအချင်းချင်း ကွဲလွဲနေသော ပြဿနာများကို စစ်ရေးဖြင့်မဟုတ်ဘဲ ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရန်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရန်၊ နိုင်ငံရေးစနစ်ချင်း မတူသော နိုင်ငံများ စစ်ပြုရန်မလိုဘဲ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန် ဟူသော မူသုံးချက်ကို ကျွန်တော် နှစ်သက်သည်။ ယင်းမူသုံးချက်ကို တိတိကျကျလိုက်နာမည်ဆိုလျှင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဖြစ်ပွားသော စစ်၊ ကမ္ဘာစစ်ကြီး နောက်ထပ်မဖြစ်နိုင်ဟု ယုံကြည်သည်။

ခက်သည်က အုပ်စုနှစ်ခုလုံး လက်နက်များအပြိုင်လုပ်နေကြသည်။ အဆိုးဆုံးက အစုလိုက်အပြုံလိုက် သေစေနိုင်သော အဏုမြူလက်နက်၊ ဇီဝလက်နက်၊ ဓာတုလက်နက်များ ထုတ်နေခြင်းဖြစ်သည်။ ယင်းသို့လျှင် စစ်မက်ရေးရာ၊ လူအများကိုထိခိုက်မည့် အခြင်းအရာများတွေ့လျှင် ကျွန်တော်တို့ ငြိမ်းချမ်းရေးအဖွဲ့အစည်းသည် မိမိတို့သဘောထားများကို ကြေညာရသည်။ ငြိမ်းချမ်းရေးကိုထိပါးသည့် အရေးများပေါ်ပေါက်သည့်အခါ ငြိမ်းချမ်းရေးကော်မတီအတွင်း၌ ဆွေးနွေးကြရပေသည်။ ကျွန်တော်က စိတ်ဝင်စားသည်။ ကျွန်တော်က ကမ္ဘာ့ရေးရာများကို မလွတ်တမ်းလေ့လာရပေသည်။

တော်ဝင်ဂျာနယ်၊ မေ၊ ၁၉၉၅။

❐

mgyoe.com

mgyoe.com

# ပြည်တွင်းအမျိုးသားဝါဒနှင့် ပြည်ပနိုင်ငံတကာရေးရာဝါဒ ဆက်စပ်သလော

(က)

ကျွန်တော်သည် ၁၉၅၁ လောက်ကစ၍ ငြိမ်းချမ်းရေးလှုပ်ရှားမှုတွင် ပါဝင်လာခဲ့သည်။ အဖွဲ့အစည်းအားဖြင့် ပါဝင်လာခြင်းကို ဆိုလိုသည်။ အဖွဲ့အစည်းပြင်ပတွင်ကတော့ ငြိမ်းချမ်းရေးရာနှင့်ပတ်သက်၍ မဂ္ဂဇင်းနှင့် ဂျာနယ်များတွင် ဖော်ပြခဲ့သည်။ ထို့နောက် ၁၉၅၂ ကစ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) နိုင်ငံလုံးဆိုင်ရာကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအခါ အဖွဲ့အစည်းအားဖြင့် သက်ရောက်လာသည်ဟု ဆိုနိုင်သည်။

ထိုအခါက ယခင်ကကဲ့သို့ အေးအေးဆေးဆေး နေ၍မရတော့ပေ။ အမြဲတမ်းပြည်ပရေးရာ၊ ပြည်တွင်းရေးရာများကို လေ့လာအကဲခတ်ရသည်။ သတင်းစာ၊ ဂျာနယ်များကို အရင်ဖတ်ရသည်။ နိုင်ငံခြား ကြေးနန်းသတင်းများကို အမြဲတမ်း မလွတ်တမ်းဖတ်ရသည်။

ဗန်းမော်တင်အောင် ထုတ်ဝေသော လင်းယုန်ဂျာနယ်တွင် ကျွန်တော်သည် နိုင်ငံခြားရေးရာ အယ်ဒီတာအဖြစ် နိုင်ငံတကာရေးရာ ဝေဖန်ချက်များကို ရေးဖူးသည်။ သိပ်တော့မများ။ ကျွန်တော် အရေးများသည်က ပြည်တွင်းအမျိုးသားရေးရာ ဝေဖန်ချက်များ ဖြစ်သည်။ တကယ်ကတော့ နိုင်ငံတကာရေးရာ (ဝါ) နိုင်ငံခြားရေးဝါဒဆိုသည်မှာ ပြည်တွင်းအမျိုးသားရေးနှင့် ဆက်စပ်နေသည် မဟုတ်ပါလား။ တကယ်ကတော့ နိုင်ငံရေးရာ ဆောင်ရွက်မှုများကို အာဏာပိုင်အစိုးရများက ပို၍ဆောင်ရွက်

mgyoe.com

နိုင်သည်။ သူတို့က နိုင်ငံအချင်းချင်း ဆက်သွယ်နေရသဖြင့် ပို၍ဆောင်ရွက်နိုင်သည်ဟု ဆိုရပေမည်။ အာဏာပိုင်အဖွဲ့အစည်း မဟုတ်သောသူများအတွက်ကတော့ ပြည်သူလူထုကို စည်းရုံးလှုံ့ဆော်သော ကဏ္ဍကသာလျှင် ဆောင်ရွက်နိုင်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုကို လေ့လာကြည့်သောအခါ ယင်းလှုပ်ရှားမှုထဲတွင် ပါဝင်သော ဆောင်ရွက်သော အဖွဲ့များထဲတွင် အချို့က အာဏာရအစိုးရအဖွဲ့နှင့် ဆက်စပ်သော အဖွဲ့အစည်းများဖြစ်ကြသည်။ အချို့က မဆက်စပ်။

ကျွန်တော်တို့နိုင်ငံတွင်ကတော့ ငြိမ်းချမ်းရေးအဖွဲ့ကြီးထဲတွင် အတိုက်အခံနိုင်ငံရေးအဖွဲ့အစည်းမှ ခေါင်းဆောင်များပါဝင်ကြသည်ကို တွေ့ရသည်။ တချို့ကတော့ အတိုက်အခံမဟုတ်၊ အစိုးရဘက်ကလည်း မဟုတ်သော ကြားနေကြသော သူများလည်း ပါဝင်ကြသည်ကို တွေ့နိုင်သည်။

(ခ)

ကျွန်တော့်မှာ အဖွဲ့အစည်းအတွေ့အကြုံတော့ နည်းနည်းပါးပါးရှိသည်။ ကျောင်းသားဘဝကတည်းက ဆိုပါတော့။ ယင်းအဖွဲ့အစည်းအတွေ့အကြုံကို ဒီမိုကရေစီအတွေ့အကြုံဟု ဆို၍ရသည်။ ဒီမိုကရေစီဆိုသည်မှာ အခြားမဟုတ်၊ လူတို့၏ဆန္ဒကို လွတ်လပ်စွာဖော်ပြခြင်းသဘောတရားဟု နားလည်သည်။

လွတ်လပ်ခြင်းဟူသည်မှာလည်း အခွင့်အရေးတန်းတူဖြင့် ခံစားသောလွတ်လပ်ရေးဟု နားလည်ထားသည်။ ကိုလိုနီခေတ် ကျောင်းသားဘဝကတည်းက ကြားဖူးနေသော စကားရပ်ဖြစ်သည်။ ဒီမိုကရေစီဟူသည်မှာ နိုင်ငံခြားစကားလုံးဖြစ်သည်။ ကျွန်တော်တို့ ကိုလိုနီခေတ် အင်္ဂလိပ်ကျောင်းသားဘဝကတည်းက ဒီမိုကရေစီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြားနေရသည်။ ဖတ်နေရသည်။ အမေရိကန်သမ္မတလင်ကွန်း၏ ဖွင့်ဆိုချက်ကို နှစ်သက်မိခဲ့သည်။ (ပြည်သူ၏ ပြည်သူတို့က တင်မြှောက်သော ပြည်သူ့အတွက် အစိုးရ)။

ကျောင်းသားဘဝ ဆိုတာကတော့ အတွေ့အကြုံ သိပ်မရှိသေး။ ဒီမိုကရေစီ၏ စကားရပ်အဓိပ္ပာယ်မှာ ပြည်သူတို့က အုပ်စိုးခြင်းဖြစ်သည်။ သခင်ဘသောင်းကတော့ ပြည်သူ့အာဏာဟု ဘာသာပြန်ဆိုထားသည်ကို နဂါးနီစာအုပ်များတွင် တွေ့နိုင်သည်။ အဖွဲ့အစည်းအတွေ့အကြုံကို ဒီမိုကရေစီအတွေ့အကြုံဟု ဆိုနိုင်သည်။ ကျောင်းသားဘဝက အတွေ့အကြုံနှင့် ကျောင်းမှထွက်ပြီးနောက် လွတ်လပ်ရေးခေတ် ရောက်လာ

mgyoe.com

mgyoe.com


သောအခါ၊ သမိုင်းခေတ်များကို ဖြတ်သန်းလာပြီးသောအခါ ခံစားရသော အတွေ့အကြုံနှင့်တော့ မတူ။ ပို၍ကျယ်ပြန့်လာသည်။ ဒီမိုကရေစီ၏အဓိပ္ပာယ်သည်လည်း တစ်ကမ္ဘာလုံးက သုံးနှုန်းနေသော စကားရပ်ဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့် တိုးပွားလာသည်ကို တွေ့နိုင်သည်။

ကျောင်းသားဘဝတုန်းကတော့ ကျောင်းသားဘဝ အတွေ့အကြုံ၊ သည့်နောက်တော့ ကျွန်တော်က ဒီမိုကရေစီဘဝနှင့် သက်ဆိုင်နေသော စာရေးဆရာ အဖွဲ့အစည်း အတွေ့အကြုံများကို ဖြတ်သန်းလာခဲ့ရသည်။ ယခု ငြိမ်းချမ်းရေးလှုပ်ရှားမှုများ၊ အဖွဲ့အစည်းများမှ ရလာသော အတွေ့အကြုံ။ ယင်းတို့ကို ဒီမိုကရေစီ အတွေ့အကြုံဟု ဆိုနိုင်သည်။

(၈)

တကယ်ကတော့ စစ်ပြီးခေတ်၊ လွတ်လပ်ရေးရပြီး ခေတ်ကာလလောက်ကစ၍ ဒီမိုကရေစီအတွေ့အကြုံ နက်နက်ရှိုင်းရှိုင်း ရှိလာသည်ဟုဆိုနိုင်သည်။ ယခင်ခေတ်ကာလက အတွေ့အကြုံကတော့ အမျိုးသားလွတ်လပ်ရေး ရရှိမှုတစ်ခုတည်းကိုသာ ဖြစ်သည်။ လွတ်လပ်ရေးရပြီးသောအခါတွင် ပြည်သူတို့ဘက်မှ ပါဝင်ဆောင်ရွက်သော အတွေ့အကြုံသည် အဖွဲ့အစည်းအတွေ့အကြုံ၊ ဒီမိုကရေစီအတွေ့အကြုံဟု ဆိုနိုင်သည်။ ကျွန်တော် ပါဝင်ဆောင်ရွက်သော ငြိမ်းချမ်းရေးအဖွဲ့အစည်းမှာလည်း ပြည်သူ့ဘက်မှာရှိသော အဖွဲ့အစည်းဖြစ်သည်။ တစ်ဖက်တွင်လည်း အစိုးရအာဏာကို ရရှိထားသော အစိုးရအဖွဲ့အစည်းလည်း ရှိနေသည်။ ထိုအခါက အုပ်စိုးသောဘက်၊ အုပ်စိုးခံရသောဘက်မှ ဖွဲ့စည်းသော အဖွဲ့အစည်းများတွင် ခြားနားမှုရှိလာသည်။

ကမ္ဘာ့ရေးရာနှင့်ပတ်သက်သော ငြိမ်းချမ်းရေးအဖွဲ့အစည်းတွင် စဉ်းစားကြသောအခါ အစိုးရကထားရှိသော နိုင်ငံခြားရေးရာဝါဒနှင့် ဆက်စပ်လာတော့သည်။ ဖဆပလအစိုးရ၏ နိုင်ငံခြားရေးဝါဒက ကြားနေရေးဝါဒဖြစ်သည်။ ဒုတိယကမ္ဘာစစ်အပြီးခေတ်တွင် ကြားနေရေးဝါဒသည် လွတ်လပ်ခါစ၊ ဖွံ့ဖြိုးစနိုင်ငံများတွင် ခေတ်စားလာသည်။ ကျွန်တော်တို့ ငြိမ်းချမ်းရေးအဖွဲ့အစည်းထဲတွင် အတိုက်အခံအဖွဲ့အစည်းထဲမှ ခေါင်းဆောင်များ ရောယှက်ပါရှိနေသည်။ သူတို့က အာဏာရယူရန် ကြိုးပမ်းနေသော အတိုက်အခံနိုင်ငံရေးဘက်မှ လူများ။ ထိုအခါ ကျွန်တော်က ငြိမ်းချမ်းရေးအဖွဲ့အစည်းလှုပ်ရှားမှုကို သန့်သန့်သာလုပ်ချင်သည်။ အတိုက်အခံဘက်မှ လှုပ်ရှားမှု

mgyoe.com

မျိုးနှင့်လည်း မပတ်သက်ချင်။ အစိုးရအဖွဲ့မှ လှုပ်ရှားမှုများနှင့်လည်း မပတ်သက်စေချင်။ ငြိမ်းချမ်းရေးလှုပ်ရှားမှုသက်သက်သာ ဖြစ်စေချင်သည်။

လှုပ်ရှားမှုသက်သက်ဆိုသည်မှာ အခြားမဟုတ်။ စစ်တားဆီးရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို သန့်သန့်ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းကို ကျွန်တော် စွဲမြဲစွာယုံကြည်၍ အဖွဲ့အစည်းထဲတွင် ဝင်လုပ်သည်။ အငြင်းအခုံလုပ်သည်။ မလေ့လာ၍ မရ။ ယခင်ကျောင်းသားဘဝက ကျွန်တော်၏ ကျောင်းသားသမဂ္ဂမှ မိတ်ဆွေများရှိသည်။ တို့ဗမာအစည်းအရုံးမှ မိတ်ဆွေများရှိသည်။ သူတို့သည် စစ်ပြီးသွားသောအခါ၊ လွတ်လပ်ရေးရပြီးသွားသောအခါ အာဏာရသောအဖွဲ့အစည်းထဲတွင် ပါဝင်သွားသူများစွာရှိသည်။

ကျွန်တော်သည် ထိုစဉ်အခါကတည်းက အစိုးရဘက်မှ မိတ်ဆွေများနှင့် ရောရောယှက်ယှက် မပတ်သက်ခဲ့။ လူချင်းခင်သည်မှာ မှန်သော်လည်း ကျွန်တော်က အာဏာရသည့်ဘက်မှ လူများနှင့် ခပ်ကင်းကင်းနေသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့အစည်းသည် မည်သည့်အဖွဲ့အစည်း၏ သြဇာခံမှ မဟုတ်ပေ။ စစ်တားဆီးရေး၊ ငြိမ်းချမ်းရေးရရှိရေး သဘောတရား၏ လက်အောက်ခံသာဖြစ်သည်ဟု ယူဆထားပေသည်။ ငြိမ်းချမ်းရေးအဖွဲ့အစည်းမှ တွေ့ကြုံရသောအတွေ့အကြုံသည် ကျွန်တော့်အတွက် ဒီမိုကရေစီအတွေ့အကြုံဟု ဆိုရပေမည်။

၁၄–၄–၉၅

တော်ဝင်ဂျာနယ်၊ ဇွန်၊ ၁၉၉၅။

❒

mgyoe.com

# ကမ္ဘာ့ငြိမ်းချမ်းရေး စည်းရုံးရေးသစ်သို့

## (၁)

ယခု ဒီဇင်ဘာလဆန်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ အစည်းအဝေးကြီးကို ဆွီဒင်ပြည် စတော့ဟုမ်းမြို့၌ ကျင်းပပေတော့မည်။ မြန်မာနိုင်ငံမှလည်း ငြိမ်းချမ်းရေးလှုပ်ရှားမှု၏ ကိုယ်စားလှယ်များ တက်ရောက်ကြမည်။

ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီသည် နှစ်စဉ်နှစ်တိုင်းပင် အနိုင်နိုင်လှည့်၍ ကောင်စီ အစည်းအဝေးများ ကျင်းပမြဲဖြစ်သည်။ 'စတော့ဟုမ်းအစည်းအဝေး' ကို အကြောင်းပြု၍ 'စတော့ဟုမ်း ပန်ကြားချက်' ကို သွားသတိရမိသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့ကြီး တည်ထောင်ကာစခေတ် ၁၉၅၁ ခု၊ မတ်လ ၁၉ ရက်၊ ယင်းစတော့ဟုမ်းမြို့၌ ကျင်းပသော အစည်းအဝေးကြီးက နာမည်ကျော်ပန်ကြားချက်ကို ဆုံးဖြတ်ကာထုတ်ပြန်ခဲ့သည်။ အစည်းအဝေးကို ကွယ်လွန်သူ လောကဓာတ်သိပ္ပံဆရာကြီး ဂျိုးလီယက်ကျူရီက သဘာပတိအဖြစ် ဆောင်ရွက်လေသည်။

ယင်းကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

"လူအများ အစုလိုက် အပြုံလိုက် လူထုလိုက်ချို၍ သေကျေပျက်ပြုန်းစေနိုင်သော ကြောက်စရာလက်နက်ဖြစ်သည့် အဏုမြူလက်နက်အား လုံးဝပိတ်ပင်ရန် ကျွန်ုပ်တို့ တောင်းဆိုလိုက်ပေသည်။

ယင်းပိတ်ခြင်းကို ရုပ်လုံးဖော်စေရန်အလို့ငှာ တင်းကျပ်သော နိုင်ငံပေါင်းစုံ ထိန်းသိမ်းကွပ်ကဲရေးအဖွဲ့တည်ထောင်ရန် တောင်းဆိုလိုက်သည်။

အခြားနိုင်ငံတစ်နိုင်ငံအား အဏုမြူလက်နက်ဖြင့် ပထမဦးဆုံး စတင်တိုက်ခိုက်

mgyoe.com

 mgyoe.com 

အသုံးပြုသောအစိုးရသည် လူ့လောကတစ်ရပ်လုံးအား ဆန့်ကျင်သည့် ရာဇဝတ်ပြစ်မှု ကျူးလွန်သူဖြစ်လေရာ ယင်းအစိုးရကို စစ်တရားခံအဖြစ် အရေးယူစဉ်စားရပေမည်။

ကမ္ဘာပေါ်ရှိ မေတ္တာစိတ်ထားသူ လူသားအပေါင်းတို့အား ဤပန်ကြားချက်ကို လက်မှတ်ထိုးကြရန် ပန်ကြားလိုက်ရပေသည်"

ယင်းကြေညာချက်ဖြင့် အဏုမြူလက်နက်ပိတ်ပင်ရေး ဆန္ဒပြလက်မှတ်များ ကမ္ဘာတစ်ဝန်းလုံး ကောက်ခံကြရာ သန်းပေါင်း ၅၀၀ ကျော်ရသည်။ ယင်းကြေညာချက်သည် 'စတော့ဟုမ်းပန်ကြားချက်' ဟူသောအမည်ဖြင့် ထင်ရှားခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုသမိုင်း၌ ပထမခြေလှမ်း ဖြစ်ပေသည်။ စတော့ဟုမ်း ပန်ကြားချက်ဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနယ်ပယ်သည် ကျယ်ဝန်းပျံ့နှံ့လာခဲ့ပေသည်။

(၂)

မြန်မာနိုင်ငံ၌လည်း 'စတော့ဟုမ်းပန်ကြားချက်' ဖြင့် အဏုမြူလက်နက်ပိတ်ပင်ရေး ဆန္ဒပြလက်နက်များ ကောက်ခံကြသည်။

ထိုအခါက ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) မှာ ဂိုဏ်းဂဏဝါဒ မွှန်လျက်ရှိသော ဆိုရှယ်လစ်ပါတီ လက်ထဲ၌ရှိပေသည်။ အမှုဆောင်လူကြီးများမှာ ဆိုရှယ်လစ်ပါတီဝင်များနှင့် ပါတီအား ထောက်ခံသူများသာဖြစ်ကြပြီး 'ကျဉ်းမြောင်း' နေသော ကာလဖြစ်သည်။ ကွန်ဂရက်ဥက္ကဋ္ဌမှာ သခင်လွင် (ယခုဆိုရှယ်နီ)၊ အတွင်းရေးမှူးမှာ သခင်ကျော်စိန် (ယခု ပြည်သူ့စာပေတိုက်အုပ်) တို့ ဖြစ်ကြပေသည်။

ကျွန်တော်တို့မှာ တာရာမဂ္ဂဇင်း ထုတ်ဝေလျက်ရှိသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်တံခါးပိတ်ထား၍ အပြင်မှာ ကိုယ့်နည်းနှင့်ကိုယ် ငြိမ်းချမ်းရေးကို ဆောင်ရွက်ရသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးဆောင်ရွက်ချင်ကြသော စာရေးဆရာ၊ အနုပညာရှင်၊ ကျောင်းသားလူငယ်အချို့ စည်းဝေး၍ 'ကမ္ဘာ့ငြိမ်းချမ်းရေး စီစဉ်မှုကော်မတီ' ဖွဲ့ကြသည်။ ယင်းကော်မတီ၏ အတွင်းရေးမှူးမှာ ဦးစောဦး (ယခု စိတ်ဓာတ်ညွှန်ကြားရေး ဒု-ညွှန်ကြားရေးမှူး) ဖြစ်၍ ကျွန်တော်က သဘာပတိဖြစ်သည်။

သို့သော် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ) နှင့် စင်ပြိုင်ဖြစ်မည်ကို မလိုလားကြ၍ ယင်းကော်မတီကို သုံးလေးလကြာသော် ဖျက်သိမ်းပြီး စတော့ဟုမ်း ပန်ကြားချက်ကို မဂ္ဂဇင်း၊ ဂျာနယ်အမည်များဖြင့် ကောက်ခံကြရန် သဘောတူလိုက်

mgyoe.com

mgyoe.com


ကြသည်။ လင်းယုန်ဂျာနယ်၊ ရန်ကျော်ဂျာနယ်၊ တာရာမဂ္ဂဇင်း အမည်များဖြင့် စတော့ဟုမ်းပန်ကြားချက် ပုံစံရိုက်ကာ လက်မှတ်များကောက်ခံခဲ့ကြသည်။

၁၉၅၀ ခု၊ နိုဝင်ဘာလ၌ ဒုတိယကမ္ဘာငြိမ်းချမ်းရေးညီလာခံကြီး ကျင်းပရာ ဥက္ကဋ္ဌ ဂျိုလီယက်ကျူရီက ကျွန်တော်တို့ကဲ့သို့သော တစ်သီးပုဂ္ဂလများထံ သီးခြားဖိတ်စာများပို့သည်။ ဖိတ်စာပို့သည့်အထဲတွင် သခင်ကိုယ်တော်မှိုင်း၊ စောင်းဦးဘသန်း၊ ရုပ်ရှင်မင်းသမီး မေရှင်၊ သတင်းစာဆရာ မြို့မမောင် စသူတို့လည်း ပါလေသည်။

၁၉၅၀ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီ နှစ်ခြမ်းကွဲပြီး နောက်ခေတ်တွင် ကမ္ဘာငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ) မှာ တံခါးတစ်ခြမ်း ဖွင့်လိုက်လေသည်။ ကျွန်တော်တို့လည်း ဝင်ခွင့်ရခဲ့လေသည်။

၁၉၅၂ ခု၊ မေလ၌ ဂျူဘာလီတွင် ပထမငြိမ်းချမ်းရေးညီလာခံကျင်းပရာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းမှာ ဥက္ကဋ္ဌဖြစ်လာခဲ့ပေသည်။ ကျွန်တော်မှာလည်း ထိုအခါကစ၍ ဒုတိယဥက္ကဋ္ဌတစ်ယောက် ဖြစ်လာခဲ့ပေသည်။

(၃)

ယခု ၁၉၆၂ ခု၊ နှစ်ဆန်းပိုင်း၌ နိုင်ငံလုံးဆိုင်ရာ ကော်မတီ တိုးချဲ့ညီလာခံကြီး ကျင်းပပေတော့မည်။ ပြင်ဆင်ရေးကော်မတီပင် ဖွဲ့စည်းပြီးပေပြီ။

တာဝန်ခံတို့က စည်းရုံးရေးသစ်၊ အင်အားသစ်တို့ဖြင့်ပေါင်းကာ ကမ္ဘာ ငြိမ်းချမ်းရေး လှုပ်ရှားမှုကြီးကို တည်ဆောက်ကြရန် စိုင်းပြင်းလျက်ရှိကြပေပြီ။

၁၀ နှစ်ကာလ၏ အတွေ့အကြုံများကိုခံယူလျက် ယခုထက် ကျယ်ပြန့်သော၊ သဘောတရား မှန်ကန်သော၊ တက်ကြွသော၊ စစ်ဆန့်ကျင်ရေး တပ်ပေါင်းစုကြီး ဖြစ်လာစေရန် အင်သစ်အားသစ်၊ စည်းရုံးရေးသစ်ဖြင့် ညီလာခံကြီးကို တက်ရောက်အားပေးကြလိမ့်မည်ဟု မျှော်လင့်မိပေသည်။

မော်ကွန်းသတင်းမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၆၁။

❐

mgyoe.com

mgyoe.com

# လက်နက်ဖျက်သိမ်းရေးလော-အမျိုးသားလွတ်လပ်ရေးလော

(၁)

စတော့ဟုမ်း ကမ္ဘာငြိမ်းချမ်းရေးကောင်စီ အစည်းအဝေး၌ ကမ္ဘာငြိမ်းချမ်းရေးလှုပ်ရှားမှုကြီး၏ သဘောတရားရေးအခန်းနှင့် ပတ်သက်၍ အယူအဆနှစ်ရပ် ပေါ်ထွက်လာခဲ့ပေသည်။

ယခု ၁၉၆၂ တွင် ကျင်းပမည့် ကမ္ဘာငြိမ်းချမ်းရေးညီလာခံကြီး၏ အမည်ကို စဉ်းစားဆွေးနွေးကြရာတွင် ပြဿနာပေါ်ခဲ့သည်။ အမည်ကို စဉ်းစားသည်ဆိုရာ၌ အမည်၏ စကားလုံးပြဿနာမဟုတ်ဘဲ စကားလုံးဖြင့် ဖော်ပြအပ်သော သဘောတရားရေး ဖြစ်သည်။ ယင်းသည်ကား အခြားမဟုတ်၊ ကမ္ဘာငြိမ်းချမ်းရေးလှုပ်ရှားမှုကို ဦးတည်ရာတွင် မည်သည့်ဘက်ကို 'ဇောင်းပေး' ၍ လှုပ်ရှားကြမည်နည်းဟူသော ပြဿနာပင်တည်း။ လက်နက်ဖျက်သိမ်းရေးလော၊ အမျိုးသားလွတ်လပ်ရေးလော ...။

အစည်းအဝေးကြီးတွင် တင်ပြကြသော အယူအဆများကား ဤသို့ဖြစ်သည်။

(၂)

ကမ္ဘာငြိမ်းချမ်းရေးကောင်စီ သဘာပတိအဖွဲ့၏ ဥက္ကဋ္ဌကြီး ဒေါက်တာဘာနယ်က နိုင်ငံတကာ့အခြေအနေကိုဖော်ပြသော အစီရင်ခံစာကို တင်ပြသည်။ သူသည် အဏုမြူစစ်၏အန္တရာယ်ကို အထူးဖော်ပြရည်ညွှန်းကာ ပြောကြားသွားလေသည်။ သူသည် ရှေ့နှစ် (ယခု ၁၉၆၂) တွင် ကျင်းပမည့် ငြိမ်းချမ်းရေးညီလာခံကြီးတွင် လုပ်ငန်းပုံသဏ္ဍာန်သစ်များဖြင့် ကြီးထွားစေကာ လူသစ်များစည်းရုံးခေါ်ယူလျက်

mgyoe.com

mgyeee.com
'အခြေအနေ ပြောင်းလဲလာခြင်းနှင့် နောက်ဆုံး၌ ကျွန်ုပ်တို့၏ ရည်မှန်းချက်ဖြစ်သော လက်နက်ဖျက်သိမ်းရေးအောင်မြင်ရရှိမှု ဖြစ်နိုင်ရေးတို့ကို ထည့်သွင်းစဉ်းစားကာ ငြိမ်းချမ်းရေးလှုပ်ရှားမှုကြီး၏ အသစ်အသစ်သော တက်ကြွမှုအင်အားကို ဖော်ပြရန်' တိုက်တွန်းထားပေသည်။

ဆိုဗီယက်ကိုယ်စားလှယ်စာရေးဆရာနှင့် လွှတ်တော်အမတ် ကော်နီချူက ဆိုဗီယက်ယူနီယံသည် ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဒဏ်ခံရပုံကိုဖော်ပြကာ နေတိုးစစ်အုပ်စု၏အန္တရာယ်၊ ဂျာမနီပြဿနာ၊ ဘာလင်ပြဿနာတို့ကို အကျယ်တဝင့် ရှင်းလင်းပြသည်။ သူက လက်နက်ဖျက်သိမ်းရေးပြဿနာသည် ငြိမ်းချမ်းရေးလှုပ်ရှားမှု၌ အရေးအကြီးဆုံးဖြစ်ကြောင်း ပြောသည်။ သူက 'အထွေထွေနှင့်လုံးဝ လက်နက်ဖျက်သိမ်းရေးတိုက်ပွဲသည် ကျွန်ုပ်တို့၏ ယနေ့နေထိုင်လျက်ရှိသော ကမ္ဘာအတွက်လည်းကောင်း၊ ကျွန်ုပ်တို့၏ အနာဂတ်ခေတ်အဆက်ဆက်၏ ဘဝအတွက်လည်းကောင်း၊ အကြီးအကျယ်ဆုံးသော မဟာတိုက်ပွဲဖြစ်ပေသည်' ဟုဖော်ပြကာ ရှေ့နှစ် (၁၉၆၂) တွင် ကျင်းပမည့် ငြိမ်းချမ်းရေးညီလာခံကြီးနှင့်ပတ်သက်၍ "ဤညီလာခံကြီးတွင် ယနေ့ခေတ်၏ အရေးအကြီးဆုံးပြဿနာဖြစ်သော အထွေထွေ၊ လုံးဝနှင့် ထိန်းချုပ် ကွပ်ကဲအပ်သော လက်နက်ဖျက်သိမ်းရေးပြဿနာတွင် စူးစိုက်ထားသင့်ပေသည်" ဟု တင်ပြထားပေသည်။

ယင်း လက်နက်ဖျက်သိမ်းရေးသည် အရေးအကြီးဆုံးဖြစ်သည် ဟူသော အယူအဆဘက်မှ အီတလီကိုယ်စားလှယ် သတင်းစာဆရာ အထက်လွှတ်တော်အမတ် စပါနို၊ ပြင်သစ်ကိုယ်စားလှယ် အထက်လွှတ်တော်အမတ်ဟောင်း ဝန်ကြီးဟောင်း ဗီဂါရီတို့က ထောက်ခံပြောဆိုသွားကြသည်။ သူတို့က ညီလာခံကြီးတွင် လက်နက်ဖျက်သိမ်းရေးပြဿနာကို အရေးအကြီးဆုံး ပြဿနာအဖြစ် ဦးစားပေး၍ ဆွေးနွေးသင့်သည်ဟု ဆိုကြလေသည်။

ယင်းအယူအဆကို မထောက်ခံနိုင်သူကား အာဖရိကတိုက်မှ ဂီနီကိုယ်စားလှယ် စေဒူးဒီအာလို ဖြစ်သည်။ သူက "ငြိမ်းချမ်းရေးတိုက်ပွဲသည် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲနှင့် ခွဲမရ၊ ခွဲပစ်လိုက်လျှင် ငြိမ်းချမ်းရေးလှုပ်ရှားမှု မဟုတ်တော့။ အာဖရိက ပြည်သူများသည် အခြေခံသဘောတရား သုံးချက်ဖြစ်သော ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် အမှီခိုကင်းမဲ့ရေးလှုပ်ရှားမှုများကို ဘယ်တော့မှ တစ်ခုစီခွဲမပစ်။ အချို့က ငြိမ်းချမ်းရေးလှုပ်ရှားမှုတွင် လက်နက်ဖျက်သိမ်းရေးသည် အခြေခံဖြစ်သည်ဟု
mgyeee.com

 mgyoe.com 

ဆိုကြသည်ကို မိမိ အံ့သြမိသည်။ စစ်၏ရေသောက်မြစ်သည် ဘာလဲ။ နယ်ချဲ့စနစ်နှင့် ကိုလိုနီစနစ်ဖြစ်သည် မဟုတ်လော။ အချို့က ယနေ့ခေတ်၏ အဓိက အနှစ်သာရမှာ လက်နက်ဖျက်သိမ်းရေးဟု ဆိုကြသည်။ ကျွန်တော်က ယနေ့ခေတ်၏ အဓိက အနှစ်သာရမှာ နယ်ချဲ့စနစ်ဆန့်ကျင်ရေး၊ ကိုလိုနီစနစ်ဆန့်ကျင်ရေး၊ လူမျိုးခွဲခြားမှု ဆန့်ကျင်ရေးတို့ဖြစ်သည်။ ကျွန်တော်တို့မှာ နယ်ချဲ့စနစ်နှင့် ကိုလိုနီစနစ်တို့၏ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် လက်နက်ဖြင့် ကျွန်လုပ်ထားခြင်းတို့ကို ခံစားနေရသည်။ ကျွန်တော်တို့က လက်နက်လိုချင်သည်။ ကျွန်တော်တို့ကို ဗုံးများနှင့်ကြိမ်းချနေစဉ် အသာကြည့်မနေနိုင်။ ဤအချက်ကို ပြောရပါလိမ့်မည်။ ပြည်သူလူထုအပေါင်း အုံကြွ၍ ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် အမှီခိုကင်းမဲ့ရေးအတွက် တိုက်ပွဲဝင်ကြရန် လှုံ့ဆော်သင့်ပါသည်။ ခန္တီဝါဒကိုတော့ အားမပေးနိုင်ပါ" ဟု သူ၏ခံစားချက်များကို ပြောပြသွားသည်။

သူက "နောက်ဆုံး၌ အရေးကြီးသောပြဿနာများကို အထက်အောက် အဆင့်ဆင့် မခွဲခြမ်းကြပါနှင့်။ လက်နက်ဖျက်သိမ်းရေးပြဿနာကိုလည်း အရေးအကြီးဆုံးဟူ၍ မသတ်မှတ်သင့်။ မနေ့က ခေတ်နောက်ကျနေသူများမှာ ယနေ့ ရှေ့ရောက်ကာ ထလာကြပါပြီ။ သူတို့ကလည်း ငြိမ်းချမ်းရေးကို အထောက်အကူ ပြုနေကြပါပြီ" ဟု နိဂုံးချုပ်ပြောဆိုလေသည်။

ဂီနီကိုယ်စားလှယ်၏အယူအဆကို တရုတ်ကိုယ်စားလှယ်လွှတ်တော်အမတ်၊ တရုတ်ပြည်အာရှအာဖရိက သွေးစည်းရေးအဖွဲ့ ဗဟိုဥက္ကဋ္ဌ လျောင်ချင်ချီနှင့် လွှတ်တော်အမတ် တရုတ်ပြည်လုံးဆိုင်ရာ အလုပ်သမားသမဂ္ဂဥက္ကဋ္ဌ လူနင်အိတို့က ထောက်ခံကြသည်။

လျောင်ချင်ချီက အာရှအာဖရိကနှင့် လက်တင်အမေရိက၏ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲများအကြောင်းကို အကျယ်တဝင့်ဖော်ပြကာ၊ လုပ်နည်းလုပ်ဟန်နှင့် ပတ်သက်၍ "ငြိမ်းချမ်းရေးလှုပ်ရှားမှုကို ဆိုရှယ်လစ်နိုင်ငံများ၏ နိုင်ငံခြားရေးပေါ်လစီဖြစ်သော ငြိမ်းချမ်းရေးဝါဒသည် အကျိုးပြုသည်။ သို့သော် ငြိမ်းချမ်းရေးလှုပ်ရှားမှုသည် လူထုလှုပ်ရှားမှုဖြစ်သည်။ ပြည်သူ့လှုပ်ရှားမှုဖြစ်သည်။ ငြိမ်းချမ်းရေးလှုပ်ရှားမှုသည် နိုင်ငံတစ်နိုင်ငံမှ အစိုးရ၏ ရာဇပရိယာယ်ခြေလှမ်းတိုင်းကို လိုက်ရန်မလို" ဟု တင်ပြသည်။ ဆက်လက်၍ "ကျွန်တော်တို့၏ ငြိမ်းချမ်းရေးလှုပ်ရှားမှုသည် သီးခြားမဟုတ်။ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု၊ ဆိုရှယ်လစ်အုပ်စု၊ နိုင်ငံတကာ အလုပ်သမားများ၏ လှုပ်ရှားမှုတို့နှင့် အနီးကပ်ဆုံး ဆက်စပ်လျက်ရှိပါသည်။ ယင်းအင်အားစု

mgyoe.com

mgyoe.com


လေးစု၏ စုပေါင်းအင်အားကို ယုံကြည်အားကိုးလျှင် စစ်ကိုတားနိုင်ပါလိမ့်မည်။ အဖိနှိပ်ခံ လူမျိုးများ၏ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကြီးသည် နယ်ချဲ့စနစ်၏ အုတ်မြစ်ကို ကိုင်လှုပ်ကာ၊ ကိုလိုနီစနစ်ကို ပျက်ပြိုစေပါသည်" ဟု အမျိုးသား လွတ်လပ်ရေးတိုက်ပွဲ၏ အရေးကြီးပုံကို ဖော်ပြသည်။

တရုတ်ကိုယ်စားလှယ် လူနင်အိက "ကျွန်တော်တို့သည် လက်နက်ဖျက်သိမ်းရေး အရေးကြီးသည်ဟု ယူဆပါသည်။ ထို့ကြောင့် တရုတ်အစိုးရက လက်နက်ဖျက်သိမ်းရေးကို ထောက်ခံပါသည်။ သို့သော် ငြိမ်းချမ်းရေးကို အဘယ်ပုံ ကာကွယ်ရမည် ဟူသောအချက်ကို စဉ်းစားရာ၌ လက်နက်ဖျက်သိမ်းရေးပြဿနာတစ်ခုတည်းကိုသာ မူတည်၍မဖြစ်ပါ။ လက်နက်ဖျက်သိမ်းရေးကို ခပ်ဝါးဝါးစဉ်းစားလျှင် ပို၍ဆိုးပါလိမ့်မည်။ ငြိမ်းချမ်းရေးလှုပ်ရှားမှု၏ အရေးအကြီးဆုံးလုပ်ငန်းတစ်ခုမှာ ငြိမ်းချမ်းရေး၏ အရက်စက်အကြမ်းကြုတ်ဆုံးသော ရန်သူသည် ဘယ်သူဆိုတာကို ပြည်သူတို့အား အသိပေးရန်ဖြစ်သည်။ တစ်နည်းဆိုရသော် အမေရိကန်နယ်ချဲ့စနစ်သည် ငြိမ်းချမ်းရေး၏ အရက်စက် အကြမ်းကြုတ်ဆုံးသော ရန်သူဖြစ်ကြောင်း ပြည်သူတို့အား အမြဲတမ်း အသိပေးရလိမ့်မည်။ သို့မှသာ ပြည်သူတို့သည် ရန်သူကို ရှင်းရှင်းလင်းလင်းမြင်ကာ သတိကြီးစွာထားလျက် ဖွဲ့ဖြင့်တိုက်နိုင်မည်ဖြစ်ပါသည်" ဟုဆိုသည်။ သူက ဂီနီ၏အဆိုဖြစ်သော ငြိမ်းချမ်းရေးညီလာခံကြီးတွင် လက်နက်ဖျက်သိမ်းရေး တစ်ခုတည်းကိုသာ မူမတည်ဘဲ ငြိမ်းချမ်းရေး၊ အမျိုးသားလွတ်လပ်ရေးနှင့် လက်နက်ဖျက်သိမ်းရေး ညီလာခံကြီးဖြစ်သင့်ကြောင်း တင်ပြလေသည်။

လူနင်အိက တချို့က လက်နက်ဖျက်သိမ်းရေးသည် သော့ချက်ပြဿနာဖြစ်၍ ယင်းဖြေရှင်းလျှင် ပြဿနာအားလုံး ပြေလည်သွားမည်။ အမျိုးသားလွတ်လပ်ရေး လှုပ်ရှားမှုသည် လက်နက်ဖျက်သိမ်းရေးလှုပ်ရှားမှု၏ လက်အောက်ခံဖြစ်ရမည်ဟု ယူဆကြသည်။ ယင်းယူဆချက်သည် မှားယွင်း၍ အန္တရာယ်ရှိသည်ဟု ဝေဖန်လေသည်။

## (၃)

အချုပ်ဆိုရသော် ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုကြီး၏ ယနေ့ဦးတည်ချက်တွင် မည်သည့်ဘက်သို့ 'ဇောင်း' ပေးရမည်နည်းဟူသော သဘောတရားပြဿနာ၌ ကွဲလွဲခြင်းဟု ယူဆပေသည်။

ယင်းအယူအဆ နှစ်ခုပေါ်တွင်အခြေခံလျက် ကွဲလွဲချက်နှစ်ခု စပေါ်လာသည်။

mgyoe.com

တစ်ဖက်က ညီလာခံကြီး၏အမည်ကို 'အထွေထွေလက်နက် ဖျက်သိမ်းရေးနှင့် ငြိမ်းချမ်းရေးညီလာခံကြီး' ဟုခေါ်ရန် ဟု အဆိုတင်သည်။

တစ်ဖက်က ညီလာခံကြီး၏အမည်ကို 'ငြိမ်းချမ်းရေး၊ အမျိုးသားလွတ်လပ်ရေးနှင့် လက်နက်ဖျက်သိမ်းရေးညီလာခံကြီး' ဟု ခေါ်သင့်သည်ဟု ကန့်ကွက်သည်။

နောက်ဆုံး၌ သဘောတူညီမှုမရသဖြင့် မဲခွဲကာ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ပထမ အဆိုဘက်မှာ လူများစုရ၍ ဒုတိယအဆိုဘက်မှာ လူနည်းစုဖြစ်သည်။ ကျွန်တော်နှင့် မြသန်းတင့်တို့သည် လူနည်းစုဘက်မှ မဲပေးခဲ့ကြပေသည်။

မော်ကွန်းသတင်းမဂ္ဂဇင်း။

❐

mgyoe.com

mgyoe.com

# ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် အမျိုးသားလွတ်လပ်ရေး

(၁)

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ အစည်းအဝေးကို ၁၉၆၁ ခု၊ ဒီဇင်ဘာလ ၁၆–၁၉ ရက်နေ့များတွင် ဆွီဒင်ပြည်၊ စတော့ဟုမ်းမြို့၌ ကျင်းပခဲ့ပေသည်။ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့လည်း ယင်းစတော့ဟုမ်းကောင်စီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ကျွန်တော်တို့သည် စတော့ဟုမ်းသို့ ဒီဇင်ဘာလ ၁၄ ရက်နေ့ ညနေဘက်၌ လန်ဒန်၊ ကိုပင်ဟေဂင်မှ ဖြတ်၍ရောက်ခဲ့ကြသည်။ စတော့ဟုမ်းမှာ အတော်အေးစပြုနေပေပြီ။ ဆွီဒင်ငြိမ်းချမ်းရေးကော်မတီ၏ အတွင်းရေးမှူး စဗာဆင် လာရောက်ကြိုဆို၍ ကျွန်တော်တို့အား 'နန်းတော်ဟိုတယ်' ၌ နေရာချထားလေသည်။

အနိုင်နိုင်ငံမှ လာရောက်ကြသော ကိုယ်စားလှယ်များမှာ ဟိုတယ်နှစ်ခု သုံးခု၌ ခွဲ၍နေကြရသည်။ အစည်းအဝေးများကျင်းပမည့် အဆောက်အအုံနှင့် မျက်နှာချင်းဆိုင် မယ်လ်မင်ဟိုတယ်၌ တရုတ်၊ ဆိုဗီယက်ယူနီယံ၊ ဂျာမနီ၊ ချက်ကိုစလိုဗေးကီးယား၊ အင်္ဂလန် စသောနိုင်ငံများမှ ကိုယ်စားလှယ်များ နေကြသည်။ ကျွန်တော်တို့တည်းသော ဟိုတယ်၌ အာရှ၊ အာဖရိကမှ ကိုယ်စားလှယ်အချို့တည်းကြကြောင်း နောက်မှ သိရပေသည်။ နယူးဒေလီတွင်ကျင်းပသော ကောင်စီအစည်းအဝေးတက်ဖူးရာ ကိုယ်စားလှယ် တော်တော်များများမှာ တစုတဝေးကြီး တည်းကြရသည်။

ကျွန်တော်တို့မှာ နန်းတော်ဟိုတယ်တွင် နံနက်စာစားပြီး ထွက်ခဲ့ကြရာ တစ်နေ့လုံး အစည်းအဝေး၌အချိန်ကုန်ပြီး ညဘက်မှ အခန်း ပြန်ရောက်ကြတော့သည်။

mgyoe.com

နေ့လယ်စာနှင့် ညစာကို အစည်းအဝေးကျင်းပရာ အဆောက်အဦနှင့် မျက်နှာချင်းဆိုင်ရှိ မယ်လ်မင်ဟိုတယ်၌ စားကြရသည်။ ယင်းသို့ ကိုယ်စားလှယ်များ တစ်ကွဲတစ်ပြားစီ နေကြရသဖြင့် ကျွန်တော်တို့တွေ့လိုသော ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခွင့် မရ၊ အချိန်မရဖြစ်ကာ ညီလာခံမတိုင်မီ ဖြစ်ပျက်နေသော အချို့သောအခြေအနေများကို အကဲခတ်ခွင့်မရခဲ့ပေ။ ဥပမာ သဘာပတိအဖွဲ့တွင် ကွဲလွဲနေသောပြဿနာများကို ကြိုတင်မသိခဲ့ရပေ။

(၂)

အစည်းအဝေး ပထမနေ့၌ ဆွီဒင်ပြည်မှ ကဗျာဆရာ စာပေဝေဖန်ရေးဆရာ လန်ဗစ်က ဖွင့်လှစ်ပြီးနောက် ကမ္ဘာငြိမ်းချမ်းရေးကောင်စီ သဘာပတိအဖွဲ့ဥက္ကဋ္ဌကြီး ကမ္ဘာကျော် လောကဓာတ်သိပ္ပံဆရာကြီး ဒေါက်တာဘာနယ် (သူရေးသော သိပ္ပံရေးရာဆောင်းပါးများကို တက္ကသိုလ်၌ ပြဋ္ဌာန်းသော ကျောင်းသုံးစာအုပ်များ၌ တွေ့ရသည်) က နိုင်ငံတကာရေးရာနှင့် ငြိမ်းချမ်းရေးပြဿနာများကို အစီရင်ခံသောမိန့်ခွန်း ပြောကြားသည်။ ပထမနေ့မှာ ကိုယ်စားလှယ်ပေါင်းစုံ တက်ရောက်သော အစည်းအဝေးနေ့ဖြစ်၍ နောက်နေ့များတွင် ကော်မရှင် လေးခုခွဲပြီး အစည်းအဝေးထိုင်ကြရသည်။

ကော်မရှင် လေးခုမှာ –

(၁) အမျိုးသားလွတ်လပ်ရေး

(၂) ငြိမ်းချမ်းရေးလှုပ်ရှားမှုလုပ်ငန်းများ

(၃) အထွေထွေလက်နက် လျှော့ပေါ့ရေး

(၄) ဂျာမနီပြဿနာ

ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့မှာ အထက်ပါ ကော်မရှင် ၁၊ ၂၊ ၃ တွင် အသီးသီး ပါဝင်တက်ရောက်ကြသည်။

ယင်းကောင်စီအစည်းအဝေးကြီးသို့ နိုင်ငံပေါင်း ၆၄ နိုင်ငံမှ ကိုယ်စားလှယ် ၂၀၀ ခန့် တက်ရောက်၍ ကမ္ဘာ့အဖွဲ့အစည်းကြီး ရှစ်ခုမှ ကိုယ်စားလှယ် ၂၀ တက်ရောက်ကြသည်။

ကော်မရှင်အစည်းအဝေးများမှ အဆိုပေါင်း ၂၂ ခု တင်ပြရာ နောက်ဆုံးနေ့၌ ကျင်းပသော ကိုယ်စားလှယ်စုံအစည်းအဝေး၌ ကန့်ကွက်သူမရှိ အတည်ပြုလိုက်ကြသည်။

mgyoe.com

mgyoe.com


(၃)

မဲခွဲ၍ဆုံးဖြတ်ရသောအချက်မှာ ယခု ၁၉၆၂ ခုနှစ်အတွင်း (ယခု ဇူလိုင်လ ၉–၁၄ ၌ မော်စကိုတွင်ကျင်းပရန် သဘာပတိအဖွဲ့မှ ဆုံးဖြတ်လိုက်ပြီ) ကျင်းပမည့် ညီလာခံကြီး၏အမည်ကို ရွေးချယ်ရာတွင် ဖြစ်သည်။ ယင်းအမည်ကို ရွေးချယ်ရာတွင် သဘာပတိအဖွဲ့၌ စတင်ကွဲလွဲခြင်းဖြစ်သည်။

သဘာပတိအဖွဲ့တွင် များရာစုက တင်ပြသောအမည်မှာ 'အထွေထွေလက်နက် လျှော့ပေါ့ရေးနှင့် ငြိမ်းချမ်းရေးညီလာခံကြီး' ဟူသောအမည် ဖြစ်သည်။ အခြားနည်းရာစုက ပြင်ဆင်၍ တင်ပြသောအမည်မှာ 'ငြိမ်းချမ်းရေးလက်နက် လျှော့ပေါ့ရေးနှင့် အမျိုးသားလွတ်လပ်ရေးညီလာခံကြီး' ဟူသောအမည် ဖြစ်သည်။

ယင်းအမည်ရွေးချယ်ရေး၌ သဘောတူညီမှုမရသဖြင့် မဲခွဲကြရာ သဘာပတိအဖွဲ့က တင်ပြသောအမည် (ဝါ) 'လက်နက်လျှော့ပေါ့ရေးနှင့် ငြိမ်းချမ်းရေးညီလာခံ' ဟူသော နာမည်ဖြင့်ကျင်းပရန်ဘက်မှ ၁၆၃ မဲ၊ အခြားဘက်မှ ၂၄ မဲ၊ မဲမပေးဘဲနေသော မဲ ၁ ဖြင့် အတည်ပြုလိုက်လေသည်။

ကျွန်တော်တို့မှာ သဘာပတိအဖွဲ့မှ တင်ပြသောနာမည်ကို သဘောမတူသဖြင့် ကန့်ကွက်မဲပေးခဲ့ကြပေသည်။ မဲပေးရာ၌ တချို့နိုင်ငံလိုက်မဟုတ်ဘဲ ကိုယ်စားလှယ်လိုက် ပေးကြသည်။ မြသန်းတင့်နှင့် ကျွန်တော်မှာ ကန့်ကွက်မဲပေးခဲ့ကြသည်။ ဂျပန်ကိုယ်စားလှယ် နှစ်ယောက်အနက် ဂျပန်ငြိမ်းချမ်းရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခဟီရာနိမှာ ကျွန်တော်တို့နှင့်အတူ မဲပေး၍ ပါမောက္ခယာစုအိမှာ မဲမပေးဘဲ (abstention) နေသည်။ ယင်းနည်းရာစုဘက်မှာ တရုတ်၊ မာလီနှင့် အခြားအာရှ အာဖရိက နိုင်ငံများမှ ကိုယ်စားလှယ်များ မဲပေးကြသည်။ အခြားဘက်မှာ အိန္ဒိယ၊ ဆိုဗီယက်၊ အင်္ဂလိပ် စသောနိုင်ငံများမှ ကိုယ်စားလှယ်များ ဖြစ်ကြသည်။

ညီလာခံ၏အမည် ရွေးချယ်ရာတွင် ယခင်ကကဲ့သို့ ကန့်ကွက်သူ လုံးဝ မရှိ သဘောတူညီချက်မရသော်လည်း နောက်ဆုံး အတည်ပြုလိုက်သော နာမည်နှင့်ပင် ငြိမ်းချမ်းရေးညီလာခံကြီးကျင်းပရန် စိုင်းပြင်းကြရပေမည်တည်း။

မော်ကွန်းသတင်းမဂ္ဂဇင်း

❒

mgyoe.com

mgyoe.com

# ညီညွတ်ရေး ငြိမ်းချမ်းရေး

(က)

ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ကျွန်တော် ဖော်ပြခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော် ၄၀ ခန့် ရှိသွားပြီဟူ၍ပင် ဆိုနိုင်သည်။ ညီညွတ်ရေးငြိမ်းချမ်းရေးကို ရှေ့က စကားလုံးတစ်လုံးဖြင့် ကျွန်တော် စတင်ထားသည်။ ယင်းစကားလုံး၏အဓိပ္ပာယ်မှာ တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ခြင်းကို အဓိပ္ပာယ်ဖော်သည့် စကားရပ်ဖြစ်သည်။

အင်္ဂလိပ်စကားလုံးကတော့ ဒီမိုကရေစီ၊ ပင်ရင်းစကားလုံးကတော့ ဂရိစကားမှ ဆင်းသက်လာသည်။ အဓိပ္ပာယ် တိုက်ရိုက်ပြန်ဆိုလျှင် ပြည်သူအများစုက အုပ်ချုပ်ခြင်းဟူသော အဓိပ္ပာယ်ထွက်သည်။ ပြည်သူဟု အဓိပ္ပာယ်ယူ၍လည်းရသည်။ ကျွန်တော်က ပို၍ထင်ရှားအောင် အများစုဝိသေသကို အပိုထည့်ပေးလိုက်ခြင်းသာ ဖြစ်သည်။ ဒီမိုကရေစီဟူသော စကားရပ်ကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသည်။ ထို့ကြောင့် အငြင်းပွားစရာဖြစ်မည်စိုး၍ နောက်ထပ် ကျွန်တော် စကားလုံးကိုမသုံး။

တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ခြင်းဟူသော စကား၏အဓိပ္ပာယ်မှာ လူအများသည် တန်းတူအခွင့်အရေး ရရှိကြပြီးနောက် ယင်းအခွင့်အရေးကိုသုံး၍ လွတ်လပ်စွာ တန်ဖိုးရှိခြင်းဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။ အများလက်ခံနိုင်သော အဓိပ္ပာယ်ပင်ဖြစ်သည်ဟု ယူဆသည်။

ကျွန်တော်က ညီညွတ်ရေး၊ ငြိမ်းချမ်းရေးဟူသော စကားများကိုသုံးခြင်းမှာ စာအုပ်ထဲမှယူ၍ သုံးခြင်းမဟုတ်။ မိမိအတွေ့အကြုံအရ ခံစားသိရှိခဲ့ရသော အသိဖြင့် သုံးခြင်းသာလျှင် ဖြစ်သည်။

mgyoe.com

mgyoe.com


စစ်မဖြစ်ခင်က ကျွန်တော်နှင့် ကျောင်းနေဖက် သမဂ္ဂမိတ်ဆွေများမှာ စစ်ပြီးသောအခါ နောင်တွင် နိုင်ငံရေးခေါင်းဆောင်များ ဖြစ်သွားကြသည်။ ယင်းနိုင်ငံရေးခေါင်းဆောင်များတွင် အယူအဆချင်းတူကြသူများလည်း ရှိသည်။ မတူကြသူများလည်း ရှိသည်။ ယင်းသို့ အယူအဆမတူခြင်း၊ မျှော်မှန်းချက်ချင်းမတူခြင်း၊ နည်းလမ်းမတူခြင်း စသည်တို့ကြောင့် လွတ်လပ်ရေးရပြီးသောအခါ အမျိုးသားညီညွတ်ရေးပြိုကွဲရသည်ဟု ကျွန်တော်က မိမိ၏ သမိုင်းခေတ်အတွေ့အကြုံဖြင့် ခံစားသိရှိခဲ့ရသည်။

ယင်းသို့ အမျိုးသားညီညွတ်ရေးပျက်ပြားသဖြင့် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဟန့်အတားများစွာဖြစ်သည်ဟု ယုံကြည်နေမိသည်ဟု ခံစားသိရှိနေမိသည်။ လွတ်လပ်ရေးရပြီးနောက် ဖွံ့ဖြိုးတိုးတက်စေချင်သည်။ ယင်းစိတ်ဖြင့် ညီညွတ်ရေး ငြိမ်းချမ်းရေးဟု ဖော်ပြခဲ့သည်။ ညီညွတ်ရေးရှိမှ ငြိမ်းချမ်းရေးရှိမည်။

နောက်တစ်ထစ် ပြန်ဆုတ်လိုက်လျှင် တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ရေးရှိမှသာလျှင် ညီညွတ်မည်။ ထို့ကြောင့် တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်းဟု သဘောတရားထုတ်လိုက်ခြင်းဖြစ်သည်။

## (ခ)

တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ခြင်းသည် ညီညွတ်ရေးရရှိရန် (သို့) ညီညွတ်ရေးအင်အား ကောင်းရန်အတွက် အခြေခံအကြောင်းရင်းတစ်ရပ် ဖြစ်သည်။ လူသားတို့ အမြတ်နိုးဆုံး တန်ဖိုးအထားဆုံးအရာမှာ လွတ်လပ်ရေးပင်ဖြစ်သည်။ လွတ်လပ်ရေးကို အဟန့်အတားပြုခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းတို့ကို လူသားတို့သည် မနှစ်သက် မလိုလား။ လူ့အဖွဲ့အစည်းကြီးတွင် လူသားတို့သည် ယှဉ်ပြိုင်နေကြသည်။

လူတိုင်းသည် ဘဝတိုးတက်ရေးတွင် ယှဉ်ပြိုင်နေကြသည်။ မိမိတို့သာလျှင် အသာရလိုကြသည်။ တစ်ဦးထက်တစ်ဦးသာအောင် ဆောင်ရွက်နေကြသည်။ ယင်းသည် သဘာဝတ္တတရားဖြစ်သည်။ ထိုအခါ ယင်းသို့ လွတ်လပ်စွာဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရေးတွင် လွတ်လပ်ရေးကို ဖိနှိပ်ချုပ်ချယ်ထားလျှင် မကျေနပ်ကြ။ ဤသည်မှာ သဘာဝတရားဖြစ်သည်။

အပြေးပြိုင်ပွဲတွင် တာထွက်တွင် တစ်ပြိုင်နက်တည်းထွက်ရသည်။ တစ်ယောက်က ရှေ့၊ တစ်ယောက်က နောက် မညီမမျှ၊ တန်းတူအခွင့်အရေးမရရှိဘဲ မဖြစ်ပေ။ တစ်ယောက်တည်းပြေး၍ ပထမဆု ဆွတ်ခူးလျှင်လည်း ရယ်စရာသာ

mgyoe.com

mgyoe.com

ဖြစ်နေပေလိမ့်မည်။ လူသားတို့သည် စားဝတ်နေရေးအတွက် ဘဝတွင် လူ့အဖွဲ့ အစည်းကြီးတွင် ယှဉ်ပြိုင်နေကြသည်။ လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်ခွင့်ရှိမှ သာလျှင် တရားနည်းလမ်း ကျပေလိမ့်မည်။ အခွင့်အရေးတန်းတူမပေးဘဲ ယှဉ်ပြိုင်ခွင့်ပေးလျှင် တရားမည် မဟုတ်ပေ။

လူတစ်ယောက်၏ ခြေထောက်ကိုချိုးပြီး အပြေးပြိုင်ပွဲဝင်ခိုင်း၍ မဖြစ်ပေ။ မညီမညွတ်ဖြစ်နေရခြင်း ဆိုသည်မှာ လူ့အခွင့်အရေးတန်းတူမရှိဘဲ လွတ်လပ်ခွင့် တန်းတူမရှိဘဲ တည်ရှိနေသော အခြေအနေကြောင့်သာလျှင် ဖြစ်ပေသည်။

ထို့ကြောင့် ညီညွတ်ရေး၏ အခြေခံအကြောင်းမှာ တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ခွင့်ရှိသောတရားပင် ဖြစ်ပေသည်။

တိုင်းပြည်များတွင် မတည်မငြိမ်ဖြစ်နေရသည်မှာ မညီညွတ်သောကြောင့်သာ လျှင် ဖြစ်ပေသည်။ ထို့ကြောင့် ညီညွတ်ရေးဆောင်ရွက်ခြင်းသည် ကောင်းမြတ်သော လုပ်ရှားမှု ဖြစ်ပေသည်။ စုံလင်ထွေပြား မြားမြောင်ရှုပ်ထွေးသော လူတို့သည် တစ်ပြေး ညီတစ်ပြေးတည်း ထပ်တူထပ်မျှ ညီညွတ်ရေးဆိုသည်ကတော့ မရှိနိုင်ပေ၊ ဖြစ်လည်း မဖြစ်နိုင်ပေ။ သို့သော် တစ်ယောက်နှင့်တစ်ယောက် တစ်ဖက်နှင့်တစ်ဖက် ရန်လုပ်ရန် မလိုဘဲ လက်နက်စွဲကိုင်ရန်မလိုဘဲ သင့်မြတ်စွာ အတူတကွတည်ရှိနေနိုင်မည်ဆိုလျှင် ပင် ညီညွတ်ရေးဟု ပြောရပေမည်။ ညီညွတ်ရေးရှိလျှင် ငြိမ်းချမ်းရေးရှိလာပေမည်။ ထိုအခါ စစ်တို့သည်လည်း ရှိလာမည်မဟုတ်ပေ။ ငြိမ်းချမ်းရေးရှိသဖြင့် ညီညွတ်ရေး သည် ပို၍ အင်အားကောင်းလာနိုင်သည်။

တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ရေးရှိခြင်းသည်ပင်လျှင် သင့်မြတ်သော အခြေအနေတစ်ရပ်ကို ပိုင်စိုးသည့်သဘောပင် ဖြစ်ပေသည်။ ထို့ကြောင့် အခွင့်အရေး တန်းတူဖြင့် လွတ်လပ်ရေး၊ အခွင့်အရေးတန်းတူ လွတ်လပ်သည်ဆိုလျှင်ပင် မကျေနပ် မှုများ နည်းပါးသွားလိမ့်မည်။ မကျေနပ်မှုများ နည်းပါးသွားမည်ဆိုလျှင် ညီညွတ်ရေး ရရှိလာပြီ။ ထို့ကြောင့် ငြိမ်းချမ်းရေး၏အခြေခံသည် ညီညွတ်ရေး၊ ညီညွတ်ရေး၏ အခြေခံသည် တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ရေး။

(ဂ)

တစ်ယောက်နှင့်တစ်ယောက် တစ်ဖက်နှင့်တစ်ဖက် မတူညီခြင်း (ဝါ) မညီ ညွတ်ခြင်းသည် သဘာဝတရားဖြစ်သည်။ သို့သော် ယင်းမတူညီခြင်းကို တစ်ဖက်နှင့်

mgyoe.com

mgyoe.com

တစ်ဖက် နားလည်သိရှိ အသိအမှတ်ပြုပြီးလျှင် ငြိမ်းချမ်းရေးဟူသော အင်မတန်မွန်မြတ်သန့်စင်သည့် အရေးအတွက်သာလျှင် ညီညွတ်ရေးကို ဆောင်ရွက်ရန်ဖြစ်သည်။

ညီညွတ်ရေးကို ဦးစားပေးရန်ဖြစ်သည်။ ငြိမ်းချမ်းရေးမရှိခြင်းသည် ညီညွတ်ရေးမရှိခြင်း ဖြစ်သည်။ ညီညွတ်ရေးမရှိခြင်းသည် တစ်ဖက်နှင့်တစ်ဖက် အပြစ်တင်ခြင်း၊ ရန်စောင်ခြင်း၊ အမုန်းပွားစကားများ ဆိုခြင်းတို့ဖြင့်သာလျှင် ပြွမ်းနေသည်။ ထိုအခါ ညီညွတ်ရေးဘက်သို့ နီးကပ်မလာဘဲ မညီညွတ်ရေးဘက်၊ အမုန်းဘက်သို့သာလျှင်ရောက်ကာ အချစ်၊ ငြိမ်းချမ်းရေးတို့နှင့် ဝေးကွာသွားတတ်သည်ကို သိမြင်နေရသည်။

တစ်ယောက်တည်း၊ တစ်ဖွဲ့တည်း၏ လိုအင်ဆန္ဒကို တစ်ပြည်လုံး၏ ငြိမ်းချမ်းရေး၊ ပြည်သူတို့၏ ဆန္ဒအောက်တွင် မြှုပ်နှံနိုင်မည်ဆိုလျှင် ငြိမ်းချမ်းရေးမရစရာဘာမျှမရှိ။ တစ်ခါတစ်ရံ တစ်ဖက်နှင့်တစ်ဖက် မြင်ပင်မြင်ဖူးသည်မဟုတ်၊ သိကျွမ်းပင်သိကျွမ်းဖူးသည်မဟုတ်၊ ရန်ဘက်အဖြစ် သဘောထားခြင်းသည် သဘာဝစိတ်ဓာတ်မဟုတ်။

သဘာဝစိတ်ဓာတ်က အချစ်၊ ကြင်နာခြင်းဖြစ်သည်။ ယင်းသည်သာလျှင် လူသားတို့၏ ပင်ရင်းစိတ်ဓာတ်ဖြစ်သည်။ ယင်းပင်ရင်းစိတ်ဓာတ်ကို ပြိုင်၍ဖော်ကြရန်ဖြစ်သည်။ ရာဇဝင်ကို ပြောင်းပစ်ကြရန်လိုပေပြီ။

ယနေ့မျိုးဆက်၊ တတိယမျိုးဆက်၊ နောင်မျိုးဆက်တို့သည် ငြိမ်းချမ်းရေးသမိုင်းကိုသာလျှင် ရေးသားကြရန်ဖြစ်သည်။ ယင်းသမိုင်းသည်ကား ညီညွတ်ရေးသမိုင်းပင်ဖြစ်ရပေမည်။

အယူအဆများ ကွဲလွဲချက်များတို့သည် ငြိမ်းချမ်းရေးလောက် အရေးမကြီးပေ။ ငြိမ်းချမ်းရေးရလျှင် ပြဿနာများအားလုံး ပြေမည်။ တိုင်းပြည်သည် စည်ပင်ချမ်းသာဝပြော ပျော်ရွှင်လာမည်။ ငြိမ်းချမ်းရေးရရှိလာပြီ သို့မဟုတ် ငြိမ်းချမ်းရေးဘက်သို့ ခြေလှမ်းဝင်လာပြီဆိုလျှင် ဖိနှိပ်ချုပ်ချယ်မှုများလည်း ရှိလာစရာအကြောင်း မရှိတော့၊ လက်နက်ကိုင်စရာလည်း အကြောင်းမရှိတော့။ ထိုအခါ အမုန်းတရားသည် တစ်စတစ်စ ကင်းစင်သွားမည်။ အချစ်သာလျှင် ပွားလာမည်။ ထို့ကြောင့် ညီညွတ်ရေးကြိုးပမ်းမှုသာလျှင် အမုန်း၏အဆုံး၊ အချစ်၏အစ၊ ငြိမ်းချမ်းရေး၏မုခ်ဦး ဖြစ်သည်ဟု ဆိုချင်ပါသည်။

မြားနတ်မောင်၊ ဒီဇင်ဘာ၊ ၁၉၉၃။ ❐

mgyoe.com

mgyoe.com

# စစ်မဲ့ကမ္ဘာ

## (က)

ထိုညနေက မည်သည့်လေလှိုင်းသံကိုဖမ်းဖမ်း မစ္စတာရေဂင်နှင့် မီခေး ဂေါ်ဘာချက်ဗ်ဟူသော အသံကို ကြားနေရသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် တိုင်းပြည်များမှ ဤနာမည်နှစ်ခုကိုပင် ကြားနေရပေသည်။ ယင်းမစ္စတာရေဂင်နှင့် ဂေါ်ဘာချက်ဗ်တို့ရှိရာ အိမ်ဖြူတော် အသံလွှင့်ချက်များကို ဖမ်းယူရာတွင်လည်း သူတို့၏ ပြောစကားသံများကို ကြားနေရသည်။ ထမင်းစားပွဲတွင် အရက်ဖန်ခွက်ကို မြှောက်၍ ပြောသော စကားများထဲတွင်ကား “နျူကလီးယားမဲ့ ကမ္ဘာ” ဟု ကြားနေရသည်။ ဤစကားသံကြားရပြီးနောက် ဖန်ခွက်ချင်း ထိတိုက်သံ၊ တချွင်ချွင်မြည်သံ၊ ဖန်ခွက်ထဲမှ ရှန်ပိန်အရက်လှိုင်းခတ်သံတို့ကိုပါ ကြားနေရသည်။ ထိုညက လေလှိုင်းသံမှ ငြိမ်းချမ်းရေးဟူသော ခံစားမှုဖြင့် ပြောဆိုနေခြင်းဖြစ်သည်။

ကျွန်တော် ငြိမ်းချမ်းရေးဟူသော ဝေါဟာရစကားလုံးကို သုံးခဲ့သည်မှာ ကြာပါပြီ။ အနှစ် ၄၀ ပင် ကျော်ပါပြီ။ တာရာမဂ္ဂဇင်း စတင်ထွက်သည့် ၁၉၄၆၊ အမှတ် ၁၊ ခေါင်းကြီးပိုင်းတွင် ထာဝစဉ်ငြိမ်းချမ်းရေးဟု သုံးခဲ့သည်။ ဤအချိန်ကာလမှစ၍ ယနေ့တိုင် ကျွန်တော့်ရေးသားချက်များတွင် ငြိမ်းချမ်းရေးဟူသောစကားများ ထပ်ခါတလဲလဲ ပါဝင်နေခဲ့သည်။ ကျွန်တော်၏ ငြိမ်းချမ်းရေးခံစားမှုသည် ဒုတိယကမ္ဘာစစ် ပြီးကတည်းကပင် ရိုက်ခတ်ခဲ့သည်ဟု ဆိုရပေမည်။

ထိုနေ့မှာ ဂျပန်စစ်ဝါဒီတို့က အမေရိကန် ဟိုနိုလူလူရှိ ပုလဲဆိပ်ကမ်းကို ဗုံးကြဲသော ဒီဇင်ဘာ ရှစ်ရက်နေ့ ဖြစ်သည်။ ထိုနေ့မှာ ဒုတိယကမ္ဘာစစ်ကြီး အရှေ့

mgyoe.com

mgyoe.com


အာရှဘက်တွင် စတင်ဖြစ်သောနေ့ဖြစ်သည်။ လွန်ခဲ့သော ၄၆ နှစ်ကဖြစ်သည်။ ယင်းနေ့မှာပင် ဆိုဗီယက်နှင့် အမေရိကန်တို့ မြေပြင်စိုက် နျူကလီးယားလက်နက် ဖျက်သိမ်းရေးစာချုပ် ချုပ်သောနေ့ဖြစ်သည်။

အဘယ်ကြောင့် ကျွန်တော်သည် ကျွန်တော့်စာပေတွင်၊ ကဗျာတွင် ငြိမ်းချမ်းရေးစကားလုံးကို ထပ်ခါတလဲလဲ သုံးရသနည်း။ ကျွန်တော်၏ခံစားမှုသည် ငြိမ်းချမ်းရေးခံစားမှု ဖြစ်နေ၍ပေလော။

## (၁)

ခံစားမှုဆိုသည်က ကျယ်ဝန်းလှပေသည်။ ခံစားမှုသည် လူတို့၏ရင်တွင်းမှ ဖြစ်ပေါ်လာသည်ဖြစ်ပေရာ လူတို့၏ သမိုင်းစဉ်ဖြတ်သန်းသွားသည့် ခေတ်ကာလအလျောက် ယင်းသည့်ကျယ်ဝန်းသည်ဟု ဆိုနိုင်သည်။

လူတို့၏ခံစားမှုသည် ကျယ်ဝန်းမြားမြောင် စုံလင်ရှုပ်ထွေးသည်ဟု ဆိုချင်သည်။ ခံစားမှုမှ စာပေအနုပညာတို့ ဖြစ်ထွန်းပေါ်ပေါက်လာပေသည်။ ယင်း ခံစားမှုအကြောင်းအရာများကို အခြေတည်၍ ခံစားမှုဗေဒကျမ်းများ၊ ရသဗေဒကျမ်းများ ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်းထောင်နှင့်ချီ၍ ကြာမြင့်ခဲ့ပေပြီ။

စာပေနှင့် အနုပညာပရိသတ်တို့သည်လည်းကောင်း၊ စာပေနှင့် အနုပညာကို ဖန်တီးကြသော အနုပညာရှင်သည်လည်းကောင်း နှစ်ပေါင်းများစွာက ဒဿနပညာရှင်တို့ ပြုစုခဲ့ကြသည့် ဒဿနဗေဒကျမ်းများကို ဖတ်ခဲ့ကြရသည်။

ရသဗေဒ ကျမ်းဆရာတို့မှာ သူတို့ခေတ်တွင် ပေါ်ပေါက်ခဲ့သော စာပေအနုပညာကို ခံစား၍ ယင်းစာပေနှင့် အနုပညာ မည်သို့ပေါ်ပေါက်လာပုံကို လေ့လာစူးစမ်း၍ ပြုစုထားခဲ့ခြင်းများဖြစ်သည်။

လူ့သမိုင်းဆိုသည်မှာလည်း ရပ်တန့်နေသည်မဟုတ်။ အစဉ်မပြတ် လှုပ်ရှားပြောင်းလဲလျက်ရှိသည်။ ယင်းသို့ လှုပ်ရှားပြောင်းလဲနေခြင်းများသည် တစ်ခေတ်နှင့် တစ်ခေတ် တူကြသည်မဟုတ်။

လူတို့၏ စားဝတ်နေရေးလှုပ်ရှားမှုများကို အခြေတည်၍ စီးပွားရေးခေတ်များ၊ နိုင်ငံရေးခေတ်များ ဖြစ်ပေါ်ခဲ့ကြသည်။ ယင်းသမိုင်းခေတ်များသည် ရပ်တန့်နေသည်မဟုတ်။ တစ်ခေတ်မှ တစ်ခေတ်သို့ ပြောင်းလဲလျက်ရှိကြသည်။

ယင်း လူ့သမိုင်းခေတ်ကို အနောက်တိုင်းသမိုင်းဆရာတို့က အမည်များပေးခဲ့

mgyoe.com

ကြသည်။ စီးပွားရေးစနစ်ပေါ်တွင်တည်၍ အမည်ပေးခဲ့ကြခြင်းဖြစ်သည်။

ကျေးပိုင် ကျွန်ပိုင်ရှင်စနစ်၊ မြေရှင်ပဒေသရာဇ်စနစ်၊ အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ် စသည်ဖြင့် အမည်ပေးခဲ့ကြသည်။

မည်သည့်အမည်ဖြင့် သမိုင်းခေတ်တို့ကို အမည်ပေးကြသည်ဖြစ်စေ၊ ခေါ်ဝေါ်သဝ်မှတ်ကြသည်ဖြစ်စေ၊ စာပေအနုပညာတို့သည် လူတို့၏ခံစားမှုမှသာလျှင် ဖြစ်ပေါ်လာကြသည်။ သူတို့၏ခံစားမှုသည် အကြောင်းမဲ့ဖြစ်ပေါ်လာသည်မဟုတ်။ သူနေထိုင်ရာ လူ့အဖွဲ့အစည်း၊ သူ့ပတ်ဝန်းကျင်က ရိုက်ခတ်လိုက်သောခံစားမှုကို ဖော်ပြဖွဲ့နွဲ့ကြပေသည်။

ရသဗေဒပညာရှင်တို့သည် ယင်း ဆက်စပ်လျက်ရှိသော လူ့ခံစားမှု၊ သမိုင်းခေတ်တို့၏ အကြောင်းကို မျက်ကွယ်ပြု၍မရ။ မည်သို့ဆက်စပ်သည်ကို စူးစမ်းကြရပေမည်။

ခံစားမှုသည် အကြမ်းအားဖြင့် နှစ်မျိုးရှိသည်ကို တွေ့ရပေသည်။ ပုဂ္ဂလိကအာရုံခံစားမှုနှင့် လူမှုအာရုံခံစားမှု။

ပုဂ္ဂလိကခံစားမှုဆိုသည်မှာ မိမိတစ်ဦးတည်းကို လာ၍ထင်ဟပ်သောခံစားမှုဖြစ်၍ လူမှုအာရုံခံစားမှုဆိုသည်မှာ မိမိတစ်ဦးတည်းသာမက လူများနှင့် ဆက်စပ်နေသော အာရုံခံစားမှုပင်ဖြစ်သည်။

ပုဂ္ဂလိကခံစားမှုမှာ လူတို့၏အရင်ခံ ခံစားမှုဖြစ်သည်။ လူတို့သည် မွေးစကတည်းက အိမ်ထောင်စုနှင့်အတူ နေထိုင်ရသည်။ အိမ်ထောင်စုနှင့် အိမ်ထောင်စု၏ပတ်ဝန်းကျင်သည် သူ၏ဘဝ အစဖြစ်သည်။ ယင်းပုဂ္ဂလိကဘဝသည် သူ၏ပုဂ္ဂလိကခံစားမှုဘဝကို ဖြစ်ပေါ်စေပေသည်။ သို့သော် သူသည် အိမ်ထောင်စုထဲတွင်သာ နေထိုင်သည်မဟုတ်။ အိမ်တံစက်မြိတ်အတွင်း၌သာ နေထိုင်သည်မဟုတ်။ ကြီးပြင်းလာသည့်အလျောက် စားဝတ်နေရေးဘဝသည် အလိုလို ကျယ်ပြန့်လာရသည်။

လူ့အဖွဲ့အစည်းနှင့် ထိတွေ့လာရသည်။ ထို့ထက်တစ်ဖန် လူ့သမိုင်းခေတ်၏ရိုက်ခတ်ခြင်းကိုခံရသည်။ ယင်းသည် သဘာဝဖြစ်သည်။ သူနေထိုင်ရာ ပတ်ဝန်းကျင်၊ သူ့လုပ်ပတ်လုပ်ရှားရာ လူ့အဖွဲ့အစည်း၊ သူ့ကို ဝန်းရံလျက်ရှိသော ရုပ်ကမ္ဘာ၊ သမိုင်းခေတ်စသည်တို့သည် သူ့ကို ရိုက်ခတ်မြဲဖြစ်သည်။

ယင်းရိုက်ခတ်ချက်ကို သူ့ခံစားမှုက တုံ့ပြန်သည်။ သူ့ခံစားမှု အတိုင်းအတာအလိုက် သူ၏ လူမှုအာရုံခံစားမှုသည် ပုဂ္ဂလိကခံစားမှု၊ လူမှုအာရုံခံစားမှု စသည်ဖြင့်

mgyoe.com

mgyoe.com


ဖြစ်ပေါ်လာကြခြင်းဖြစ်သည်။ မည်သည့်သမိုင်းခေတ်တွင် နေထိုင်သည်ပင်ဖြစ်စေ သူ့သမိုင်းခေတ်၏ လိုင်းဂယက်များကတော့ ရိုက်ခတ်မြဲဖြစ်သည်။

သူ၏ အာရုံခံစားမှု အတိုင်းအတာအလိုက် သူ့သမိုင်းခေတ်၏ အသံဗလံများကို ကြားချင်မှကြားမည်။ သဲ့သဲ့မျှကြားမည်။ ပြတ်ပြတ်သားသားထင်ထင်ရှားရှား ကြားချင်ကြားမည်။ လူ့သမိုင်း၏ လှုပ်ရှားမှုကို သူ မြင်ချင်မှမြင်မည်။ မြင်လျှင်လည်း ဝိုးတိုးဝါးတားမြင်မည်။ သို့မဟုတ် ပြတ်ပြတ်သားသား ထင်ထင်ရှားရှားမြင်မည်။ ယင်းသို့လျှင် အာရုံခံစားမှုများသည် တစ်ဦးနှင့်တစ်ဦး မတူကြဘဲ ကွဲပြားခြားနားလျက် ရှိနေပေသည်။

ယင်းကွဲပြားခြားနားလျက် ရှိသောကြောင့်လည်း အနုပညာ ပညာရှင်တို့၏ ခံစားမှုသည် ကွဲပြားခြားနားကြပေသည်။

ယင်းသို့ ကွဲပြားခြားနားသည့်အလျောက် စာပေအနုပညာတို့တွင် ရသအမျိုးမျိုး ဖန်တီးမိကြခြင်းဖြစ်မည်။ ရသစာပေ ရသအနုပညာတို့ကို အကဲဖြတ်သည့်အခါ ယင်းအချက်များကို မျက်ကွယ်ပြု၍မရ။ ယင်းသို့ တုံ့ပြန်မှုအမျိုးမျိုးရှိသော လူတို့ ဖန်တီးသည့် အနုပညာနှင့် စာပေတို့သည် ထွေပြားမြားမြောင် စုံလင်ရှုပ်ထွေးလျက် ရှိသည်ဟု ပြောရပေသည်။

## (ဂ)

တာရာအမှတ် ၁ တွင် ကျွန်တော်ဖော်ပြခဲ့သော 'ထာဝစဉ်ငြိမ်းချမ်းရေး' ဟူသော စကားအဓိပ္ပာယ်မှာ စစ်များ လုံးဝကင်းမဲ့သော အခြေအနေကို ဆိုလိုခြင်းဖြစ်သည်။ စစ်မဲ့ကမ္ဘာဟု ခေါ်ရပေမည်။ ကျွန်တော် လေ့လာခဲ့သော သဘောတရားများအရ အရင်းရှင်စနစ်ကြောင့် စစ်များဖြစ်ပေါ်ခဲ့ရသည်ဟု ယူဆရသည်။ အရင်းရှင်စနစ်ကြောင့် နယ်ချဲ့စနစ်ပေါ်ရသည်။ နယ်ချဲ့စနစ်ကြောင့် စစ်များ ဖြစ်ပွားခဲ့ရသည်။ အရင်းရှင်စနစ်မရှိသော ကမ္ဘာ၊ တစ်နည်းဆိုရသော် ဆိုရှယ်လစ်စနစ် ထွန်းကားသော နေရာတွင် စစ်များမရှိဟု ကျွန်တော် ယူဆခဲ့သည်။ ယင်းအယူအဆဖြင့် ထာဝစဉ် ငြိမ်းချမ်းရေး ဟူသောစကားကို သုံးခြင်းဖြစ်သည်။

ကျွန်တော်သည် စစ်နှင့် တော်လှန်ရေးတို့ကို ဖြတ်သန်းခဲ့ပြီးနောက် ငြိမ်းချမ်းရေးကို ပို၍ယုံကြည်လာမိပေသည်။ ၁၉၃၉ က ကျွန်တော်သည် ဘုံဝါဒနှင့် စစ်မက်ရေး ဟူသော ဆောင်းပါးတစ်စောင် ဒဂုန်မဂ္ဂဇင်းတွင် ရေးခဲ့ဖူးသည်။ ထိုအခါ လီနင်၏

mgyoe.com

 mgyoe.com 

ဆိုရှယ်လစ်ဝါဒနှင့် စစ်ဟူသော စာအုပ်ငယ်ကလေးကိုဖတ်ကာ ယင်းစာအုပ်၏ အဓိပ္ပာယ်ကို ပြန်လည်ဖော်ပြခြင်းဖြစ်သည်။ ကိုယ်တိုင်ကြုံတွေ့သည့် စစ်သဘောထား မဟုတ်။ စာအုပ်ထဲမှ သဘောတရားကို ဆောင်းပါးဖြင့် ဖော်ပြသည့်သဘောဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသော်လည်း စစ်ရိပ်စစ်ငွေ့များ ရှိနေသေးသည်။ အဏုမြူ လက်နက်ပေါ်လာသဖြင့် ပို၍ အန္တရာယ်မှာရှိနေသည်။

စစ်ကြီးပြီးဆုံး၍ မကြာမီပင် စစ်ကိုတားဆီးသော ကမ္ဘာ့ငြိမ်းချမ်းရေး လူထု လှုပ်ရှားမှုကြီး ပေါ်လာခဲ့ရသည်။ ကမ္ဘာစစ်ကြီးမဖြစ်သော်လည်း ဒေသစစ်များက ဆက်လက်၍ ဖြစ်ပေါ်နေသေးသည်။ အာရှတိုက် အာဖရိကတိုက်တွင် အမျိုးသား လွတ်မြောက်ရေးစစ်ပွဲများ ရှိနေသေးသည်။ လွတ်လပ်စနိုင်ငံများတွင် ပြည်တွင်းစစ် များလည်း ရှိနေသေးသည်။ အထူးသဖြင့် အာရှနှင့် အာဖရိကတိုက်တွင်ဖြစ်သည်။ ကျွန်တော်သည် ငြိမ်းချမ်းရေးခံစားမှုဖော်ပြသော ကဗျာများကို ရေးဖွဲ့ဖြစ်သည်။

ချိုးဖြူသို့ပန်ကြားချက်၊ သန္တာရောင်၊ ငြိမ်းချမ်းရေးဘက်တော်သား၊ ယမ်းငွေ့ သဇင်ပန်းနှင့် မဆုံးသောကဗျာ၊ ပေဖူးလွှာသဇင်သပေလိမ့်၊ ကုံကော်ပြဿနာ၊ စစ်ပွဲ ဖြစ်သောည၊ အချစ်နှင့် အမုန်းစသော ကဗျာများကို ရေးဖြစ်ခဲ့သည်။ ၁၉၆၁ က ကျွန်တော်သည် **'စစ်မဲ့ကမ္ဘာ'** အမည်ရှိ ကဗျာတစ်ပုဒ် ရေးဖြစ်ခဲ့သည်။

### စစ်မဲ့ကမ္ဘာ

စက်သေနတ်အား
ခုတ်ဖြတ်ရိုက်ချိုး၊ ထက်ပိုင်းကျိုးစေ
မိုးပျံခံတပ်၊ အမြီးပြတ်စေ
တပ်မများလည်း၊ ပယ်ဖျက်ပြီးစေ
စစ်ဦးစီးချုပ်၊ ရုပ်သိမ်းပျက်စေ
လက်နက်ရုံကို၊ သံရည်ကျိုစေ
တိုက်လေယာဉ်ပျံ၊ ကျည်ဆန်ယမ်းများ
စစ်အင်အားဟု၊ အဏုမြူဗုံး
လုံးဝဖယ်ရှား၊ ဖျက်ဆီးထား၍
ဓားမှထယ်သွား ပြောင်းရမည်။

mgyoe.com

mgyoe.com

ထိုရောခါဝယ်
တပ်မဟာအစား၊ ဆေးရုံများပြင်
စာသင်ကျောင်းများ၊ တည်ထားရမည်
ကျည်ဆန်အစား၊ ဆေးဝါး စာအုပ်
ထုတ်လုပ်ပစ်မည်၊
စစ်လေယာဉ်ပျံ၊ ကုန်မခံ၍
နေရန်ဂေဟာ၊ တိုက်တာအိမ်ဆောက်
အမြောက်အစား၊ လယ်သမားတွက်
လယ်ထွန်စက်များ၊ ခုတ်မောင်းသွားသည်
လူသားကောင်းကျိုးပြုရန်တည်း။

**စံပယ်ဖြူအမျိုးသမီးမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၈၈။**

❒

mgyoe.com

mgyoe.com

# ၂၁ ရာစုကို ဘယ်လိုကြိုကြမည်လဲ (၁+၂+၃+၄+၅+၆+၇)

(၁)

ဤအသံမျိုး၊ ဤမေးခွန်းမျိုးကို ကြားနေရသည်။ ကျွန်တော်က အားအားရှိ လေလှိုင်းသံကို နားထောင်ကြည့်ရသည်။ ယခင်ကတော့ အားအားရှိ စာအုပ်၊ ယခု မျက်စိမှုန်သွားပြီဆိုတော့ အသံကို နားထောင်ရသည်။ အရင်က တစ်ရေးနိုးလျှင် အိပ်ရာခေါင်းရင်းရှိ မီးခလုတ်ကိုဖွင့်ကာ စာဖတ်တတ်သည်။ ညဦးကဖတ်ထားသော စာအုပ်များ ကျွန်တော့်အိပ်ရာဘေးတွင် ကြဲပြန့်နေသည်။ မပြီးသေးလျှင် ထပ်ဖတ်ရသည်။ သို့မဟုတ်လျှင်လည်း အသစ်ပြန်ဖတ်သည်။

ယခုတော့ ကျွန်တော့်အိပ်ရာဘေးတွင် အသံဖမ်းစက်ရှိနေသည်။ ဓာတ်ခဲနှင့် ဆိုတော့ မီးခလုတ်ဖွင့်ရန် မလိုတော့။ ၂၁ ရာစုကို ဘယ်လိုကြိုကြမလဲ၊ ကမ္ဘာအရပ်ရပ်က အင်္ဂလိပ်ဘာသာဖြင့်လွှင့်သော အသံလွှင့်ချက်ကို ကြားရ၍ ကျွန်တော် တွေးစရာများ ဖြစ်ပေါ်လာရသည်။ မတတ်နိုင်၊ ကွန်ပျူတာတွေတော့ ဒုက္ခရောက်နေကြသည်။ ဘယ်လိုဖြေရှင်းကြမည်လဲမသိ။

ကျွန်တော်ကတော့ မျက်စိမကောင်း၍ ကွန်ပျူတာကို စမ်းပင်စမ်းဖူးသည်။ အကွက်ငယ်လေးများကို ဟိုရွှေ့သည်ရွှေ့လုပ်ရင်း ရွှေအိမ်နှင်းကို မေးရသည်။ သူတို့ကလည်း ရယ်သည့်အခါရယ်၊ ကျွန်တော်ကလည်း ရယ်သည့်အခါရယ်၊ ဒါက ကိစ္စမရှိ၊ ကျွန်တော်တို့နေထိုင်သော ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းရော ၂၁ ရာစုကို ဘယ်လိုကြိုကြမလဲ။ ကျွန်တော်လည်း ဘယ်လိုကြိုမလဲ၊ လူ့အဖွဲ့အစည်းကိုထား၊ ကျွန်တော်လည်း ကျွန်တော့်အသိုင်းအဝိုင်းနှင့် ကျွန်တော်၊ သူ့ပတ်ဝန်းကျင်နှင့်သူ၊ သူ့ဘာသာ

mgyoe.com

mgyoe.com

ရပ်နှင့်သူ မဟုတ်ပါလား။

ကျွန်တော်က ဟိုစပ်စပ် သည်နည်းနည်း လုပ်တတ်သူမို့ ဘာသာရပ်က ထွေပြားနေသည်။ ပန်းချီဆေးရောင်၊ စန္ဒရားခလုတ် ကဗျာ၊ ဝတ္ထု၊ ရသအဖွဲ့အနွဲ့၊ နိုင်ငံတကာ ရေးရာတို့ ရှုပ်ထွေးနေ၍ မနည်းပင် ထင်ထင်ရှားရှား ဖန်သားဖြစ်အောင် လုပ်နေရသည်။

တလောလေးကပင် ပွဲတော်တစ်ခုကြောင့် ကာရာအိုကေတစ်ခု အိမ်ရှေ့တည့်တည့်ရောက်နေသည်။ သူတို့က နားညည်းနေသည်၊ တံခါးပိတ်ထားသည်၊ ကျွန်တော်က နားထောင်နေသည်။ ခေတ်ပြိုင်ခံစားမှုလေးပါ၍ တော်ပေသေးသည်။ ကော်ပီသီချင်းဆိုသူများထဲတွင် ဇော်ဝင်းထွဋ်နှင့် မျိုးကြီး၏ဟန်ကို ယူထားကြသည်။ အသံမှာ ကွဲအက်အက်နှင့်ညှစ်သံ၊ ဒါကတော့ သူ့ခေတ်နှင့်သူ။

အနောက်နိုင်ငံမှ ပြန်လည်လာသောအသံ၊ ခေတ်မီခြင်းနှင့် အနောက်ဆန်မှု ရောထွေးနပန်းလုံးနေကြခြင်း။

ကျွန်တော် မျက်စိမှုန်သော်လည်း ကျွန်တော့်ကို ပန်းချီပြပွဲသို့ ခေါ်ကြသည်။ ကျွန်တော် ပန်းချီရေးမှန်းသိ၍ ကိုခင်မောင်ရင်၏ပြခန်းသို့ပင် ရောက်သွားသည်။ ကိုခင်မောင်ရင်လည်းပါသည်။

ကိုခင်မောင်ရင်မှာ ကျွန်တော်တို့နှင့် မိသားစုလိုဖြစ်နေ၍ ကျွန်တော့်ကို ဦးလေးဟုခေါ်သည်။ သူက အိမ်ရောက်လျှင် စန္ဒရားခုံတွင်ထိုင်ကာ ပန်းချီဆေးစပ်သကဲ့သို့ စန္ဒရားခလုတ်များကို စပ်ဟပ်သည်။ စည်းဝါးတော့ မကျ၊ ကီစွမရှိ။ သူ့ဝါသနာနှင့်သူ။ သူ့ကားကို ကျွန်တော်က မေးရသည်။

ကိုခင်မောင်ရင် ပြောင်းသွားပြီပဲ။ ကျွန်တော် တွေ့စက ကိုခင်မောင်ရင်က တကယ့်အမြင်အတိုင်းရေးသော အမြင်သစ္စာဝါဒီ၊ ယခု ဆေးရောင်ထူထူရောင်စုံနှင့် ကစားနေပြီကော။ မတတ်နိုင်၊ ဆေးထူသလား၊ ပါးသလား၊ အကုန် ကျွန်တော် မေးသည်။ ကျွန်တော် စိတ်ကူးထဲမှ သူ၏ပန်းချီကားပုံ ပေါ်နေသည်။

ကျွန်တော်၏ရုပ်ပုံလွှာကို သူ ၁၉၇၀ က ရေးဖူးသည်။ သည်တုန်းက သူ့အမြင် သစ္စာဝါဒအတိုင်း။ ဘာမျှ အကွန့်မလုပ်။ တကယ့် သရုပ်ဖော်။

ဇာတ်ပွဲကိုတော့ မကြည့်နိုင်တာကြာပါပြီ။ သို့သော် ရုပ်မြင်သံကြားမှနေ၍ အမာစိန်အသံကို နားထောင်ရသည်။ မြို့မငြိမ်းသီချင်းနှင့် ကနေဟန်၊ စိတ်ကူးရသည်။ အသံကနုပျိုဆဲ၊ မြေးဒေဝီကိုမေးကြည့်တော့ အကက နုပျိုဆဲပါပဲ။ အနုပညာဆိုသည်
mgyoe.com

mgyoe.com

က အမြဲတမ်း နပျိုနေရသည် မဟုတ်ပါလား။

ကဗျာကိုတော့ ဖတ်ခိုင်းရသည်။ မျက်စိနှင့်မဖတ်နိုင်၍ စာတစ်ကြောင်းကို တစ်ကြောင်းဟု ဖတ်သူကို အော်ခိုင်းရသည်။ ဒါကြောင့် ရသပျက်ရသည်။ မတတ်နိုင်၊ ပုဒ်ဖြတ်အလုပ် တာဝန်ကိုတော့ ကာရန်က ဆောင်ရွက်သည်။ ကာရန်မပါတော့ ကျွန်တော်လည်း ဖတ်သူအား တစ်ကြောင်းဟု အော်ခိုင်းရတော့သည်။ စာဖတ်ပေးသူက ကဗျာကို ကောင်းကောင်းမဖတ်ချင်၊ နားမလည်ဟု ပြုံးကာပြောသည်။ ဝတ္ထုလည်း ထို့အတူပင်။ သည်တော့ ရွေး၍ဖတ်ခိုင်းရသည်။ မတတ်နိုင်။

သူ့ခေတ်နှင့်သူ၊ ကျွန်တော်ကတော့ ခေတ်ပေါ်သမိုင်းမှတ်စုကို တွေးတောနေမိသည်။ မှတ်စုဆိုတော့ ကျွန်တော့်အမြင်သက်သက်လား။ သဘောတူသူ ရှိမည်၊ မတူသူလည်းရှိမည်၊ ကိစ္စမရှိ။ တူသူလက်ခံ၊ မတူလျှင်ပယ်၊ အခွင့်အရေးတန်းတူဖြင့် လွတ်လပ်ခြင်းဝါဒ၊ တွေးစရာတွေက အများကြီး၊ ရေးစရာတွေက အများကြီး။

၂၁ ရာစုကို ဘယ်လိုသွားကြမည်လဲ။

× × ×

## (၂)

### ခေတ်ပေါ်ကဗျာ ဘယ်လဲ

၂၁ ရာစု ရောက်မည်ဆိုတော့ ၂၀ ရာစုက ကျွန်တော်တို့အတိတ်ကို ဖြတ်သန်းခဲ့ပြီးပြီ။ ကျွန်တော်တို့ဆိုရာတွင် ကျွန်တော်တို့က စတင်မည်။

ကျွန်တော်ကတော့ ကျွန်တော့်အတိုင်းအထွာနှင့် ကျွန်တော် ပထမမျိုးဆက်၊ ဒုတိယမျိုးဆက်၊ တတိယမျိုးဆက်ဟူ၍ ကျွန်တော်၏ ခေတ်ပေါ်သမိုင်းမှတ်စုတွင် တေးထားလိုက်ပြီးပြီ။ ယခု အသက် ၈၀ ပြည့်ပြီးသောအခါ ကျွန်တော်သည် အကြမ်းအားဖြင့် ကျွန်တော် ဖြတ်သန်းခဲ့ပြီးသော အခါအပိုင်း ခြားလိုက်သည်။ ပထမ မျိုးဆက်ခေတ် ကျွန်တော့်အသက် ၂၀ အရွယ်အထိ အင်္ဂလိပ်ကိုလိုနီခေတ် ဆိုပါတော့။ အသက် ၂၀ ကျော်က ၄၀ ကျော် အထိကတော့ ဒုတိယမျိုးဆက်ခေတ်။ တတိယမျိုးဆက်ခေတ်ကတော့ သည်ဘက်ခေတ်။

စုံလင်ထွေပြား မြားမြောင်ရှုပ်ထွေးသည်။ ခေတ်တိုင်းကတော့ စုံလင်ထွေပြား မြားမြောင်ရှုပ်ထွေး အနည်းနှင့်အများ ဆိုသလို ရှိသည်။ ဤအရှုပ်အထွေးကို ရှင်းအောင် ကြိုးစား၍ ကြည့်မြင်ကြရသည်။ မတတ်နိုင်။ သမိုင်း အခြင်းအရာများအရ

mgyoe.com

mgyoe.com


တိုင်းပြည်တို့သည် အထွေထွေ အပြားပြား ရှိကြကုန်သည်ကား အမှန်ပင်။ သမိုင်းဆိုသည်က ခေတ်များအားလုံးကို ပိုင်ဆိုင်သည် မဟုတ်ပေ။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းကဲ့သို့ အသက် ၉၀ နီးပါး အသက်ရှည်သော သမိုင်းခေတ်ကို ပါဝင်ဖြတ်သန်းသော သူများသာလျှင် မျိုးဆက်တို့၏ ခံစားမှုအထွေထွေကို ဖြည့်စွမ်းနိုင်သည်။ ယင်းသည့်တိုင်အောင် သည်ဘက်ခေတ်ကို ဆရာကြီး သခင်ကိုယ်တော်မှိုင်း အစလောက်သာ မီလိုက်သည်။ ဆရာကြီးက ၁၉၆၄ တွင် ကွယ်လွန်ခဲ့သည်။ ကားလ်မတ်က်စ်သည် ၁၈၄၈ တွင် နာမည်ကျော် ကွန်မြူနစ်ကြေညာစာတမ်းကြီးကို ရေးသားခဲ့သည်။ အရင်းရှင်စနစ်ကို ဝေဖန်၍ အရင်းရှင်စနစ်ထက် ကောင်းမွန်သော ဆိုရှယ်လစ်လူ့ဘောင်တွင် ကွန်မြူနစ်လူ့ဘောင်ကို စိတ်ကူးဖြင့် ဖော်ပြခဲ့သည်။ အရင်းကျမ်းကို ရေးစဉ်က အရင်းရှင်စနစ်သည် ဖွံ့ဖြိုးစ အရင်းရှင်စနစ်ဖြစ်သည်။

ကားလ်မတ်က်စ်လွန် ခေတ်တွင်ကား အရင်းရှင်စနစ်၏ပုံပန်းသည် ပြောင်းလဲသွားခဲ့ပေပြီ။ ယင်းပြောင်းလဲနေသော အရင်းရှင်စနစ်အလိုက် သဘောတရားကို မွမ်းမံပြင်ဆင်ကြရပေလိမ့်မည်။ သူ့ခေတ်က အတွေးအခေါ်သည် ဂန္ထဝင်ခေတ် အတွေးအခေါ် ဝါဒသာလျှင် ဖြစ်ပေသည်။ သိပ္ပံပညာ တိုးတက်သည့်အလျောက် ကုန်ထုတ်လုပ်မှုဘက်တွင်လည်း ရှေးကနှင့် မတူတော့ပြီ။ ထို့ကြောင့် အရင်းရှင်စနစ်သည် ပုံပန်းပြောင်းလဲသွားရခြင်းဖြစ်သည်။

မည်သို့ပြောင်းလဲ၍ မည်သို့ပြုပြင်ရမည် ဆိုသည်ကိုကား သူ့ခေတ်မျိုးဆက်တို့ကသာလျှင် ဆုံးဖြတ်ကြရပေမည်။ ယင်းသည် သဘာဝတရားဖြစ်သည်။ ယင်းသဘာဝအတိုင်း ပြုမူဆောင်ရွက်ခြင်းသည် ခေတ်မီသဘောဖြစ်သည်။ သို့မဟုတ် ခေတ်ပေါ်ဝါဒသဘော ဖြစ်သည်။ ကျွန်တော်တို့မျိုးဆက်ခေတ်က စာပေနှင့် အင်္ဂလိပ်ကိုလိုနီခေတ်ကစာပေသည် တူချင်မှတူပေလိမ့်မည် ဆိုသည့်အတိုင်း လုံးလုံးလျားလျား မတူသည်တော့မဟုတ်၊ အစဉ်အလာဖြင့်သာလျှင် ဆက်ခံပြောင်းလဲကြရသည်။ ယင်းအတွေးအခေါ်သဘောကို ကျွန်တော်က အဆင့်ဆင့် တော်လှန်ပြောင်းလဲရေးဟု ခေါ်ဝေါ်ခဲ့သည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည်လည်း ဂန္ထဝင်စာပေ အစဉ်အလာမှ ဆင်းသက်လာသည်။ သို့သော် လမ်းသစ်ထွင်လိုက်သည်။

ရှေး လေးချိုးစပ်ကို သူက အသစ်၊ အသံသစ်များ၊ အတွေးအခေါ်သစ်များဖြင့် ဖွဲ့နွဲ့လိုက်သည်ကိုး။ သူက ဂန္ထဝင်ခေတ်ကကဲ့သို့ ကဗျာကို အချစ်ကဗျာမသုံးဘဲ

mgyoe.com

သူ၏ ခေတ်ပြိုင်ခံစားမှု အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုကို ရေးဖွဲ့လိုက်သည်။

'ထမ်းပိုးတည့်တည့်ထမ်းခဲ့ကြတဲ့ စိုးနဲ့သန်းတို့ကိုလည်း တစ်မျိုးကွယ်လွမ်းသူ ဆရာဖအေက မာပါစေ၊ သာပါစေ၊ လာပါစေ ဆုမွန်တောင်းလိုက်ကဲ့' စသည့်အားဖြင့် အမျိုးသားညီညွတ်ရေး ငြိမ်းချမ်းရေးအတွေးအခေါ် ခေတ်ပြိုင်ခံစားမှုဖြင့် ၁၉၅၀ ခေတ်များက ဖွဲ့နွဲ့လိုက်သည်။

အသံကလည်း အနိမ့်အမြင့်၊ လှိုင်းသဘောပါသည်။ ယင်းအနိမ့်အမြင့် လှိုင်းသဘောကို ကျွန်တော်သည် ၁၉၄၇ လောက်က ကာရန်လှိုင်းဟု အင်္ဂလိပ်စကားလုံး ရစ်သမ်ကို ဘာသာပြန်ခဲ့ဖူးသည်။ အသံစီးဆင်းမှုဟူ၍လည်း ပြန်ဖူးသည်။ ကျွန်တော် တစ်ခါမျှ အင်္ဂလိပ်စကားလုံး ရစ်သမ်ဟု မသုံးခဲ့ဖူးဘူး။ သုံးလည်း မသုံးချင်။ နိုင်ငံခြားစကားလုံး မကြိုက်၍တော့မဟုတ်၊ အခြား နိုင်ငံခြားဘာသာဖြစ်သော ပါဠိကိုတော့ တွဲဖက်သုံးမိခဲ့ပြန်သည်။

တစ်မျိုးပေါ့လေ။ သူ့အကြိုက် ကိုယ့်အကြိုက်၊ အလှဟန်တဲ့။ ကျွန်တော် ဆယ်ကျော်သက်ကတော့ လေးလုံးစပ် သက်စေ့နက် သုံးချက်ညီဖြင့် ရေးဖွဲ့ခဲ့သည်။ သို့သော် စစ်ပြီးသောအခါ ကျွန်တော် နည်းနည်းပြောင်းစပြုလာသည်။ သမိုင်း အတွေ့ အကြုံက သင်ပေးလိုက်ခြင်းဖြစ်မည်။ သိမ်းထားခဲ့သော ဂဏ္ဍဝင်စာလုံး၊ ကာရန်များဖြင့် မလုံလောက်တော့။ အချို့က ကျွန်တော့်ကို မြန်မာကဗျာ ဖျက်ဆီးသူဟု ပြောသည်ကို ၁၉၅၀ ပတ်ဝန်းကျင်တွင် ခံခဲ့ရဖူးသည်။ မတတ်နိုင်။

ယခုလည်း လေးလုံးစပ် ပရိဝုဏ်ထဲက သိပ်မထွက်၊ ဝေးဝေး ထွက်မသွား။ ကျွန်တော့်အတွက်ကတော့ လေးလုံးစပ် တိုးချဲ့ပုံသဏ္ဍာန်ထဲကပင် လွတ်လပ်မှုရှိနေသည်။ နည်းနည်းချုပ်သည်ထင်လျှင် အပြင်ထွက်ရုံမျှသာ။ သုံးချက်ညီကတော့ ချုပ်ချင် ချုပ်လိမ့်မည်။ အင်မတန် စကားလုံးနိုင်နင်းသူအဖို့ကတော့ ချုပ်ရာမရောက်၊ စကားလုံးကို မိမိကနိုင်လျှင် မည်သူမျှ ချုပ်၍မရ။ ကာရန်က ကိုယ့်လက်အောက်ခံ။

ကိုယ့်အတွက် လွတ်လပ်မည်ဆိုသော်လည်း အခြားသူများအတွက် အချုပ် အချယ် ဖြစ်နိုင်သည်။ ထို့ကြောင့် ကျွန်တော့်အတွက်ဟူ၍ ဝိသေသဖြင့် အထူးပြု ပြောရခြင်းဖြစ်သည်။ ယခုအခါ စကားပြေကဗျာများ အလျှံပယ်ထွက်ပေါ်နေသည်။ တစ်မျိုးလည်းကောင်းသည်ဟု ဆိုရမည်လား။ မိမိ၏စိတ်ကူးကိုတော့ လွတ်လွတ် လပ်လပ် ဖွဲ့နွဲ့နိုင်သည်။ စကားပြေဆိုသည်က မွေးကတည်းက သုံးနှုန်းလာခဲ့သော စကား။

mgyoe.com

mgyoe.com


စကားပြေကဗျာ စာအုပ်တစ်အုပ်၏နိဒါန်းတွင် ရေးသူတစ်ယောက်က ဒဂုန်တာရာထက် ဝင့်စားသည်ဟူ၍ မှတ်သားသည်ကိုဖတ်ရ၍ ပြုံးမိရသေးသည်။ စကားပြေ ဆိုသည်က မြန်မာလူမျိုးစပေါ်ကတည်းက သုံးလာခဲ့သော ပြောစကား၊ သည့်ထက် ရှေးဟောင်းကျတာ မရှိ။ သို့သော်။

ယခုတလော မော်ဒန်သမားများသည် အသံတူကာရန်ကို သုံးနေသည်ကို တွေ့ရပြန်သည်။ ဘာပဲဖြစ်ဖြစ် ၂၁ ရာစုကို ခေတ်ပေါ်မြန်မာကဗျာသည် စကားပြေကဗျာဖြင့် ကြိုမည်လော၊ ကာရန်ကဗျာဖြင့် ကြိုမည်လော။

× × ×

(၃)

## ဈေးကွက်စီးပွားရေးနှင့် ကဗျာ

သမိုင်းဆိုသည်က တစ်ထပ်တည်း တစ်ပုံစံတည်းမတူ။ တစ်ပြည်နှင့်တစ်ပြည် ဖွံ့ဖြိုးတိုးတက်မှုကလည်း မတူ။ ထို့ကြောင့် ဆိုရှယ်လစ်ဝါဒကို မိမိတို့၏ဂုဏ်၊ မိမိတို့၏ သမိုင်းအစဉ်အလာဖြင့်သာလျှင် နားလည်အပ်သည်ကား အမှန်ပင်။

ဈေးကွက်ဆိုသည်ကတော့ မည်သည့်စနစ်ပင်ဖြစ်စေ ရှိရစမြဲ။ စက်မှုတော်လှန်ရေးကြီး ၁၈ ရာစုကတည်းက ပေါ်လာခဲ့သည်။ လူသုံးကုန်ပစ္စည်းများကို တိုးတက်လာသော စက်မှုနည်းပညာဖြင့် ထုတ်လုပ်ကြသည်။ ယင်းအထဲတွင် စာပေလည်း မပါဝင် မဟုတ်၊ မြန်မာဘုရင်လက်ထက်က ပေရွက်၊ ပုရပိုက်တို့ဖြင့် စာပေကို မှတ်သားဖြန့်ဝေခဲ့ကြစဉ် ကဗျာကို ရွတ်ဆိုခြင်းဖြင့်လည်း ဖြန့်ဝေခဲ့ကြသည်။ ဟော ... ၁၉ ရာစု နှစ်ဝက်ရောက်သောအခါ မြန်မာပြည်တွင် အထူးသဖြင့် စာပုံနှိပ်စက်များ ပေါ်လာသဖြင့် စာပေကိုရောင်းချကာ ဖြန့်ဝေခဲ့ကြသည်။

ဈေးကွက်စီးပွားရေးစနစ်ထဲသို့ ဝင်ရောက်လာသည် ဆိုပါတော့။ နန်းတော်နှင့် ကျောင်းသင်္ခမ်းတွင်သာ ကတ္တီပါစဖြင့် တင်ထားသော ဂန္ထဝင်စာပေတို့ခေတ် မဟုတ်တော့ပေ။ ထိုအခါ စက္ကူပေါ်တွင်ပုံနှိပ်၍ ရသစာပေတို့ကို ဖြန့်ဝေနေကြပြီ။ စာအုပ်ဆိုင်များ ပေါ်လာသည်။ စာပေဈေးကွက် (ဝါ) စာအုပ်ဈေးကွက် ပေါ်လာသည်။ ကျွန်တော်တို့ ကျောင်းသားဘဝကတော့ စာအုပ်ဆိုင်တွင်သာလျှင် ဝယ်ကြရသည်။

ယနေ့ခေတ်တွင်တော့ အငှားဆိုင်ဟူသော စာပေဈေးကွက်တစ်ခု သစ်ထွန်းလာပြီ။ စာအုပ်ကလည်း များများထွက်သည်။ မဂ္ဂဇင်းကလည်း များများထွက်နေ

mgyoe.com

သည်။ သည်တော့ ငှားဖတ်နေရသည်။ ပြန့်ပွားခြင်းပုံသဏ္ဌာန် သဘောတစ်မျိုးဖြစ်သည်။ အကောင်းသားပဲ၊ အငှားဆိုင်များကလည်း မှိုလိုပေါက်။ စာဖတ်ပရိသတ်တို့တိုးလာမည်။ ကောင်းပ။ လူအများကြိုက်သော ဝတ္ထုများ၊ အငှားဆိုင်တွင် ငှားသူများအလုအယက်။ လွန်ခဲ့သော လေးနှစ်ခန့်ကလား မသိ။ အငှားဆိုင်တွင် ကျွန်တော်၏မာယာကဗျာစာအုပ် တွေ့ရ၍ အံ့ဩသွားရသည်။ ကျွန်တော်၏ ကဗျာစာအုပ်ကိုအငှားဆိုင်တွင် တင်မည်ဟု မမျှော်လင့်ခဲ့။

ထူးထူးခြားခြား အငှားဆိုင်ရှင်သည် ကဗျာမွေ့သူဖြစ်၍ တင်ခြင်းဖြစ်နိုင်သည်။ ထားတော့။ ယခုအခါ မော်ဒန် သို့မဟုတ် ပို့စ်မော်ဒန် စသည်ဖြင့် အင်္ဂလိပ်စကားလုံးဖြင့် ခေါ်ဝေါ်ထားသောကဗျာများသည် မဂ္ဂဇင်းတိုင်းတွင် ပါရှိနေသည်။ သူတို့ကိုမည်သည်တို့က အတည်ပြုမည်နည်း။ မည်သူတို့က အဆုံးအဖြတ်ပေးမည်နည်း။ ကျွန်တော်ကတော့ ဈေးကွက်စီးပွားရေးခေတ်တွင် သို့မဟုတ် ဈေးကွက်စာပေတွင်အငှားဆိုင်တို့က ဆုံးဖြတ်မည်လော၊ စာအုပ်ကို ဝယ်ဖတ်ကြသည်၊ ငှားဖတ်ကြသည်။ ဝယ်ဖတ်သည်ဆိုလျှင် ယင်းကဗျာစာအုပ်သည် ဝယ်သူရှိလျှင် သို့မဟုတ် ငှားသူရှိလျှင်ဖြစ်ထွန်းပေလိမ့်မည်။ မရှိလျှင် တိမ်ကောသွားပေလိမ့်မည်။

သူ့ခေတ်ကပင် သူ့ကိုဆုံးဖြတ်ပေးလိမ့်မည်။ ယင်းသည် သဘာဝတရား၊ စာအုပ်ဈေးကွက်စီးပွားရေးခေတ်တွင် စာပေသည် ရောင်းကုန်ပစ္စည်းသဘောမျိုး။ စားသုံးသူတို့ရှိလျှင် အရောင်းရ တွင်ကျယ်ပေလိမ့်မည်။ မရောင်းရလျှင် ထုတ်ဝေသူတို့က နောက်ထပ် ထုတ်ဝေချင်မှ ထုတ်ဝေလိမ့်မည်။ ကိုယ်တိုင် မိမိကဗျာစာအုပ်ကိုထုတ်လျှင်တော့ တစ်မျိုး။ အရှုံးခံထုတ်ချင်ထုတ်မည်။ အပြောရတော့ အခက်သား။

မဂ္ဂဇင်းဆိုသည်ကတော့ မိမိစာတွင်မက အခြားသူများ၏ စာများပါ ပရိသတ်မည်သည်ကိုနှစ်သက်၍ဝယ်သည်၊ မည်သည်ကိုစွဲ၍ဝယ်သည်ဟု အပြောရအခက်သား။

လုံးချင်းထုတ်ဝေလျှင် မိမိပရိသတ်ကို အထင်အရှားတွေ့နိုင်သည်။ စောင်ရေနည်းနေ၍လည်း မရှင်သန်နိုင်ဟူ၍ ပြောရန်မဖြစ်သေး။ တစ်ခေတ်တွင် လူကြိုက်နည်းသော်လည်း တစ်ခေတ်တွင် လူကြိုက်ရှိလာနိုင်သည်။ ပြောရတော့ခက်သား။ မျိုးဆက်တစ်ဆက်နှင့်တစ်ဆက် ကဗျာခံစားမှုချင်း တူချင်မှတူမည်။ ခံစားမှုပြောင်းသလောဟုတစ်ခါတစ်ခါ တွေးလိုက်တတ်သည်။ အဖြေတော့ မရသေး။ အကြိုက်ဆိုသည်ကတစ်ခေတ် တစ်မျိုးပေလော။ ၁၉၅၃ ခုလောက်က ဂိုရာနံပါတ် ၉ ရေမွှေးများ ခေတ်စားနေစဉ် ကျွန်တော် မော်စကိုမှ အောက်တိုဘာနီ ရေမွှေးတစ်ပုလင်း ဝယ်လာသည်။

mgyoe.com

ကျွန်တော် သူ့ရန့်ကိုကြိုက်သည်။

ထွက်နေသော အနောက်နိုင်ငံ ပြင်သစ်ရေမွှေးနံ့နှင့်မတူ၊ နည်းနည်းတော့ စူးသည်။ ခက်သည်က ယခု အောက်တိုဘာနီ ဘယ်ရောက်နေမှန်း မသိတော့၊ အောက်တိုဘာနီ ရေမွှေးစက်ပင်ရှိနေသေးသလော မသိ။ ၁၉၇၀ ဆန်းစက ကျွန်တော့် မိတ်ဆွေ ရုရှားသူလီယာနာက ကျွန်တော် ရေမွှေးကြိုက်သည်ဆို၍ ရေမွှေးတစ်ပုလင်း လက်ဆောင်ပေးဖူးသည်။ ရေခဲကျောက်တောင်များကြားမှ ပန်းပွင့်ရနံ့ဟု ပြောသည်။ ကျွန်တော် ကြိုက်သွားသည်။ ယင်းရေမွှေးမှရသော ပန်းရနံ့ကိုအခြေခံ၍ နှင်းခဲပန်းဟု ကဗျာတစ်ပုဒ်ကိုပင် ရေးဖွဲ့ခဲ့ဖူးသည်။

ပန်းရနံ့မှန်းတော့ သိသည်။ သို့သော် ဘာပန်းမှန်း မသိ။ စိမ်းသစ်ရသ။

ယင်းသို့တွေးမိရင်း လွန်ခဲ့သော ၁၀ နှစ်လောက်က ဖြစ်မည်။ မျိုးဆက် ဘာသာစကားဟူသော ဝေါဟာရစကားလုံးဖြင့် ရေးခဲ့ဖူးသည်ကို အမှတ်ရနေမိသေး တော့သည်။

× × ×

(၄)

**ရသခံစားမှု ပြောင်းလဲသလော**

ကျွန်တော် ယင်းသို့ တွေးမိလာသည်မှာ ၁၀ နှစ် သက်တမ်းခန့် ရှိနိုင်သည်။ ကျွန်တော့်ထက်ငယ်သော လူငယ်များနှင့် ထိတွေ့ရတတ်သည်။ အသက်အရွယ်က အမျိုးမျိုး။ အချို့က ဒုတိယမျိုးဆက်ခေတ်လူငယ်၊ တတိယမျိုးဆက်ခေတ်လူငယ်၊ သူတို့နှင့်ပြောရာမှ ကျွန်တော်က ယင်းသို့တွေးမိခြင်းဖြစ်သည်။ ကျွန်တော်က ကိုလိုနီ ခေတ်တွင် ပညာသင်ခဲ့ရသူဖြစ်သည်။ ကျွန်တော်တို့နှင့်ရွယ်တူ အသက် အနည်းငယ် ကြီးသူတို့ကတော့ ရသခံစားမှုမျိုး သိပ်မကွာလှ။ ဖတ်သည့်စာအုပ်က တူတတ်သည်။ အကြိုက်ကလည်း တူတတ်သည်။ ကျောင်းသင်ခန်းစာများက တူတတ်သောကြောင့် ဖြစ်နိုင်သည်။

ကျွန်တော်တို့က ကိုလိုနီခေတ် ပညာရေးစနစ်တွင် ကြီးပြင်းလာခဲ့ရသူဖြစ်၍ အင်္ဂလိပ်ဘက်တွင် အင်္ဂလိပ်စာပေနှင့် အနုပညာခံစားမှု နီးစပ်သည်။ ကျွန်တော်နှင့် အဘွားနှင့်ပင် အစားအသောက် ရသခံစားမှုချင်း မတူ။ အဘွားက ကြက်ဥ၊ နို့ စသည်တို့ကို ဘယ်တော့မှ မသောက်၊ ကော်ဖီမသောက်၊ အိုဗာတင်းမသောက်။ နေ

mgyoe.com

mgyoe.com

မကောင်းသောအခါမှ မနည်းပြော၍ ဘီစကစ်နှင့် အိုဗာတင်းကို အတင်းတိုက်ခဲ့သည်ကို မှတ်မိနေသေးသည်။ ယင်းကို ကျွန်တော် တွေးတောရင်း ကျွန်တော်နှင့် ထိတွေ့ရသော လူငယ်များ၏ ရသခံစားမှုသည် ကျွန်တော်တို့နှင့်မတူသည်ကို သိလာရ၍ အကြောင်းရင်းကို ရှာမိသည်။ ယဉ်ကျေးမှုနောက်ခံကား ဆိုပါတော့။ ယင်းသို့ အကြမ်းဖျင်း နားလည်ရသည်။ ကျွန်တော်တို့ ငယ်စဉ်ကဖတ်ခဲ့ရသော ဝတ္ထုများ၊ ကဗျာများ ယခုပြန်ဖတ်သောအခါ မည်သို့ နေသလဲ၊ မည်သို့ ခံစားရသလဲ၊ ကြိုက်သေးလား၊ ကြိုက်နေတုန်းလား။ ယင်းသို့တွေးတောမိရင်း ရသခံစားမှု၊ အနုပညာခံစားမှု အပြောင်းအလဲ သဘောကို တွေးမိလာခြင်းဖြစ်သည်။ ကျွန်တော်တို့ ထိုအခါက ပီမိုးနင်း၊ ရွှေဥဒေါင်း၊ မြမျိုးလွင်၊ တက်ဘုန်းကြီးသိန်းဖေ၊ ဒဂုန်ခင်ခင်လေး၊ မဟာဆွေ၊ တက်ထွန်း၊ သခင်ဘသောင်း၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး စသည်ဖြင့် သူတို့၏ဝတ္ထုများကို နှစ်သက်ခဲ့သည်။

ကျွန်တော် ဝတ္ထုစရေးစ 'ပီတောက်ဝေဝေ' ဝတ္ထုတွင် ထိုအခါက ထွက်ပေါ်လျက်ရှိသော ဝတ္ထုတို့၏ စကားပြေဟန်ဖြင့်ပင် ရေးသည်ဟု သုံးသပ်မိသည်။ သို့သော် ၁၉၄၀ က ထုတ်ဝေခဲ့သော 'မေ' ဝတ္ထုမှစ၍ ကျွန်တော်၏ စကားပြေဟန်၊ ထိုခေတ်က ဝတ္ထုရေးဟန်နှင့် ကွဲပြားသွားသည်ဟု နောင်အခါ သုံးသပ်မိသည်။

ဝါကျအဖွဲ့နှင့် စကားလုံး အသုံးအနှုန်းတို့သည်ပင် ကျွန်တော်တို့ ယခင်က ရေးနေကျ ဝတ္ထု၊ စကားပြေနှင့် မတူတော့ပေ။ ဘီဘာလေနစ်ကိုး၏ အဖွဲ့အနွဲ့ကို ကျွန်တော် နှစ်သက်ခဲ့သည်။ ထိုအခါက အင်္ဂလိပ်ဘာသာဖြင့်ရေးသော ဝတ္ထုများစွာလည်း ဖတ်ဖြစ်ခဲ့သည်ကို သတိရသည်၊ ဖတ်ဖူးသည်။ ယင်းသို့ ဝတ္ထု ကဗျာများ ဖတ်သော်လည်း ကျွန်တော့်ပတ်ဝန်းကျင်ကား မြန်မာပတ်ဝန်းကျင်။ ကျွန်တော် နေထိုင်သည်ကား မျက်မှောက် လူ့အဖွဲ့အစည်း။ ကျွန်တော် ခံစားမှု မပြောင်း။ ကျွန်တော် ရေးဖွဲ့သောအခါ မြန်မာပတ်ဝန်းကျင်ကိုပဲ ရေးဖွဲ့ခဲ့သည်။ ကျွန်တော်၏ ရသခံစားမှု မပြောင်း။ သို့သော် ကျွန်တော် ဖြတ်သန်းခဲ့ရသော ဒုတိယမျိုးဆက်တို့ကား သူတို့၏ ခံစားမှုနှင့် သူတို့ အခြေခံဖြစ်မည်။

သို့သော် ခံစားမှုချင်း တူချင်မှ တူမည်။ ကိစ္စမရှိ။ ကျွန်တော်က အရှင်မဟာရဋ္ဌသာရနှင့် နတ်ရှင်နောင်ရတုကို ကြိုက်ဆဲ။ အောင်မြေသာဇံ ပတ်ပျိုး၊ ဂျပ်ဆင်ထိပ်က လရိပ်ပြာရယ် ဟူသော ခေတ်ပေါ်တေးသီချင်းကိုလည်း ကြိုက်၍ရသည်။ ယနေ့ ဆယ်ကျော်သက်ကလေးက သီချင်းကြီးကို နားထောင်၍မရ။ ခေတ်ပေါ်အဆိုတော်

mgyoe.com

mgyoe.com


မလေးကို ခွဲချင်ခွဲမည်။ ကိစ္စမရှိ။ ကျွန်တော်ကတော့ မပြောင်း။ သူတို့ကတော့ ပြောင်းချင်ပြောင်းမည်။

× × ×

## (၅)

## ဈေးကွက်စီးပွားရေးဆန်ခြင်းနှင့် အနုပညာ

ရှေးဘုရင် မြေရှင်ပဒေသရာဇ်ခေတ်နှင့် အရင်းရှင်ခေတ် မတူ၊ ယခုအခါ အရင်းရှင်စနစ်မျိုးကို ဈေးကွက်စီးပွားရေးစနစ်ဟု ခေါ်နေကြသည်။ ကိစ္စမရှိ၊ မည်သို့ပင် ခေါ်ဝေါ် စာပေနှင့် အနုပညာတို့ ဖွံ့ဖြိုးရှင်သန်ခြင်းသည် ပရိသတ်ဟူသော 'စားသုံးသူ' ဈေးကွက်အပေါ်တွင် တည်ရှိနေသည်ကို တွေ့နိုင်သည်။ ၁၉ ရာစုလောက်မှစ၍ သိပ္ပံ စက်မှုနည်းနာပညာများ တိုးတက်လာသဖြင့် စာပုံနှိပ်စက်များ ထွန်းကားလာသည်။ ရေဒီယို၊ တယ်လီဖေးရှင်း၊ တယ်လီဖုန်း၊ အင်တာနက်၊ အီလက်ထရောနစ်နည်းပညာများ စသည်အားဖြင့် လူထုအချင်းချင်း ဆက်သွယ်မှုစနစ် တိုးတက်လာသည်က အမှန်ပင်။ ရှေးက ပေပုရပိုက် (သို့) ကဗျာလင်္ကာစပ်ဆိုခြင်းဖြင့် ကဗျာဝတ္ထုစသော စိတ်ကူးစာပေတို့ ပြန့်ပွားခဲ့သည်။ ရှေးခေတ်က နန်းရင်ပြင်နှင့် ကျောင်းသင်္ခမ်း၌သာ စာပေတို့ရှင်သန်ခဲ့သည်။ ယနေ့ခေတ်တွင်မူ စာပုံနှိပ်စက်၊ ဗွီဒီယိုကင်မရာ၊ ရုပ်ရှင်ပြစက်၊ ကက်ဆက်တိပ်ခွေ စသည်တို့ကြောင့် ပြဇာတ်၊ ဇာတ်လမ်း၊ တေးဂီတ စသည်တို့သည် ဖွံ့ဖြိုးတိုးတက် ရှင်သန်လာခဲ့သည်။ ထိုအခါ အနုပညာပရိသတ်၊ ဆိုပါတော့ ရုပ်ရှင်ပရိသတ်၊ ဗွီဒီယိုပရိသတ်၊ တေးဂီတပရိသတ် စသည်တို့သည်လည်း ကျယ်ပြန့်လာခဲ့ရသည်။

သို့ဖြစ်ရာ စာပေတိုးတက်ရေးသည် စာအုပ်ဆိုင်ပေါ်တွင်သာ ရှိသည်မဟုတ်၊ အငှားဆိုင်တို့ပေါ်တွင်လည်း တည်ရှိနေပြီး ရုပ်ရှင်ဇာတ်ခုံပေါ်တွင်သာမက ဗွီဒီယိုရုံ စသည်တို့၌လည်း ပရိသတ်ရှိနိုင်သည်။ ကက်ဆက်ခွေများ၊ ရေဒီယို စသည်တို့ကြောင့်လည်း ဂီတပရိသတ် ပြန့်ပွားလာသည်။ သို့ဖြစ်ရာ ပရိသတ်ဟူသော စားသုံးသူတို့က ဈေးကွက်ကြောင့် (ဝါ) ယင်းစာပေနှင့် အနုပညာတို့၏လမ်းကြောင်းသည် တစ်မျိုးဖြစ်နိုင်သလော၊ စာအုပ်ရောင်းကောင်းသဖြင့် (သို့) ပရိသတ်ရှိလာသဖြင့် ယင်း ဝတ္ထုရေးဆရာ၊ ကဗျာဆရာတို့ ပေါ်ထွန်းနိုင်ခွင့်ရှိလာသည်။

စာကောင်းစွာ မတတ်လျှင်လည်း ကောင်းစွာ ခံစားနားထောင်နိုင်သော

mgyoe.com